# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြု**

ဆာလောင်မွတ်သိပ်ခြင်းသည် အလွန်ကဲဆုံးအနာရောဂါမည်၏။ ခန္ဓာငါးပါး သင်္ခါရတရားတို့သည် အလွန်ကဲဆုံး ဆင်းရဲမည်ကုန်၏။ နိဗ္ဗာန်သည် အလွန်ကဲဆုံးချမ်းသာတည်း။ ပညာရှိသည် ဤသို့ဟုတ်တိုင်းမှန်စွာသိ၍ နိဗ္ဗာန် ချမ်းသာကို မျက်မှောက်ပြု၏။

သုခဝဂ်(ဓမ္မပဒ-၂၀၃)


၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်     ၂၀၂၂ ခုနှစ်၊ မတ် ၂၅ ရက်၊ ကြာသပတေးနေ့     အတွဲ (၆၀)၊ အမှတ် (၁၇၆)


# (၇၆) နှစ်မြောက် တပ်မတော်နေ့စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက် စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်

နေပြည်တော် မတ် ၂၄

မတ်လ ၂၇ ရက်နေ့တွင် ကျရောက်သော (၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် စစ်ရေးပြကွင်း၌ ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုများကို ဆောင်ရွက်ကြသည်။

ဝတ်စုံပြည့်စစ်ရေးပြလေ့ကျင့်မှုတွင် စစ်ရေးပြမှူးကြီး ဗိုလ်ချုပ်စိုးမင်းဦး ဦးဆောင်သည့် အနော်ရထာစစ်ကြောင်း၊ ကျန်စစ်သားစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်း၊ အောင်ဇေယျစစ်ကြောင်း၊ ဆင်ဖြူရှင်စစ်ကြောင်း၊ ဗန္ဓုလစစ်ကြောင်းနှင့် အောင်ဆန်းစစ်ကြောင်းတို့ ပါဝင်ကြပြီး စစ်ရေးပြကွင်း အတွင်းသို့ တပ်မတော်စစ်တီးဝိုင်းအဖွဲ့များ၏ တီးခတ်မှုနှင့်အတူ စစ်ချီသီချင်းများသီဆို၍ ညီညာစွာချီတက်ကြပြီး စစ်ရေးပြအခမ်းအနား အစီအစဉ်များအတိုင်း လေ့ကျင့်ဆောင်ရွက်ကြသည်။


*စာမျက်နှာ ၄ ကော်လံ ၁* ◆




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များ (၇၆) နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနား၌ ပါဝင်ချီတက်စစ်ရေးပြကြမည့် စစ်ရေးပြစစ်ကြောင်းကြီးများ နေပြည်တော်စစ်ရေးပြကွင်း၌ ဝတ်စုံပြည့် စစ်ရေးပြလေ့ကျင့်မှုများကို ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

## မီးလောင်မှုဖြစ်ပွားပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ရခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအတွက် လုပ်ခလစာ၏ ၄၀% ကို ထောက်ပံ့ပေးသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**ဝန်ကြီးရုံး**
**အမိန့်ကြော်ငြာစာအမှတ် ( ၁၆၄ / ၂၀၂၂ )**

နေပြည်တော် ၁၃၈၃ ခုနှစ်၊ တပေါင်းလဆန်း ၁၂ ရက်
၂၀၂၂ ခုနှစ်၊ မတ်လ ၂၄ ရက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မြို့နယ်လူမှုဖူလုံရေးရုံးခွဲများဖြစ်သည့် လှိုင်သာယာရုံးခွဲ၊ ရွှေလင်ပန်းစက်မှုဇုန်ရုံးခွဲနှင့် ရွှေပြည်သာရုံးခွဲတို့တွင် အကျုံးဝင်မှတ်ပုံတင်ထားသော စက်ရုံ (၁၈) ရုံသည် ၁၄-၃-၂၀၂၂ ရက်နေ့ (၁၃:၃၀) နာရီတွင်လည်းကောင်း၊ ၁၅-၃-၂၀၂၂ ရက်နေ့ (၁၄:၀၀) နာရီတွင် လည်းကောင်း၊ ၁၉-၃-၂၀၂၂ ရက်နေ့ (၁၅:၀၀) နာရီတွင်လည်းကောင်း၊ ရှို့မီးကြောင့် မီးလောင်မှု ဖြစ်ပွားခဲ့ပြီး မီးလောင်မှုကြောင့် အဆောက်အဦများ ပျက်စီးခြင်း၊ စက်ရုံရှိပစ္စည်းများ မီးလောင်ကျွမ်းခြင်းတို့ ဖြစ်ပေါ်ခဲ့ပါသည်။

၂။ အဆိုပါစက်ရုံများတွင် လူမှုဖူလုံရေးအဖွဲ့နှင့် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမား ကျား (၂,၂၂၉) ဦး၊ မ (၁၃,၄၂၈) ဦး၊ စုစုပေါင်း (၁၅,၆၅၇) ဦးအား ၂၀၁၂ ခုနှစ်၊ လူမှုဖူလုံရေးဥပဒေပုဒ်မ ၃၁ (ခ)(၂) နှင့် နည်းဥပဒေ ၁၃၆ (ခ) တို့နှင့်အညီ ဥပဒေပုဒ်မ ၁၀၀ ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ မီးလောင်မှုဖြစ်ပွားပြီး သဘာဝဘေးအန္တရာယ်ကြုံတွေ့ရခြင်းကြောင့် အလုပ်လက်မဲ့ဖြစ်သွားသော အာမခံအလုပ်သမားများအတွက် နောက်ဆုံးပေးသွင်းခဲ့သော ထည့်ဝင်ကြေး လုပ်ခလစာ၏ ၄၀% ကို လူမှုဖူလုံရေးရန်ပုံငွေမှ ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်အဖြစ် ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည်။

၃။ အပိုဒ် ၂ ပါ ဖော်ပြချက်များနှင့် ကိုက်ညီမှုရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများရှိ အလုပ်ရှင်သို့မဟုတ် အလုပ်ရှင်ကိုယ်စား တာဝန်ရှိသူများသည် လူမှုဖူလုံရေးအဖွဲ့တွင် အကျုံးဝင် မှတ်ပုံတင်ထားသော အာမခံအလုပ်သမားများအတွက် လူမှုဖူလုံရေးထောက်ပံ့ငွေများကို ရရှိနိုင်ရေး သက်ဆိုင်ရာ မြို့နယ်လူမှုဖူလုံရေးရုံးများသို့ ဤအမိန့်ကြော်ငြာစာ ထုတ်ပြန်သည့်နေ့မှ စ၍ လျှောက်ထားရမည်ဖြစ်သည်။

၄။ အထက်ပါ ထုတ်ပြန်ချက်များသည် ဤအမိန့်ကြော်ငြာစာပါ ထုတ်ပြန်သည့်နေ့မှ စတင်အာဏာတည်သည်ဟု သတ်မှတ်လိုက်သည်။

ဦးမြင့်ကြိုင်
ပြည်ထောင်စုဝန်ကြီး

# ဝိုင်းဝန်း၍ ပါဝင်ပါလျှင် လျင်မြန်စွာပြီးမြောက်အောင်မြင်


စက်ရုံများ မီးလောင်ပျက်စီးခဲ့သည့်အတွက် အလုပ်လက်မဲ့ဖြစ်သွားကြရသည့် အလုပ်သမားများ လူမှုဖူလုံရေး ထောက်ပံ့ငွေများ လျှောက်ထားနိုင်ကြောင်း သက်ဆိုင်ရာဝန်ကြီးဌာနက ကြေညာသည်။ လူမှုဖူလုံရေးအဖွဲ့တွင် မှတ်ပုံတင်ထားသည့် အာမခံအလုပ်သမားများ ထောက်ပံ့ငွေလျှောက်ထားကြရမှာဖြစ်သည်။ စက်ရုံပေါင်း ၁၈ ရုံ မီးရှို့ခံခဲ့ရပြီး အလုပ်လက်မဲ့ဖြစ်ခဲ့ရသည့် အလုပ်သမားအများစုမှာ အမျိုးသမီးများ ဖြစ်ကြသည်။ ကိန်းဂဏန်းများအရ အမျိုးသား ၂၂၂၉ ဦး၊ အမျိုးသမီး ၁၃၄၂၈ ဦး စုစုပေါင်း ၁၅၆၅၇ ဦး အလုပ်လက်မဲ့ခဲ့ရပြီဖြစ်ရာ သူတို့၏ နောက်ကွယ်တွင် မှီခိုနေကြသည့် မိသားစုများ မည်မျှဒုက္ခအခက်အခဲတို့နှင့် ရင်ဆိုင်ကြရဦးမည်နည်း။ အနာဂတ်နေ့ရက်များကို မည်သို့ဖြတ်သန်းကြမည်နည်း။

ငြိမ်းချမ်းစွာဆန္ဒပြမှုများ၊ အကြမ်းဖက်ဆူပူမှုများ၊ မင်းမဲ့စရိုက်အုပ်စုဖြင့် အကြမ်းဖက်မှုများ၊ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှုများ စသည့်အဆင့်ဆင့်သော သပိတ်စုံ၍ သူပုန်ထသည့်အထဲတွင် အပြစ်မဲ့သူ မြေစာပင်များစွာတို့ အသက်ဆုံးရှုံးကြရ၊ ဘဝဆုံးရှုံးကြရ၊ ပစ္စည်းဥစ္စာဆုံးရှုံးကြရသည်။ သူလျှို၊ ဒလန်၊ သတင်းပေးဟု စွပ်စွဲကာ ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်မှုကြောင့် အမျိုးသား ၃၃ ဦးနှင့် အမျိုးသမီး ၂ ဦး သေဆုံးခဲ့သည်။ အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် ငါးဦးကျဆုံး၊ ၁၆၃ ဦး ဒဏ်ရာရ၊ တပ်မတော်သား လေးဦး ကျဆုံး၊ မိသားစုဝင် တစ်ဦး သေဆုံးခဲ့ရသည်။ အကြမ်းဖက်တိုက်ခိုက်ဖျက်ဆီးမှုများ၊ ရက်ရက်စက်စက် သတ်ဖြတ်မှုများ၊ လူ့ဂုဏ်သိက္ခာကို ညှိုးနွမ်းသေးသိမ်စေမှုများ၊ အရှက်သိက္ခာချသည့် လုပ်ရပ်များစသည့် ဒီမိုကရေစီကို အိုးမဲသုတ်သည့် လုပ်ရပ်များနှင့်ပတ်သက်၍ သတင်းဖြစ်ရပ်မှန်များကို ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ လက်ရှိအခြေအနေတွင် သတင်းမှန်၊ ဖြစ်ရပ်မှန်ထက် မိမိတို့ မြင်ချင်၊ ကြားချင်သည်တို့ကိုသာ မြင်လို၊ ကြားလိုသူများမှာ အချိန်ကာလကြာမြင့်ပြီးနောက်မှသာ ဘယ်ဟာသည် အဖြူ ဘယ်ဟာသည် အမည်းဟု သဲကွဲလာကြလိမ့်မည်ဖြစ်သည်။

လက်ရှိအခြေအနေတွင်မူ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ တည်တံ့ခိုင်မြဲအောင် တည်ဆောက်နေသည့် အချိန်။ ဒုစရိုက်မှု ကျူးလွန်ခဲ့သူ၊ အကြမ်းဖက်ခဲ့သူ၊ ဥပဒေချိုးဖောက်ခဲ့သူတို့ကို ဖော်ထုတ်ဖမ်းဆီးအရေးယူမှုများ ရှိသလို ပြေးလွှားပုန်းအောင်းနေသူများ၊ ရှောင်တိမ်းနေသူများလည်း ရှိနေသည်။ ဒေသအသီးသီးမှ နေ့စဉ်နှင့်အမျှ ပေါ်ထွက်လာနေသည့် လက်နက်များနှင့် အကြမ်းဖက်ပစ္စည်းများ၊ ယင်းပစ္စည်းများကို ကိုင်ဆောင်ခဲ့သူ၊ ပြုလုပ်ခဲ့သူ၊ သိမ်းဆည်းလက်ဝယ်ထားခဲ့သူများ စသည်တို့က သာမန်ဆန္ဒပြမှုမှသည် အကြမ်းဖက်မှုအထိ ပြောင်းလဲသွားခဲ့သည့် သက်သေများပင်ဖြစ်သည်။ နောက်ကွယ်မှ လှုံ့ဆော်ခဲ့သူ၊ အားပေးအားမြှောက်ပြုခဲ့သူ၊ ကြိုးကိုင်ခဲ့သူ စသည် စသည်ဖြင့် ဖော်ထုတ်အရေးယူမှုများ မဝေးတော့သည့် ကာလတွင် ပေါ်ထွက်လာဦးမည်။

မိမိတို့နိုင်ငံသည် ဒီမိုကရေစီနိုင်ငံဖြစ်သည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကို တည်ဆောက်နေဆဲကာလတွင်ဖြစ်ပေါ်လာသော ရွေးကောက်ပွဲမဲမသမာမှု အခြေအနေများနှင့် တာဝန်ယူမှုမရှိခြင်းတို့က လျစ်လျူရှုထား၍မရ။ ဒီမိုကရေစီကို သန့်ရှင်းစင်ကြယ်စေရေးနှင့် တည်တံ့ခိုင်မြဲရေးတို့အတွက် ကာလတစ်ရပ်အတွင်း ထိန်းသိမ်းမှု၊ ပြုပြင်တည့်မတ်မှုတို့ ပြုလုပ်ရန် လိုအပ်သည်။ ပြည်သူအပေါင်းက ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြသည်နှင့်အမျှ လျင်လျင်မြန်မြန် ပြီးမြောက်အောင်မြင်နိုင်မည်ဖြစ်ပါကြောင်း။ ။

## အေးအေးဆေးဆေးနဲ့ ပြီးမြောက်နိုင်



ကျွန်တော်တို့ ဗမာပြည်ရဲ့အရေးဟာ ဗမာပြည်သူပြည်သားတွေ ခေါင်းဆောင်တဲ့သူတွေ ညီညွတ်စွာနဲ့ လုပ်တတ်မယ်၊ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ ပြီးမြောက်နိုင်မယ်လို့ ကျွန်တော်ယုံကြည်တယ်။ ကျွန်တော်ခေါင်းဆောင်နေတဲ့ တပ်မတော်ကလည်း ယုံကြည်တယ်။

(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၅ ခုနှစ်၊ ဩဂုတ်လတွင် ကျင်းပသော စတုတ္ထအကြိမ်မြောက် နိုင်ငံခေါင်းဆောင်များ အစည်းအဝေးတွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## (၇၆) နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

၁။ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃) ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှုမရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

၂။ သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

၃။ ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေး တည်ဆောက်ရာတွင် ဒို့တာဝန်အရေး (၃) ပါးကို မသွေဖည်ဘဲ NCA အပေါ်အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၄။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာကာကွယ်နိုင်ရန် တိုက်ပွဲဝင်စွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## သာသနာတော်နှစ် ၂၅၆၄ - ၂၅၆၅ ခုနှစ် သက္ကရာဇ် ၁၃၈၂ - ၁၃၈၃ ခုနှစ် မဟာသင်္ကြန် အကျ-အကြတ်-အတက်-နှစ်ဆန်း (၁) ရက်နှင့် ဝါဆို - ဝါကပ် - လ - ရက်နှင့် နေ့များ

၁။ **မဟာသင်္ကြန် အကျရက်**
- ဇေယတု - မြန်မာသက္ကရာဇ် - ၁၃၈၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၃) ရက်
- ရခိုင်သက္ကရာဇ် - ၁၃၈၂ ခုနှစ် တာကူးလဆန်း (၃)ရက်
- ခရစ်နှစ် ၂၀၂၁၊ ဧပြီလ (၁၄) ရက် ဗုဒ္ဓဟူးနေ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စံတော်ချိန် နံနက်စက် ၅-နာရီ၊ ၄၆-မိနစ်၊ ၅၅-စက္ကန့် အချိန်တွင် မဟာသင်္ကြန်ကျပါသည်။

၂။ **မဟာသင်္ကြန် အကြတ်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၄) ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တာကူးလဆန်း (၄)ရက်
- ခရစ်နှစ် ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၅)ရက် ကြာသပတေးနေ့ မဟာသင်္ကြန်အကြတ်ရက်ဖြစ်ပါသည်။

၃။ **မဟာသင်္ကြန် အတက်ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၂ ခုနှစ်၊ နှောင်းတန်ခူးလဆန်း (၅)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၂ ခုနှစ်၊ တာကူးလဆန်း (၅)ရက်
- ခရစ်နှစ် ၂၀၂၁၊ ဧပြီလ (၁၆) ရက် သောကြာနေ့ မြန်မာစံတော်ချိန် နံနက်စက် ၉-နာရီ၊ ၅၁-မိနစ်၊ ၃၆-စက္ကန့် အချိန်တွင် မဟာသင်္ကြန်တက်ပါသည်။

၄။ **မြန်မာ - ရခိုင် - နှစ်ဆန်း ၁ ရက်**
- မြန်မာသက္ကရာဇ် ၁၃၈၃ ခုနှစ်၊ ဦးတန်ခူးလဆန်း (၆)ရက်
- ရခိုင်သက္ကရာဇ် ၁၃၈၃ ခုနှစ်၊ တာကူးလဆန်း (၆)ရက်
- ခရစ်နှစ် ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၇) ရက် စနေနေ့သည် မြန်မာ - ရခိုင် နှစ်ဆန်း (၁) ရက်နေ့ ဖြစ်ပါသည်။

၅။ **ရဟန်းတော်များအတွက် ဝါဆို - ဝါကပ် - လ - ရက်များ**

ဤ ၁၃၈၃ ခုနှစ်တွင် လထပ်ရက်ငင်မရှိပါ၍ ဗုဒ္ဓဘာသာ သာသနာတော်ဝန်ထမ်းရဟန်းတော် အရှင်မြတ်တို့မှာ မြန်မာသက္ကရာဇ်- ၁၃၈၃ ခုနှစ် ဝါဆိုလပြည့်ကျော် (၁) ရက်၊ ရခိုင်သက္ကရာဇ်-၁၃၈၃ ခုနှစ် ဝါဆိုလပြည့်ကျော် (၁) ရက်၊ ခရစ်နှစ် ၂၀၂၁ ခုနှစ်၊ ဇူလိုင်လ (၂၄) ရက်၊ စနေနေ့တွင် ပထမပုရိမဝါကပ်ဆိုတော်မူကြရမည် ဖြစ်ပါသည်။

ဒုတိယပစ္ဆိမဝါကို မြန်မာ-ရခိုင် ဝါခေါင်လပြည့်ကျော်(၁)ရက်-၂၀၂၁ခုနှစ်၊ ဩဂုတ်လ (၂၃) ရက် တနင်္လာနေ့တွင် ကပ်ဆိုတော်မူကြရမည်ဖြစ်ပါသည်။

| ဦးပညိန္ဒ | ဦးအောင်ချစ် | ဦးပြေငြိမ်း |
|---|---|---|
| ဥက္ကဋ္ဌ | ဒုတိယဥက္ကဋ္ဌ (၁) | ဒုတိယဥက္ကဋ္ဌ (၂) |

# ဘဏ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဖြစ်နိုင်သည့်နည်းလမ်းများကို စဉ်းစားဆောင်ရွက်ရန်လို

**ဘဏ်များဖွင့်လှစ်မှုနှင့်ပတ်သက်၍ ဘဏ်များအားလုံး ပုံမှန်ပြန်လည်ဖွင့်လှစ်နိုင်မှု မရှိသေးသော်လည်း လိုအပ်သော လုံခြုံရေးစီမံဆောင်ရွက်ပေးပြီး ပြန်လည်ဖွင့်လှစ်ရန်အတွက် မှာကြားထားပြီးဖြစ်ကြောင်း၊ ဘဏ်များ စတင်ဖွင့်လှစ်ချိန်ကတည်းက နိုင်ငံတော်မှသတ်မှတ်ထားသည့် ငွေကြေးမူဝါဒများနှင့်အညီ ဆောင်ရွက်မည်ဟု သဘောတူပြီး ဖြစ်ကြောင်း၊ ဖွင့်လှစ်နိုင်မှု မရှိသေးသည့် ဘဏ်များကိုလည်း စည်းမျဉ်းစည်းကမ်းနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဘဏ်များ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဖြစ်နိုင်သည့် နည်းလမ်းများကို စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ဘဏ်များ၏ ငွေကြေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံခြားငွေကြေးများအား နိုင်ငံတော်မှ သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ကျော်လွန်ဆောင်ရွက်နေမှုများ၊ သတ်မှတ်နှုန်းထားများထက် ငွေကြေးများ ကျော်လွန်ဈေးငှားထားမှုများကိုလည်း စိစစ်တွေ့ရှိရသဖြင့် ဘဏ်များ စနစ်တကျဖြစ်စေရေး နိုင်ငံတော်ဗဟိုဘဏ်မှ ကြပ်မတ်ဆောင်ရွက်ရန်လိုကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၆/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၄**

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ကို ၂၀၂၁ ခုနှစ် မတ် ၄ ရက်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ၏ အမိန့်ကြော်ငြာစာ အမှတ် ၃၀/၂၀၂၁ အရ အဖွဲ့ဝင် ၉ ဦးဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။

ကော်မရှင်၏ပထမအကြိမ် အစည်းအဝေးဖြစ်သည့် (၂/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ် ၁၈၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အုပ်ချုပ်မှုရုံး၌ ကျင်းပ ပြုလုပ်ခဲ့သည်။ အဆိုပါအစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံလင်စွာတက်ရောက်ခဲ့ကြသည်။

**အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၉၄၅) နေရာကို ဖန်တီးပေး**

အစည်းအဝေးတွင် ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုလုပ်ငန်း၊ ဟိုတယ်ဝန်ဆောင်မှုလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ခြင်းလုပ်ငန်း စသည့် လုပ်ငန်းသစ် (၁၀)ခုကို ခွင့်ပြုခဲ့သည်။ အဆိုပါ လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှု ပမာဏသည် အမေရိကန်ဒေါ်လာ (၅၇၉ ဒသမ ၀၁၉) သန်းနှင့် ငွေကျပ် (၃၆ ဒသမ ၇၈၁) ဘီလီယံရှိပြီး ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင်အခွင့်အလမ်းပေါင်း (၉၄၅) နေရာကို ဖန်တီးပေးနိုင်မည်ဖြစ်သည်။

ယခုအစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ဆောင်ရွက်ခွင့်ပြုနိုင်ရေးအတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီများကိုလည်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြန်လည်ဖွဲ့စည်းပေးခဲ့သည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၂/၂၀၂၁) ကြိမ်မြောက် အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရင်းနှီးမြှုပ်နှံထား**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလကုန်အထိ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံထားသည့် နိုင်ငံ/ဒေသ ပေါင်း ၅၁ ခုအနက် ရင်းနှီးမြှုပ်နှံမှုအများဆုံး ပြုလုပ်သော နိုင်ငံများမှာ စင်ကာပူနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ထိုင်းနိုင်ငံတို့ဖြစ်ပြီး စီးပွားရေးကဏ္ဍ ၁၂ ခုအနက် အများဆုံးရင်းနှီးမြှုပ်နှံထားသည့်ကဏ္ဍများမှာ လျှပ်စစ်ကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၂၆ ဒသမ ၁၆ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ရေနံနှင့် သဘာဝဓာတ်ငွေ့ကဏ္ဍတွင် စုစုပေါင်း ရင်းနှီးမြှုပ်နှံမှု၏ ၂၅ ဒသမ ၈၉ ရာခိုင်နှုန်းဖြင့် လည်းကောင်း၊ ကုန်ထုတ်လုပ်မှုကဏ္ဍတွင် စုစုပေါင်းရင်းနှီးမြှုပ်နှံမှု၏ ၁၄ ဒသမ ၆၉ ရာခိုင်နှုန်းဖြင့်လည်းကောင်း ရင်းနှီးမြှုပ်နှံထားကြသည်။

**သတင်းစဉ်**

---

**သတိပေး နှိုးဆော်ချက်**

(၇၆) နှစ်မြောက်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားအား ၂၇-၃-၂၀၂၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် အဆိုပါ နေ့ရက်တွင် ရန်ကုန်-မန္တလေးလမ်းဟောင်း၊ ပျဉ်းမနားမြို့နယ်၊ ဘောဂသီရိမီးပွိုင့်မှ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံမီးပွိုင့်အထိ ယာဉ်သွားလာမှုအား နံနက် (၀၀၀၅) အချိန်မှ (၁၀၀၀)အချိန်ထိ ခေတ္တလမ်းပိတ်/လမ်းလွှဲ ဆောင်ရွက်မည်ဖြစ်သဖြင့် မော်တော်ယာဉ်မောင်းနှင်သွားလာနေကြသည့် ယာဉ်မောင်းများအနေဖြင့် ၎င်းနေ့တွင် နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ သိုက်ချောင်းလမ်းဆုံမီးပွိုင့်မှ နိဗ္ဗာန်လမ်း(မြို့ပတ်လမ်း)အတိုင်း ခွာညိုပန်းအဝိုင်းအထိ ၊ ၎င်းမှ ရာဇသင်္ဂဟလမ်းအတိုင်း၊ ကုမုဒြာ ကြာပန်းအဝိုင်းအထိ၊ ရာဇဌာနီလမ်းအတိုင်း ပျဉ်းမနားမြို့နယ်၊ ပန်းခင်းမီးပွိုင့် - ဘောဂသီရိမီးပွိုင့်မှတစ်ဆင့် ရန်ကုန် - မန္တလေးလမ်းဟောင်းမှ လမ်းလွှဲမောင်းနှင်ပေးကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

◆ *ရှေ့ဖုံးမှ*

**ကြည့်ရှုစစ်ဆေး**

ထိုသို့ လေ့ကျင့်နေမှုများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ တပ်မတော်နေ့ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေး အပါအဝင် တပ်မတော်အရာရှိကြီးများ၊ တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ နေပြည်တော်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မျိုးတင်နှင့် တာဝန်ရှိသူများက တက်ရောက် ကြည့်ရှုစစ်ဆေးကြသည်။ စစ်ရေးပြ လေ့ကျင့်မှုအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

**ခေတ်သုံးခေတ်ကို ထင်ဟပ်ပုံဖော်**

အဆိုပါ စစ်ရေးပြအခမ်းအနားတွင် တပ်မတော်(ကြည်း၊ ရေ၊လေ) နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့မှ အရာရှိ၊ စစ်သည်များ၊ အမျိုးသမီးတပ်ဖွဲ့ဝင်များ၊ ရေတပ် အထူးစစ်ဆင်ရေးတပ်ဖွဲ့ဝင်များ (NavySEAls)၊ အမျိုးသမီး အထူးတပ်ဖွဲ့ဝင်များ၊ တပ်မတော် (ကြည်း) ယန္တရားတပ်ဖွဲ့ဝင်များ၊ တပ်မတော် (ရေ) ယန္တရား တပ်ဖွဲ့ဝင်များ၊ တပ်မတော်(လေ) မှ လေယာဉ်၊ ရဟတ်ယာဉ်များ ပါဝင်ခဲ့ကြပြီး တပ်မတော် စတင်ဖွဲ့စည်းသည့် လွတ်လပ်ရေး ကြိုးပမ်းမှုကာလမှ ၁၉၇၀ ပြည့်နှစ်ထိ ငွေရတုကာလ၊ ၁၉၇၀ ပြည့်နှစ်မှ ၁၉၉၅ ခုနှစ်ထိ ရွှေရတုကာလ၊ ၁၉၉၅ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ်အထိ စိန်ရတုကာလအတွင်း မြန်မာ့တပ်မတော်၏ အဆင့်ဆင့်ပြောင်းလဲဝတ်ဆင်ခဲ့သည့် တံဆိပ်၊ ယူနီဖောင်းများ ဝတ်ဆင်ကာ ခေတ်အဆက်ဆက် အသုံးပြုခဲ့သည့် စစ်လက်နက်ပစ္စည်းများမှသည် ယနေ့ခေတ် ခေတ်မီတပ်မတော် တည်ဆောက်ရေးအတွက် ပြောင်းလဲဆန်းသစ်လာသည့် စစ်လက်နက်ပစ္စည်းများနှင့်အတူ ခေတ်သုံးခေတ်ကို ထင်ဟပ်ပုံဖော်ကာ လေ့ကျင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## လှိုင်းအသင့်အတင့် ရှိမည်

နေပြည်တော် မတ် ၂၄

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

# ရန်ကုန်နှင့် နေပြည်တော်ရှိ ဗဟိုအဆင့်ဆေးရုံများတွင် ဆေးရုံလုပ်ငန်း ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်း

**နေပြည်တော် မတ် ၂၄**

ရန်ကုန်နှင့် နေပြည်တော်ရှိ ဗဟိုအဆင့်ဆေးရုံများတွင် ဆေးရုံလုပ်ငန်း ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန COVID-19 Central Command Centre ၌ ကျင်းပသည်။ (ဃာပုံ)

**တတ်နိုင်သမျှ ကြိုးပမ်း**

အစည်းအဝေးတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက ကျန်းမာရေးစောင့်ရှောက်မှုများအတွက် ပြည်သူအများစုအနေဖြင့် ပြည်သူ့ဆေးရုံများကို အဓိက အားထားနေရပါကြောင်း၊ ဆေးရုံအုပ်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ အားလုံးသည် အရေးကြီးသောအခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါကြောင်း၊ ပြည်သူများအတွက် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးရမည့်တာဝန်ကို ခေတ်အဆက်ဆက်က ဆေးပညာရှင်ကောင်းပီသစွာ တာဝန်ကျေပွန်အောင် ဆောင်ရွက်ပေးခဲ့ကြပါကြောင်း၊ ယခု ကြုံတွေ့နေရသည့် အခက်အခဲကာလတွင်လည်း မိမိတို့အနေဖြင့် တတ်နိုင်သမျှ ကြိုးပမ်းဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မွန်မြတ်သည့် ဆေးပညာရှင်များ၏ ဂုဏ်ကို ဆက်လက်ထိန်းသိမ်းသွားကြရန် လိုအပ်ပါကြောင်း၊ COVID-19 ပထမလှိုင်း၊ ဒုတိယလှိုင်းတို့တွင်လည်း အခက်အခဲများကြားမှ အောင်မြင်စွာ ကျော်ဖြတ်လာခဲ့ကြပြီး ဖြစ်ပါကြောင်း။

ဝန်ကြီးဌာနအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှစတင်ကာ "ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်" ဖြင့် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် လူနာများအကျိုးကို ရှေးရှု၍ မိမိတို့ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားလျက်ရှိပါကြောင်း၊ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့မှစတင်ကာ ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် မိမိတို့ တာဝန်ကျရာ ဆေးရုံများ၊ ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက ဆက်သွယ်နိုင်ရန် ဝန်ကြီးဌာန Call Center တယ်လီဖုန်း နံပါတ် /အီးမေးလ်လိပ်စာများကိုလည်း အသိပေးပန်ကြားလျက်ရှိပါကြောင်း။

**အားပေးကူညီကြရမည်**

ဆေးကုသရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေး လိုအပ်မည့် ဆေးရုံစီမံခန့်ခွဲမှုများကို ဆေးရုံအုပ်ကြီးများအနေဖြင့် စနစ်တကျ ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆေးရုံများနှင့် ဆေးကုသမှုအထောက်အကူပြု စက်ပစ္စည်းများသည် နိုင်ငံတော်ပိုင်ပစ္စည်းများဖြစ်သဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည့် တာဝန်ရှိပါကြောင်း၊ ပြည်သူ့ဆေးရုံများ၌ ကုသရေးနှင့် ရောဂါရှာဖွေရေးအတွက် လိုအပ်သော အဆင့်မြင့်စက်ပစ္စည်းများကိုလည်း ယခုဘဏ္ဍာရေးနှစ်အတွင်း၌ ဝယ်ယူတပ်ဆင်နိုင်ရေး ဆောင်ရွက်ထားပါကြောင်း၊ လိုအပ်သောဆေးဝါးများ ပြတ်လပ်မှုမရှိစေရေးနှင့် ပိုလျှံဆေးဝါးများ/ သက်တမ်းလွန်ဆေးဝါးများ မဖြစ်ပေါ်ရအောင် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်မှ ပေးအပ်ထားသော ဘဏ္ဍာငွေများကို လေလွင့်ဆုံးရှုံးမှုမရှိစေဘဲ ကျန်းမာရေးအတွက် ငွေကြေးစိုက်ထုတ်သုံးစွဲနေရသော ပြည်သူများအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေရန် အကျိုးရှိစွာအသုံးပြုနိုင်စေရေး ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းခွင်ဝင်ရောက်နိုင်ခြင်း မရှိသော ကျန်းမာရေးဝန်ထမ်းများ ပြန်လည်ဝင်ရောက်နိုင်ရေး အားပေးကူညီကြရမည်ဖြစ်ပါကြောင်း။

**ပူးပေါင်းကြိုးစား**

COVID-19 ကာကွယ်ဆေးထိုးလုပ်ငန်းများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးတွင် ဆောင်ရွက်လျက်ရှိပြီး ကာကွယ်ဆေးထိုးနှံခြင်း လွှမ်းခြုံမှု



ကောင်းမွန်မှသာ COVID-19 တတိယလှိုင်း ကာကွယ်နိုင်မည်ဖြစ်သည့်အတွက် ဆက်လက်ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ပါကြောင်း၊ ပြည်သူ့ဆေးရုံများ၌ ညတာဝန်ကျဝန်ထမ်းများအတွက် ညစာစားစရိတ်ထောက်ပံ့နိုင်ရေး အပါအဝင် ဝန်ထမ်းများ ရသင့်ရထိုက်သော ထောက်ပံ့ကြေးများ ရရှိအောင် စီစဉ်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဆေးရုံအုပ်ကြီးများအပါအဝင် ဘာသာရပ်တာဝန်ခံဆရာဝန်ကြီးများအနေဖြင့် တာဝန်ရှိသည်နှင့်အညီ မိမိအုပ်ချုပ်မှုအောက်ရှိ ဝန်ထမ်းများ လမ်းမှားမရောက်စေရန် လမ်းမှန်ကို ညွှန်ပြပေးပါရန်၊ ဆေးရုံစီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေးများ ပြုလုပ်ကာ ဆေးရုံလုပ်ငန်း ပုံမှန်ဆောင်ရွက်နိုင်ရေး တိုင်ပင်ဆောင်ရွက်ရန်၊ ဝန်ထမ်းရေးရာကိစ္စများ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြား ဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ စည်းလုံးညီညွတ်စွာဖြင့် မိမိတို့၏ ပင်မတာဝန်ဖြစ်သည့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆောင်ရွက်နိုင်ရန် ပူးပေါင်းကြိုးစားပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**ရှင်းလင်းဆွေးနွေး**

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဦးစိန်ဝင်းက ဘဏ္ဍာရေး/ဝန်ထမ်းရေးရာကိစ္စရပ်များကိုလည်းကောင်း၊ ကုသရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးက ဆေးကုသရေးလုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေး၊ ဆေးရုံစီမံခန့်ခွဲမှုလုပ်ငန်းများနှင့် ဆေးရုံသုံးစက်ပစ္စည်းများ ထိန်းသိမ်းခြင်းတို့ကို လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

အစည်းအဝေးသို့ ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ရန်ကုန်နှင့် နေပြည်တော်ရှိ ဗဟိုအဆင့်ဆေးရုံအုပ်ကြီးများ တက်ရောက်ကြသည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကိုရီးယားသမ္မတနိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ၊ ချေးငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**နေပြည်တော် မတ် ၂၄**

ကိုရီးယားသမ္မတနိုင်ငံ၏ တရားဝင်ဖွံ့ဖြိုးမှုအကူအညီ၊ ချေးငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ လက်ရှိဆောင်ရွက်နေမှုအခြေအနေနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်တို့နှင့် စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ မွန်းလွဲပိုင်းက ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးတွင် ကိုရီးယားသမ္မတနိုင်ငံ၏ အကူအညီ၊ ချေးငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ဆဲ စီမံကိန်းများ၏ လက်ရှိဆောင်ရွက်မှုအခြေအနေများ၊ အဆိုပြုထားဆဲ စီမံကိန်းများ၊ ညှိနှိုင်း ပေါင်းစပ်ဆောင်ရွက်ပေးရန် လိုအပ်ချက်များကို သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များက တင်ပြဆွေးနွေးကြရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန်းအောင်ကျော်က ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် ပေါင်းစပ်ညှိနှိုင်းပေးမည့်ကိစ္စရပ်များကို စဉ်ဆက်မပြတ်ညှိနှိုင်းဆောင်ရွက်ပေးနေပါကြောင်း၊ စီမံကိန်းများနှင့် စပ်လျဉ်း၍ အကြောင်းအမျိုးမျိုးကြောင့် ကြန့်ကြာနေရသည့်ကိစ္စရပ်များကို သတ်မှတ်ပုံစံဖြင့် ဖြည့်စွက်၍ အမြန်ဆုံးပေးပို့ရန် လိုအပ်ပါကြောင်းနှင့် စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဝန်ကြီးဌာန/ အဖွဲ့အစည်းများက ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရမည့် ကိစ္စရပ်များအား ဆွေးနွေးမှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာနတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။ **သတင်းစဉ်**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ပြောင်းရွှေ့ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ရုံး၊ တားဆီးကာကွယ်ရေးနှင့် စုံစမ်းစစ်ဆေးရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသန့်ဇော် ကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အခွန်အယူခံခုံအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

## တိမ်အနည်းငယ် ဖြစ်ထွန်းနေ

**နေပြည်တော် မတ် ၂၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၄**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို တိုင်းရင်းသားဘာသာအလိုက် ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၀ ပြည့်နှစ်၊ ဒီဇင်ဘာ (၁) ရက်မှစပြီး ၂၀၂၁ ခုနှစ်၊ မတ်(၃၁)ရက်အထိ နေ့စဉ် နံနက်(၆) နာရီမှစ၍ 'ဝ' ၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း (လိုင်ဇိုး)၊ ချင်း (ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ အစီအစဉ်များကို ည (၁၁) နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၁ ခုနှစ်၊ ဧပြီ (၁) ရက် မှ ၂၀၂၁ ခုနှစ်၊ ဇူလိုင် (၃၁) ရက်အထိ နေ့စဉ် နံနက် (၆) နာရီမှ (၈) နာရီအထိ ကချင်ဘာသာ အစီအစဉ်၊ နံနက် (၈) နာရီ မှ (၁၀) နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် (၁၀) နာရီမှ နံနက် (၁၁) နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ နံနက် (၁၁) နာရီမှ မွန်းတည့် (၁၂) နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ မွန်းတည့် (၁၂) မှ မွန်းလွဲ (၁) နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ မွန်းလွဲ (၁) နာရီမှ (၂) နာရီအထိ ချင်း (လိုင်ဇိုး) ဘာသာ အစီအစဉ်၊ မွန်းလွဲ (၂) နာရီမှ (၃) နာရီအထိ ချင်း (ချိုး) ဘာသာ အစီအစဉ်၊ မွန်းလွဲ (၃) နာရီမှ ညနေ (၅) နာရီအထိ မွန်ဘာသာ အစီအစဉ်၊ ညနေ (၅) နာရီမှ ည (၇) နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ ည (၇) နာရီမှ (၉) နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ ည (၉) နာရီ မှ (၁၁) နာရီအထိ 'ဝ' ဘာသာ အစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**(၁.၄.၂၀၂၁) မှ (၃၁.၇.၂၀၂၁)ထိ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်း ထုတ်လွှင့်ချိန်စာရင်း**

| စဉ် | ဘာသာ | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁။ | ကချင် | ၀၆:၀၀ - ၀၈:၀၀ နာရီ |
| ၂။ | ကယား | ၀၈:၀၀ - ၁၀:၀၀ နာရီ |
| ၃။ | စကောကရင် | ၁၀:၀၀ - ၁၁:၀၀ နာရီ |
| ၄။ | အနောက်ပိုးကရင် | ၁၁:၀၀ - ၁၂:၀၀ နာရီ |
| ၅။ | အရှေ့ပိုးကရင် | ၁၂:၀၀ - ၁၃:၀၀ နာရီ |
| ၆။ | ချင်း (လိုင်ဇိုး) | ၁၃:၀၀ - ၁၄:၀၀ နာရီ |
| ၇။ | ချင်း (ချိုး) | ၁၄:၀၀ - ၁၅:၀၀ နာရီ |
| ၈။ | မွန် | ၁၅:၀၀ -၁၇:၀၀ နာရီ |
| ၉။ | ရခိုင် | ၁၇:၀၀ - ၁၉:၀၀ နာရီ |
| ၁၀။ | ရှမ်း | ၁၉:၀၀ - ၂၁:၀၀ နာရီ |
| ၁၁။ | " ဝ " | ၂၁:၀၀ - ၂၃:၀၀ နာရီ |

- တိုင်းရင်းသားအစီအစဉ် (၁၁)ဘာသာအား နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၂၃:၀၀) နာရီထိ ထုတ်လွှင့်ချိန် (၁၇:၀၀) နာရီ ထုတ်လွှင့်လျက်ရှိပါသည်။
- (၄) လတစ်ကြိမ် နာရီလက်တံအတိုင်း အချိန်ပြောင်းလဲ ထုတ်လွှင့်လျက်ရှိရာ ယခုပြောင်းလဲခြင်းမှာ (၂၂) ကြိမ်မြောက် ဖြစ်ပါသည်။

# သမိုင်းရေးတောင်းဆိုမှု အခြေအနေများနှင့် အမျိုးသားရေးလိုအပ်ချက်များအရ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ဆောင်ရွက်ရသော မြန်မာ့တပ်မတော်(၁)

မောင်သမ္မာဒိဋ္ဌိ

## မြန်မာနိုင်ငံနှင့် မြန်မာ့တပ်မတော်

ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်တို့ကို ဦးဆောင်တည်ထောင်ခဲ့သော မင်းကောင်းမင်းမြတ်တို့သည် နိုင်ငံနှင့် တိုင်းရင်းသားပြည်သူတို့အတွက် စည်းရုံးရေးခေါင်းဆောင်၊ နိုင်ငံရေးခေါင်းဆောင်၊ စစ်ရေးခေါင်းဆောင်၊ အုပ်ချုပ်ရေးခေါင်းဆောင်၊ စီးပွားရေးခေါင်းဆောင်များအဖြစ် ဦးဆောင် တာဝန်ယူတည်ထောင် ဆောင်ရွက်ခဲ့ကြရသည်မှာ မြန်မာ့နိုင်ငံရေးသမိုင်း၏ ထူးခြားလှသော ဝိသေသလက္ခဏာ တစ်ရပ်ဖြစ်ပါသည်။

အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံသည် ကမ္ဘာတည်သမျှ ကြာရှည်ထာဝရ ရပ်တည် နေနိုင်ရေးမှာ–

(၁) စည်းရုံးရေးစွမ်းအား (Organizational Might)
(၂) စီးပွားရေးစွမ်းအား (Economic Might)
(၃) စစ်ရေးစွမ်းအား (Military Might)

ဟူသော စွမ်းအား (၃)ရပ် တောင့်တင်းခိုင်မာနေရန် အထူးလိုအပ်လှပါသည်။

ပထမမြန်မာနိုင်ငံတော်ကြီးကို ဦးဆောင်တည်ထောင်ခဲ့သည့် ပုဂံခေတ်တွင် အနော်ရထာမင်း (၁၀၄၄–၁၀၇၇)သည် လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံလှသော စစ်ရေးခေါင်းဆောင်တစ်ဦးဖြစ်သလို စည်းရုံးရေးခေါင်းဆောင် တစ်ဦးလည်းဖြစ်သည်။ စီးပွားရေးခေါင်းဆောင်တစ်ဦးအဖြစ်လည်း ရပ်တည်ဆောင်ရွက်နိုင်ခဲ့သူလည်း ဖြစ်ပါသည်။ ထိုမင်းလက်ထက်တွင် မြောက်ဘက်၌ ယူနန်သို့ တိုင်အောင်လည်းကောင်း၊ တောင်ဘက်၌ မလေးရှားကျွန်းများအထိသို့ လည်းကောင်း၊ အရှေ့ဘက်၌ ဇင်းမယ်၊ အယုဒ္ဓယသို့တိုင်အောင် လည်းကောင်း၊ အနောက်ဘက်၌ စစ်တကောင်းသို့ တိုင်အောင်လည်းကောင်း ကျယ်ဝန်းကာ စိုးမိုးနိုင်ခဲ့သည်။

မြန်မာသက္ကရာဇ် ၈၃၂ ခုနှစ်တွင် မင်းကြီးညို၏ သားတော် တပင်ရွှေထီးသည် တောင်ငူထီးနန်းကို ဆက်ခံခဲ့ပြီး ယောက်ဖတော် ဘုရင့်နောင် ကျော်ထင် အနော်ရထာနှင့် လက်တွဲ၍ ဒုတိယ မြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ရန် ကြိုးပမ်းခဲ့ကြသည်။ သို့ရာတွင် တပင်ရွှေထီးသည် လက်ရုံးရည် ပြည့်စုံသူဖြစ်သော်လည်း နိုင်ငံခြားသား ပေါ်တူဂီလူမျိုး ဖိလစ် ဒီဘရစ်တိုနှင့် ပူးပေါင်းမိသဖြင့် အရက်စွဲကာ မူးယစ်ခြင်း၌သာ ယစ်မူးနေခြင်းကြောင့် နောက်ဆုံးတွင် လုပ်ကြံခံခဲ့ရသည်။

ထိုအခါ ဘုရင့်နောင်ကျော်ထင်အနော်ရထာသည် တောင်ငူနှင့် ပဲခူးတွင် ထီးနန်းစိုက်ထူကာ ဒုတိယမြန်မာနိုင်ငံတော်ကြီးကို ဆက်လက်တည်ထောင်ခဲ့ရာ ဒုတိယမြန်မာနိုင်ငံတော်၏ ပိုင်နက်နယ်မြေမှာ မဏိပူရကသည်း၊ ယိုးဒယား၊ ဇင်းမယ်၊ လင်းဇင်း၊ အာသံတို့ အထိ ကျယ်ပြန့်စိုးမိုးနိုင်ခဲ့သည်။

ဘုရင့်နောင်တည်ထောင်ခဲ့သော ဒုတိယမြန်မာနိုင်ငံတော်သည် ဘုရင့်နောင်မင်း နတ်ရွာစံပြီးနောက် ထီးနန်းဆက်ခံခဲ့သော မင်းများလက်ထက်တွင် စည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ပြီး တိုင်းရင်း

> “မြန်မာ့နိုင်ငံရေးသမိုင်းတစ်လျှောက်လုံးတွင် လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံသော စစ်ခေါင်းဆောင်ကောင်းတို့သည် တစ်ချိန်တည်းမှာပင် နိုင်ငံရေးခေါင်းဆောင်ကောင်းများအဖြစ်လည်းကောင်း၊ စီမံအုပ်ချုပ်ရေးခေါင်းဆောင်ကောင်းများအဖြစ်လည်းကောင်း၊ စီးပွားရေးခေါင်းဆောင်ကောင်းများအဖြစ်လည်းကောင်း ဦးဆောင် တာဝန်ယူ ဆောင်ရွက်ခဲ့ကြရသည်မှာ သမိုင်းသက်သေတည်လျက်ရှိ”



သားများ ဝါးအစည်းပြေသလို ရှိနေခဲ့သည်။ ထိုအချိန်တွင် မုဆိုးဘိုရွာမှ ဦးအောင်ဇေယျသည် ရွှေဘို၊ ဒီပဲယင်းဒေသကို အခြေခံကာ အညာကျေးရွာများကို စုရုံးသိမ်းသွင်း၍ မြန်မာ့အင်အားကို စုစည်းကာ တတိယမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ခဲ့သည်။ ထိုအချိန်တွင် အင်္ဂလိပ်နယ်ချဲ့တို့သည် ရေဝတီဒေသ ပုသိမ်မြို့ ဟိုင်းကြီးကျွန်းတွင် စတင်အခြေစိုက်နေထိုင်ချိန် ဖြစ်နေခဲ့သည်။ ၎င်းတို့သည် ဟိုင်းကြီးကျွန်း၌ မြေကတုတ်များ၊ မျှော်စင်များ၊ လက်နက်တိုက်များ အခိုင်အမာဆောက်လုပ်ပြီး အမြောက် လက်နက်များတပ်ဆင်ကာ မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ခြင်း၊ ရန်စမှုများပြုလုပ်ခြင်းတို့ကြောင့် ဦးအောင်ဇေယျအမည်ရ အလောင်းဘုရားသည် ဟိုင်းကြီးကျွန်းကို တိုက်ခိုက်သိမ်းယူပြီး အင်္ဂလိပ်နယ်ချဲ့တို့၏ အခြေစိုက်စခန်းများကိုပါ ချေမှုန်းပြီး အောင်ပွဲဆင်ခဲ့သည်။

ဖော်ပြပါ သမိုင်းရေးရာ လက်တွေ့သာဓကများကို ကြည့်ခြင်းအားဖြင့် မြန်မာနိုင်ငံ၏ ရေခံမြေခံ၊ နိုင်ငံရေး၊ စစ်ရေး၊ အုပ်ချုပ်ရေး၊ သမိုင်းရေးရာ နောက်ခံများ၊ မြန်မာနိုင်ငံတည်ရှိရာ “ပထဝီဝင်နိုင်ငံရေး” (Geopolitics) အခြေအနေများအရ မြန်မာ့နိုင်ငံရေး သမိုင်းတစ်လျှောက်လုံးတွင် လက်ရုံးရည်ရော နှလုံးရည်ပါ ပြည့်စုံသော စစ်ခေါင်းဆောင်ကောင်းတို့သည် တစ်ချိန်တည်းမှာပင် နိုင်ငံရေးခေါင်းဆောင်ကောင်းများအဖြစ်လည်းကောင်း၊ စီမံအုပ်ချုပ်ရေးခေါင်းဆောင်ကောင်းများအဖြစ်လည်းကောင်း၊ စီးပွားရေးခေါင်းဆောင်ကောင်းများအဖြစ် လည်းကောင်း ဦးဆောင် တာဝန်ယူ ဆောင်ရွက်ခဲ့ကြရသည်မှာ သမိုင်းသက်သေ တည်လျက်ရှိပါသည်။ ဤသည်မှာ အမိ မြန်မာပြည်ကြီး၏ ဝိသေသ ထူးခြားလှသော ပထဝီဝင်နိုင်ငံရေးပင်ဖြစ်ပါသည်။

## ပထဝီဝင်နိုင်ငံရေးအရ မဟာဗျူဟာမြောက် ဖြစ်နေသည့် မြန်မာ့ပိုင်နက်နယ်မြေ

မြန်မာနိုင်ငံသည် အိန္ဒိယသမုဒ္ဒရာနှင့် ပစိဖိတ်သမုဒ္ဒရာအကြား အာရှတိုက်၏ အရှေ့တောင်ပိုင်းရှိ အင်ဒိုနီးရှားကျွန်းဆွယ်ကြီးပေါ်တွင် အနောက်ဘက်အကျဆုံး ကုန်းပိုင်း၌ တည်ရှိသည်။ ဤနေရာဒေသမှာ ကမ္ဘာ့စစ်ရေး၊ နိုင်ငံရေးတွင် အရေးပါအချက်အချာအကျဆုံးဖြစ်သည်ဟု ပထဝီဝင်နိုင်ငံရေး ပညာရှင်သုတေသီတို့က တရားဝင်သတ်မှတ်ထားကြသည်။

မြန်မာနိုင်ငံသည် မြောက်ဖျားမှ တောင်ဖျားအထိ မိုင်ပေါင်း ၁၃၀၀ ကျော် ရှည်လျားပြီး အရှေ့အနောက် အကျယ်ဆုံးနေရာတွင် မိုင်ပေါင်း ၆၀၀ ရှိသည်။ မြန်မာနိုင်ငံတစ်နိုင်ငံလုံး၏ အကျယ်အဝန်းမှာ ၂၆၁၂၂၈ စတုရန်းမိုင်ရှိသည်ကို တွေ့ရသည်။ ပထဝီဝင်နိုင်ငံရေး ပညာရှင်တို့က နိုင်ငံတစ်နိုင်ငံ၏ အရွယ်အစားသည် စတုရန်းမိုင် တစ်သိန်းနှင့် ငါးသောင်းအကြားရှိလျှင် ကြီးမားသော အရွယ်အစားဟု သတ်မှတ်ထားသောကြောင့် မြန်မာနိုင်ငံ၏ အကျယ်အဝန်းမှာ ကြီးမားသော အရွယ်အစားဟု သတ်မှတ်ရမည်ဟု ဆုံးဖြတ်ထားခဲ့ကြပါသည်။

မြန်မာနိုင်ငံသည် ကုန်းတွင်းပိုင်းနိုင်ငံမဟုတ်ဘဲ တောင်ဘက်တွင် ပင်လယ်သို့ ပွင့်လျက် ကျန်သုံးဘက်တွင် အခြားနိုင်ငံများနှင့် ထိစပ်လျက်ရှိသည်။ အပြည်ပြည်ဆိုင်ရာ နယ်နိမိတ်၏ အလျားမိုင်ပေါင်း ၃၉၀၆ မိုင် ရှိနေရာ မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့၏ ကုန်းမြေနယ်နိမိတ် ဆက်စပ်မှုအရှည်မိုင် ၁၃၈၄ မိုင်၊ လာအိုနိုင်ငံနှင့် ကုန်းမြေ နယ်နိမိတ်ဆက်စပ်မှု အရှည်မိုင် ၁၄၆ မိုင်၊ ထိုင်းနိုင်ငံနှင့် ကုန်းမြေ နယ်နိမိတ်ဆက်စပ်မှု အရှည်မိုင် ၁၃၀၄ မိုင်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုန်းမြေနယ်နိမိတ် ဆက်စပ်မှု အရှည်မိုင် ၁၆၉ မိုင်၊ အိန္ဒိယနိုင်ငံနှင့် ကုန်းမြေနယ်နိမိတ် ဆက်စပ်မှု အရှည်မိုင် ၉၀၃ မိုင် အသီးသီးဆက်စပ်လျက်ရှိကြသည်။

မြန်မာနိုင်ငံ ကမ်းရိုးတန်းနယ်နိမိတ်အရှည်မိုင်မှာ ရခိုင်ကမ်းရိုးတန်းအရှည်မိုင် ၄၄၃ မိုင်၊ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းမိုင် ၂၇၂ မိုင်၊ မွန် – တနင်္သာရီကမ်းရိုးတန်း မိုင် ၆၇၀ စုစုပေါင်း ကမ်းရိုးတန်း နယ်နိမိတ်အရှည်မိုင် စုစုပေါင်း ၁၃၈၅ မိုင် ရှိသည်။

တော်လှန်ရေးကောင်စီလက်ထက် ၁၉၆၈ ခုနှစ် နိုဝင်ဘာလ ၁၅ ရက်နေ့တွင် ပိုင်နက်ရေပြင်ကို အခြေခံမျဉ်းမှ ရေမိုင် ၁၂ မိုင် သတ်မှတ်ထားခဲ့သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အစိုးရ လက်ထက် နိုင်ငံတော်ကောင်စီက ၁၉၇၇ ခုနှစ် ဧပြီလ ၉ ရက်နေ့တွင် –

(၁) ပိုင်နက်ရေပြင်ကို အခြေခံမျဉ်းမှ ရေမိုင် (၁၂)မိုင်
(၂) ဆက်စပ်ဇုန်ကို အခြေခံမျဉ်းမှ ရေမိုင် (၂၄)မိုင် (ပိုင်နက်ရေပြင်အစွန်းမှ ရေမိုင် (၁၂)မိုင်)
(၃) ကမ်းဦးရေတိမ်ပိုင်းကို မီတာ (၂၀၀) သို့မဟုတ် (၆၅၆ ဒသမ ၂ ပေ)အနက်အထိ
(၄) သီးသန့် စီးပွားရေးဇုန်ကို ရေမိုင် (၂၀၀) ဟူ၍ သတ်မှတ်ခဲ့သည်။

စာမျက်နှာ ၇ သို့


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ မိန့်ခွန်းစာအုပ်ထုတ်ဝေ

နေပြည်တော် မတ် ၂၄

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဖေဖော်ဝါရီလအတွင်း ပြောကြားခဲ့သည့် မိန့်ခွန်းများကို စုစည်း၍ စာအုပ်ထုတ်ဝေလိုက်ပြီဖြစ်သည်။

အဆိုပါ စာအုပ်တွင် –



**“လူဦးရေ ၅၄ သန်းတွင် အခြေခံပညာနှင့် တက္ကသိုလ်ပညာပြီးမြောက်သူတို့၏ လုပ်အားများကို ကဏ္ဍအလိုက် အသုံးချနိုင်ရေးအတွက် နည်းလမ်းရှာရမည်ဖြစ်၊ အလုပ်သမားများနှင့် အလုပ်ရှင်များအတွက်လည်း ထည့်သွင်းစဉ်းစားပေးရမည်ဖြစ်၊ ရင်းနှီးမြှုပ်နှံမှု လုပ်ကိုင်သူများအတွက်လည်း အာမခံချက်နှင့် ဆွဲဆောင်မှုများပေးရမည်ဖြစ်သကဲ့သို့ ယုံကြည်မှုရှိရန်လည်း လိုအပ်။”**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၂-၂၀၂၁ ရက်နေ့က စီးပွားရေးရာကော်မတီ အစည်းအဝေးအမှတ်စဉ်(၁/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား) နှင့်

**“တိုင်းပြည် စားနပ်ရိက္ခာဖူလုံရေးမှာ အရေးကြီး၊ မွေးမြူရေးလုပ်ငန်းများကိုလည်း တွန်းအားပေးဆောင်ရွက်ရန် လိုအပ်၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးအတွက် ရေမြေနှင့် အခြေခံကောင်းများရှိ၊ ယင်းကိုအကျိုးရှိရှိ အသုံးချရန်လို၊ မွေးမြူရေးလုပ်ငန်းကို နည်းစနစ်ကျသည့် မွေးမြူရေးစနစ်ဖြင့် ဆောင်ရွက်သွားရန်လို၊ တိုင်းပြည်အတွက် စားနပ်ရိက္ခာပေါ များရေး ဆောင်ရွက်ရမည်ဖြစ်။”**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့က စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး(၂/၂၀၂၁)တွင် ပြောကြားသည့် အမှာစကား)များ ပါဝင်ပါသည်။

အဆိုပါ မိန့်ခွန်းစာအုပ်တွင် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြောကြားခဲ့သည့် မိန့်ခွန်းနှင့် အမှာစကားများ၊ အထိမ်းအမှတ်အခမ်းအနားများသို့ပေးပို့သည့် သဝဏ်လွှာများ စုစုပေါင်း (၂၁)ပုဒ် ကို စုစည်းဖော်ပြပေးထားပါသည်။

ယင်းစာအုပ်အား အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်အရောင်းဆိုင်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း စာအုပ်အရောင်းဆိုင်တို့တွင် တစ်အုပ်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဝယ်ယူရရှိနိုင်သည်။

# (၇၆)နှစ်မြောက် တပ်မတော်နေ့ကိုဂုဏ်ပြုသောအားဖြင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နယ်မြေခံဆေးတပ်ရင်းသို့ အလှူငွေများလှူဒါန်း

**နေပြည်တော် မတ် ၂၄**

(၇၆)နှစ်မြောက်တပ်မတော်နေ့ကို ဂုဏ်ပြုသောအားဖြင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံ ဆေးတပ်ရင်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာရှိ၊ စစ်သည်၊ သူနာပြုများနှင့် ဆေးရုံတက်လူနာများအတွက် အလှူရှင်များက အလှူငွေပေးအပ်ခြင်းကို ယမန်နေ့က အနောက်တောင်တိုင်းစစ်ဌာနချုပ် ဧည့်ခန်းမ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ်အောင်အောင်နှင့်အဖွဲ့ဝင်များ၊ အလှူရှင်များ တက်ရောက်ကြသည်။

ဦးစွာ အလှူရှင်ဖြစ်သည့် ဦးကျော်နေဝင်းက လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူငွေကျပ်သိန်း ၁၂၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းမှူးက လက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**



*စာမျက်နှာ ၆ မှ*

**အရေးကြုံတိုင်း နိုင်ငံတော်၏ ကယ်တင်ရှင် မြန်မာ့တပ်မတော်**

လွတ်လပ်ရေးရပြီးစ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရှေးဦးစွာ ကြုံတွေ့ရသည့် နိုင်ငံတော်၏ အန္တရာယ်မှာ ပြည်တွင်းဆူပူသောင်းကျန်းမှုများနှင့် ရောင်စုံလက်နက်ကိုင်အဖွဲ့အစည်းများ၏ ထိုးနှက်တိုက်ခိုက်မှုများပင်ဖြစ်သည်။ သခင်သန်းထွန်း ခေါင်းဆောင်သော ဗမာပြည် ကွန်မြူနစ်ပါတီ(အလံဖြူ)သည် ၁၉၄၈ ခုနှစ် မတ်လ ၂၈ ရက်နေ့တွင် တောခိုကာ လက်နက်ကိုင်တိုက်ပွဲလမ်းစဉ်ဖြင့် နိုင်ငံတော်နှင့် တပ်မတော်ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ မြန်မာနိုင်ငံ ကျေးလက်အနှံ့ ၎င်းတို့၏ မြေအောက်ယူဂျီ (UG)များနှင့် အမာခံပါတီ ကေဒါများ၏ အကူအညီဖြင့် ပစ္စည်းမဲ့တော်လှန်ရေးအယူအဆနှင့် ရုပ်ကြမ်းဝါဒကို မျိုးစေ့ချဟောပြောရင်း လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ကို အကြမ်းဖက်နည်းလမ်းဖြင့် အကောင်အထည်ဖော်ခဲ့သည်။ အလားတူ သခင်စိုး ခေါင်းဆောင်သော အလံနီကွန်မြူနစ်ပါတီ (ကွန်မြူနစ်ပါတီဗမာပြည်)သည်လည်း သခင်သန်းထွန်းခေါင်းဆောင်သော အလံဖြူကွန်မြူနစ်ပါတီကဲ့သို့ပင် လက်နက်ကိုင်တော်လှန်ရေးလမ်းစဉ်ဖြင့် နိုင်ငံရေးအာဏာကိုရယူရန် အစိုးရနှင့် တပ်မတော်ကို ဆန့်ကျင် တိုက်ခိုက်သည့်အပြင် တစ်ချိန်တည်းမှာပင် အလံဖြူ ကွန်မြူနစ်ပါတီကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည်။ သခင်စိုး၏ အလံနီကွန်မြူနစ်ပါတီသည် မုံရွာခရိုင်၊ ပခုက္ကူခရိုင်တို့တွင် အခြေချ ခိုအောင်းလှုပ်ရှားခဲ့ပြီး ထိုဒေသရှိ ကျေးလက်နေပြည်သူများအပေါ် ရက်စက်စွာ ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။ ၁၉၆၀ ပြည့်နှစ်တွင် ပခုက္ကူခရိုင် ဆင်စွယ်ရွာ၌ ရွာလုံးကျွတ် ယောကျ်ားမှန်သမျှကို ရက်ရက်စက်စက် သတ်ဖြတ်ပြီး သွေးခင်းသောတော်လှန်ရေးဟု ဟစ်ကြွေးကာ နိုင်ငံတော်အာဏာကိုလုယူရန် ကြိုးပမ်းခဲ့သည်ကို တွေ့ရသည်။

ထိုစဉ်က ကွန်မြူနစ်များ တောခိုပြီးနောက် ရဲဘော်ဖြူများ ဆက်လက်တောခိုခဲ့ကြပြီး မြန်မာနိုင်ငံအောက်ပိုင်းဒေသများ၊ မြေလတ်ဒေသများနှင့် မန္တလေး၊ မိတ္ထီလာ၊ မြင်းခြံ၊ မုံရွာဒေသများတွင် အလံဖြူ၊ အလံနီကွန်မြူနစ်များနှင့် ရဲဘော်ဖြူတို့သည် အင်အားဖြန့်ကြက်လှုပ်ရှားကာ နယ်မြေခံပြည်သူများအား အနိုင်ကျင့်ညှဉ်းပန်းနှိပ်စက်ခဲ့ကြသည်။

အင်္ဂလိပ်နယ်ချဲ့တို့၏ သွေးထိုးသပ်လျှိုသွေးခွဲမှုကြောင့် လွတ်လပ်ရေးမရမီကပင် စိတ်ဝမ်းကွဲပြား အယူအဆ ကြီးစိုးနေခဲ့သော ကရင် လက်နက်ကိုင်တပ်များသည်လည်း ကေအင်ဒီအို (KNDO) အမည်ဖြင့် တောခိုခဲ့ကြကာ အစိုးရနှင့် တပ်မတော်ကို ဦးတည်တိုက်ခိုက်ခဲ့ကြသည်။ ကေအင်ဒီအိုလက်နက်ကိုင်တပ်ဖွဲ့များသည် မြစ်ဝကျွန်းပေါ်ဒေသရှိ မြို့၊ ရွာများနှင့် မြန်မာနိုင်ငံ၏ အချက်အချာကျသော တောင်ငူ၊ မိတ္ထီလာ၊ မေမြို့ စသောမြို့များကို တိုက်ခိုက်ထိန်းချုပ်ထားခဲ့ကြသည်။ ရန်ကုန်-ပြည် ဆက်သွယ်ရေးလမ်းကြောင်းနှင့် လေယာဉ်ကွင်းအချို့ကို သိမ်းပိုက်ထားခဲ့ကြသည်။ မိတ္ထီလာလေယာဉ်ကွင်းကို သိမ်းပိုက်ပြီးသော ကေအင်ဒီအို “နော်ဆိုင်း” ခေါင်းဆောင်သော လက်နက်ကိုင်တပ်ဖွဲ့များသည် မေမြို့နှင့် မန္တလေးမြို့တို့ကို သိမ်းပိုက်ရန် တိုက်ခိုက်ခဲ့သည်။ တောင်ငူနှင့် ပြည်ကို ထိန်းချုပ်ထားသော ကေအင်ယူတပ်ဖွဲ့များသည် အင်းစိန်စော်ဘွားကြီးကုန်းတွင် ခြေကုပ်ယူကာ ရန်ကုန်မြို့တော်ကြီးကို သိမ်းပိုက်ရန် အင်အားပြည့်ထိုးနှက်တိုက်ခိုက်ခဲ့သည်။

ထိုစဉ်က ရန်ကုန်မြို့တော်ကြီးပါ ကျဆုံးရတော့မည့်အခြေအနေဆိုးကြီးကို နိုင်ငံခြား စာနယ်ဇင်းများက ဖဆဖလအစိုးရကို “ရန်ကုန်အစိုးရ”ဟု ပြောင်လှောင် ကင်ပွန်းတပ်ရေးသားခဲ့ကြသည်။ ရန်ကုန်-ပြည် လမ်းကြောင်းတွင် ဖိုးသာအောင်ကုန်းတံတားနှင့် ဝက်ကော်တံတား၌ လည်းကောင်း၊ တောင်ငူ-ပဲခူး လမ်းကြောင်းတွင် ညောင်လေးပင်-ဒိုက်ဦး၊ ကတုတ်ဘုရားကြီး၌ လည်းကောင်း မြန်မာ့တပ်မတော်နှင့် ကေအင်ဒီအိုတပ်ဖွဲ့များ ပြင်းထန်စွာ တိုက်ပွဲများဖြစ်ပွားခဲ့ကြသည်။ မြန်မာနိုင်ငံအနှံ့ပေါ်ပေါက်ခဲ့သော လက်နက်ကိုင် ဆူပူသောင်းကျန်းမှုများကို ထိုစဉ်က ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်နေဝင်းက ဦးစီးကွပ်ကဲကာ တပ်ရင်း(၁၀) ရင်းခန့်သာ ရှိသော အင်အားလောက်ဖြင့် ပြန်လည်ခုခံတိုက်ခိုက်အောင်ပွဲဆင်ခဲ့ရသည်။ အင်းစိန်တိုက်ပွဲကြီးတွင်လည်း သေနတ်ကိုင်တပ်ရင်း(၅)မှ အနီးကပ်စစ်ဆင်တိုက်ခိုက်ခဲ့ရာ ထိုစဉ်က မြန်မာ့တပ်မတော်နှင့်အတူ တိုင်းရင်းသားပြည်သူများ၊ တက္ကသိုလ်ကျောင်းသားများကပါ ပါဝင်ကူညီ တိုက်ပွဲဝင်ခဲ့ကြသည်မှာ ပြည်ထောင်စုပြိုကွဲမည့်အန္တရာယ်ကို အမျိုးသား အန္တရာယ်ကြီးအဖြစ်ခံယူပြီး သက်စွန့်တိုက်ပွဲဝင်ခဲ့ကြခြင်းပင်ဖြစ်သည်။

ကေအင်ဒီအို သောင်းကျန်းသူများကို အောင်ပွဲဆင်ပြီးနောက် မြွေပူရာကင်းမှောက်သည့် အလား ၁၉၅၀ ပြည့်တွင် အမေရိကန်ဩဇာခံ ကူမင်တန်တရုတ်ဖြူ စစ်ပြေးတပ်များက မြန်မာနိုင်ငံအတွင်းသို့ ကျူးကျော်ဝင်ရောက်လာကာ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကိုးကန့်နှင့် ‘ဝ’ ဒေသများ၊ တန့်ယန်းဒေသ၊ ကျိုင်းတုံ၊ မိုင်းပါလျှို၊ တာချီလိတ်ဒေသများ၌ ခြေကုပ်ယူ ခိုလှုံလာခဲ့ကြသည်။

ထို့ကြောင့် မြန်မာ့တပ်မတော်သည် နဂါးနိုင်၊ ဘုရင့်နောင်၊ ရန်ကြီးအောင်၊ ဆင်ဖြူရှင်၊ မဲခေါင် စစ်ဆင်ရေးတို့ကို သက်စွန့်ဆံဖျားစွန့်စားကာ ကူမင်တန်တရုတ်ဖြူတို့၏ စခန်းများကို အောင်မြင်စွာ ပြန်လည်သိမ်းပိုက်နိုင်ခဲ့သည်။ တစ်ဖက်တွင် အမေရိကန်ဩဇာခံ ကူမင်တန် တရုတ်ဖြူတပ်များ မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်ကျူးကျော်ပြီး ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်မှုများနှင့် စပ်လျဉ်း၍ ကုလသမဂ္ဂသို့ တင်ပြတိုင်ကြား ဖြေရှင်းခဲ့ရသည်။ ဤသို့ဖြင့် အချုပ်အခြာအာဏာထိပါးမှု အန္တရာယ်ဆိုးကြီးကို မြန်မာ့တပ်မတော်သည် ကာကွယ်ကယ်တင်စောင့်ရှောက်ကာ မြန်မာ့နိုင်ငံရေးဖြစ်စဉ်တွင် မော်ကွန်းမှတ်တိုင်စိုက်ထူနိုင်ခဲ့ပါသည်။

# ၂၃-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**နေပြည်တော် မတ် ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၃/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ တတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲတွင် အပိုင်း ၂ ပိုင်းဖြင့် ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ အပိုင်း(၁)ကို မိမိမှ ရှင်းလင်းမည်ဖြစ်ပြီး အပိုင်း(၂)ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ အဖွဲ့ဝင် ဦးခင်မောင်ဦးက ရှင်းလင်းမည်ဖြစ်ကြောင်း၊ အပိုင်း(၁)မှာ မတ် ၁၁ ရက်မှ မတ် ၂၁ ရက်အထိ ဖြစ်ပေါ်ခဲ့သည့် ဆူပူဆန္ဒပြမှုမှ အကြမ်းဖက်တိုက်ခိုက်မှု အသွင်ပြောင်းလဲလာသည့် မင်းမဲ့စရိုက်လှုပ်ရှားမှုများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လုပ်ဆောင်ချက်များ၊ မီဒီယာများ၏ သတင်းမှား ဖော်ပြချက်များနှင့် သွေးထိုးလှုံ့ဆော်မှုများ၊ နိုင်ငံတော်အဆင့် လာဘ်ပေးလာဘ်ယူမှုများနှင့် မသမာမှုများ၊ ရပ်/ကျေးအဆင့် အခြေခံ UEC များတွင် မဲမသမာမှုများ ဖြစ်ပွားခဲ့ရသည့်ပုံစံနှင့် မြေပြင်တွင် မဲမသမာမှုလုပ်ခဲ့သည့် အခြေအနေများကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း။

## တရားဝင်ထုတ်ပြန် ကြေညာခဲ့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူထိန်းသိမ်းရခြင်းသည် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံး၌ဖြစ်ခဲ့သည့် မဲမသမာမှုများ၊ မဲလိမ်မဲခိုးမှုများကြောင့် ထိန်းသိမ်းရခြင်းဖြစ်ကြောင်း၊ အဆိုပါကိစ္စများကို ဖြေရှင်းပေးရန်အတွက် နိုဝင်ဘာ ၃၀ ရက်မှ စတင်ပြီး တပ်မတော်က တရားဝင်ထုတ်ပြန် ကြေညာခဲ့ကြောင်း၊ ဒီဇင်ဘာလနှင့် ဇန်နဝါရီလ ၂ လလုံး အချိန်ရပြီး တရားဥပဒေနှင့်အညီ ဖြေရှင်းပေးရန်၊ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ စေ့စပ်ညှိနှိုင်းအဖြေရှာရေး လမ်းစဉ်လုပ်ပေးရန် တောင်းဆိုခဲ့ကြောင်း၊ လျစ်လျူရှုသည့် အဆင့်ထက် ပိုမိုသည့် အဆင့်ကိုလုပ်ခဲ့ကြောင်း၊ ယခုမှစေ့စပ်ညှိနှိုင်းရန် ပြောနေခြင်းများရှိကြောင်း၊ ဘာကြောင့် ယခင်ကမပြောခဲ့သည်ကို စဉ်းစား၍မရကြောင်း၊ စေတနာမှန်လျှင်၊ မိမိတို့နိုင်ငံကို ဒီမိုကရေစီစစ်စစ်နိုင်ငံဖြစ်စေချင်သည်ဆိုလျှင် အဲဒီအချိန်က စေ့စပ်ညှိနှိုင်းပါဟုပြောနေသည့်သူများအနေဖြင့် ပြောခဲ့သင့်ကြောင်း။

ဖေဖော်ဝါရီလ ၁ ရက်တွင် တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်ကို ရယူခဲ့ရကြောင်း၊ ဆန္ဒပြမှုများဖြစ်ပွားခဲ့ကြောင်း၊ ဖေဖော်ဝါရီ ၉ ရက်မှစပြီး ငြိမ်းချမ်းစွာဆန္ဒပြမှုမှ ဆူပူဆန္ဒပြမှုအသွင်ကို ပြောင်းလဲလာကြောင်း၊ နောက်ပိုင်း မင်းမဲ့စရိုက်အသွင်၊ လက်နက်ကိုင်အကြမ်းဖက်မှုအသွင်သို့ ပြောင်းလဲလာခဲ့ကြောင်း၊ အကြမ်းဖက်ဆန္ဒပြသူများအနေဖြင့် မြို့နယ် ၃၀ ခုတွင် ပြည်သူ့ပိုင်ရုံး ၆ ခု၊ ရဲစခန်း ၃၀ ခု၊ ရဲကင်း ၁၂ ကင်း၊ အဆောက်အဦ ၅ ခုတို့ကို အကြမ်းဖက်ဖျက်ဆီးခဲ့ကြောင်း၊ မီးရှို့ဖျက်ဆီးမှုများအနေဖြင့် စာသင်ကျောင်းများကို မီးရှို့ဖျက်ဆီးမှု ၃ ကြိမ်၊ တံတားမီးရှို့မှု ၁ ကြိမ်၊ ATM စက်နှင့် ဘဏ်များဖျက်ဆီးခံရမှု ၂ ကြိမ်၊ ဆက်သွယ်ရေးတာဝါတိုင်များ ဖျက်ဆီးခံရမှု ၁ ကြိမ်၊ မီးသတ်စခန်းဖျက်ဆီးခံရမှု ၁ ကြိမ်၊ မော်တော်ယာဉ်များဖျက်ဆီးခံရမှု ၄ ကြိမ်၊ နေအိမ်များ မီးရှို့ခံရမှု ၂ ကြိမ်၊ ဆိုင်များဖျက်ဆီးမှု ၂ ကြိမ်၊ မီးရထားလမ်းပိုင်း ဖျက်ဆီးခံရမှု ၂ ကြိမ် ဖြစ်ပွားခဲ့ကြောင်း။

## ပြည်သူလူထု သောင်းနှင့်ချီပြီး အလုပ်လက်မဲ့ဖြစ်ခဲ့

စက်ရုံ၊ အလုပ်ရုံများ မီးရှို့ဖျက်ဆီးခံရမှုအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း မတ် ၁၄ ရက်မှ ၁၉ ရက်အတွင်း အထည်ချုပ်စက်ရုံ ၁၀ ရုံ၊ အထည်ချုပ်လုပ်ငန်းသုံး စက်ပစ္စည်းစက်ရုံ ၂ ရုံ၊ လျှပ်စစ်ပစ္စည်းစက်ရုံ ၁ ရုံ၊ ဓာတ်မြေသြဇာစက်ရုံ ၁ ရုံ၊ အိတ်ချုပ်စက်ရုံ ၁ ရုံ၊ ပီနံအိတ်စက်ရုံ ၁ ရုံနှင့် ဖော့ပစ္စည်းစက်ရုံ ၁ ရုံ၊ စုစုပေါင်းစက်ရုံ၊ အလုပ်ရုံမီးလောင်ဆုံးရှုံးမှု ၁၇ ရုံ ဖြစ်ပွားခဲ့ကြောင်း၊ ထိုစက်ရုံများတွင် မှီခိုလုပ်ကိုင်နေရသည့် ပြည်သူလူထုသောင်းနှင့်ချီပြီး အလုပ်လက်မဲ့ဖြစ်ခဲ့ရကြောင်း၊ အဆိုပါအလုပ်လက်မဲ့ ဖြစ်ခဲ့ရသည့် မိသားစုများ၏ လူမှုစီးပွားဘဝများ **"အခုဘယ်လိုဖြစ်နေမလဲ၊ သူတို့ကို မှီခိုနေရသည့်သူများ ဘယ်လိုဖြစ်နေမလဲ၊ သွေးထိုးလှုံ့ဆော်သူများ၏ သွေးထိုးလှုံ့ဆော်မှုတွေကြောင့် ဘဝပျက်ခဲ့သူတွေ ဘယ်လောက်ရှိနေပြီလဲ"** စဉ်းစားကြရန်လိုကြောင်း၊ ဓာတ်မီးတိုင်များ ဖျက်ဆီးခံရမှု ၁ ကြိမ်၊ ရထားလမ်းကို ဖျက်ဆီးခြင်း၊ ရထားတိမ်းမှောက်အောင်လုပ်ခြင်းသည် အလွန်အန္တရာယ်ကြီးသည့် ဆောင်ရွက်မှုဖြစ်ပါကြောင်း၊ စက်ရုံ၊ အလုပ်ရုံများ လုယူခံရမှုများ၊ နေအိမ်ဖျက်ဆီးခံရမှုများ ဖြစ်ပွားခဲ့သည့် Video Clip များဖြင့် ရှင်းလင်းပြောကြားသည်။



အကြမ်းဖက်ဆူပူဆန္ဒပြသူများက မီးရှို့ရန် ပြုလုပ်နေမှု။

နိုင်ငံ၏ကုန်ထုတ်စွမ်းအားစု၊ ပြည်တွင်းပြည်ပရင်းနှီးမြှုပ်နှံမှုအရေးကြီးသည့် စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်းများ၊ လုယက်ခြင်းများအထိ ဆောင်ရွက်ခဲ့ကြောင်း၊ မီးသတ်မည့် မီးသတ်ကားများထွက်မရအောင် အကြမ်းဖက်တားဆီးခဲ့ကြောင်း၊ ကမ္ဘာ့သတင်းမီဒီယာများတွင် " မြန်မာ့ဒီမိုကရေစီဆိုတာဒါလား" ဟု မေးခွန်းထုတ်လာကြောင်း၊ " ဒါတွေကို ငြိမ်းချမ်းစွာဆန္ဒပြတယ် ခေါ်မလား၊ ဒီလိုဆူပူ ဆန္ဒပြ၊ မီးရှို့၊ ပစ်ခတ်တာတွေကို ဘယ်နိုင်ငံက၊ ဘယ်အဖွဲ့အစည်းက ဘယ်လိုစံနှုန်းတွေနဲ့ ငြိမ်းချမ်းစွာဆန္ဒပြတယ်လို့ သတ်မှတ်ပါသလဲ "ဟု မေးခွန်းထုတ်ချင်ကြောင်း၊ အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ရဲတပ်ဖွဲ့ဝင် ၅ ဦး ကျဆုံးခဲ့ပြီး ၁၆၃ ဦး ဒဏ်ရာရရှိခဲ့ကြောင်း၊ တပ်မတော်သား ၄ ဦး ကျဆုံးပြီး မိသားစုဝင် ၁ ဦး သေဆုံးခဲ့ကြောင်း၊ အကြမ်းဖက်အုပ်စုက Cyber Bullying လုပ်ပြီး ဒလန်ဟု စွပ်စွဲသတ်ဖြတ်ခဲ့ခြင်းကြောင့် အပြစ်မဲ့ပြည်သူ ကျား ၃၃ ဦး၊ မ ၂ ဦး၊ ပေါင်း ၃၅ ဦး ရက်စက်စွာ သတ်ဖြတ်ခံခဲ့ရကြောင်း၊ သေဆုံးသူ စုစုပေါင်း ၄၄ ဦး၊ ဒဏ်ရာရသူ ၁၆၃ ဦးရှိကြောင်း၊ ဒီမိုကရေစီကို တောင်းဆိုတာလား "ငါနဲ့မတူ ငါ့ရန်သူ" ဆိုတဲ့ ဝါဒဖြစ်ပါကြောင်း၊ "ငါနဲ့မတူ၊ ငါ့ရန်သူ" ဆိုတာကိုမှ ဒီမိုကရေစီဟု ယူဆလျှင် ဒီမိုကရေစီမဟုတ်ဘဲ မင်းမဲ့စရိုက်ဟု ပြောလိုကြောင်း၊ မင်းမဲ့စရိုက်ကို နှိမ်နင်းရမည်ဖြစ်ကြောင်း၊ မင်းမဲ့စရိုက်ကို "မည်သည့် ကမ္ဘာ့နိုင်ငံက လက်ခံပါသလဲ" လက်ခံလျှင် အဆိုပါမင်းမဲ့စရိုက် လူတန်းစားကို မြန်မာက Export ကောင်းကောင်းလုပ်ပေးမည်၊ လက်ခံပေးပါဟု ပြောလိုကြောင်း၊ ဒီမိုကရေစီနည်းလမ်းအရ ကောင်းမွန်စွာ လက်ခံပေးပါဟု ပြောလိုကြောင်း။

ယခုနောက်ပိုင်း အကြမ်းဖက်ရာတွင် အသုံးပြုသော လူကိုသေစေနိုင်ပြီး ပြင်းထန်စွာ ဒဏ်ရာရရှိစေနိုင်သည့်လက်နက်များ၊ အကြမ်းဖက်သုံးပစ္စည်းများကို နေရာအနှံ့မှ ရှာဖွေဖော်ထုတ်တွေ့ရှိနေရကြောင်း ပြောကြားပြီး အကြမ်းဖက်ဆန္ဒပြရာတွင် အသုံးပြုနေသည့်လက်နက်များကို Video Clip ၂ ခု ပြသ၍ ရှင်းလင်းသည်။

အဆိုပါ အကြမ်းဖက်မှုများကို နှိမ်နင်းရာတွင် သေဆုံးမှုများရှိပါကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ပစ်ခတ်ခြင်း၊ ရဲစခန်းများကို ဝိုင်းဝန်းအကြမ်းဖက်တိုက်ခိုက်ခြင်း၊ သက်သေခံပစ္စည်းများ ဖျောက်ဖျက်ရန်အတွက် လုပ်ဆောင်ခြင်းများကို ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်လျက်ရှိပါကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ဆူပူသူများကို ဖြိုခွင်းမှုကြောင့် သေဆုံးမှု၊ ဒဏ်ရာရမှုများကို ပြောဆိုနေခြင်းများလည်း တွေ့ရကြောင်း၊ သေဆုံးသူ ၁၆၄ ဦးရှိပြီး အကြမ်းဖက်ဆူပူသူများ သေဆုံးခြင်းသည် မိမိနိုင်ငံသားများဖြစ်ခြင်းကြောင့် စိတ်မကောင်းပါကြောင်း၊ သို့သော် Covid–19 ရောဂါမဖြစ်ပွားမီ ၂၀၁၉ ခုနှစ် တစ်နှစ်လုံး ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် ရောဂါအမျိုးမျိုးနှင့် အတွင်းလူနာအဖြစ် တက်ရောက်ကုသမှုခံယူရသူ ၈၉၀၇၂ ဦးရှိပြီး သေဆုံးသူ ၆၄၇၅ ဦးရှိကြောင်း၊ တစ်လပျမ်းမျှအတွင်း လူနာ ၇၄၂၂ ဦးဖြစ်ပြီး တစ်လပျမ်းမျှ သေဆုံးလူနာ ၅၃၉ ဦး ရှိကြောင်း၊

*စာမျက်နှာ ၉ သို့*

**" မီဒီယာများနှင့် ပတ်သက်၍ သတင်းကို မှန်ကန်စွာရေးသားခြင်း၊ နှစ်ဖက်အမြင်နှင့် မျှတစွာရေးသားခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့် အရေးအသားများ၊ အကြမ်းဖက်မှုဖြစ်အောင် သွေးထိုးလှုံ့ဆော်မှုများကို ရှောင်ရှားရမည် ဖြစ်သော်လည်း၊ အချို့မီဒီယာများအနေဖြင့် သွေးထိုးလှုံ့ဆော်မှု၊ သတင်းမှား ဖြန့်ချိမှုများကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းကိုတွေ့ရ၊ မတ်လ ၁၇ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများကို အကျယ်ချုပ် ဖမ်းချုပ်တယ်ဆိုပြီး ပြည်တွင်းမီဒီယာတစ်ခုက သတင်းဖြန့်ခဲ့၊ အဆိုပါ သတင်းကိုပင် အာဆီယံဒေသတွင်း၊ အာရှဒေသတွင်း ထင်ရှားသည့် မီဒီယာတစ်ခုက ထပ်မံရေးသားခဲ့ခြင်းကို အံ့သြဖွယ်တွေ့ရ၊ သတင်းဌာန၏ သိက္ခာ၊ ယုံကြည်ကိုးစားရမှုနှင့် ပတ်သက်ပြီး မေးခွန်းထုတ်စရာဖြစ်၊ ရန်ကုန်မြို့၏ မြို့ကြီးအချို့မှ အများပြည်သူသုံး လမ်းမကြီးများပေါ်တွင် အတားအဆီးများချထားခြင်း၊ သဲအိတ်များချထားပြီး လမ်းပိတ်ဆို့ထားခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိဒေသခံ ပြည်သူများက ရှင်းလင်းဖယ်ရှားခြင်းကိုလည်း မတရားစေခိုင်းနေသည့် ပုံစံဖြစ်အောင် အမျိုးမျိုးဆောင်ရွက်ခဲ့"**

*စာမျက်နှာ ၈ မှ*

ယခု ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် CDM လုပ်နေသည့် ကျန်းမာရေးဝန်ထမ်းအချို့ကြောင့် လုပ်ငန်းအပြည့်အဝ ဆောင်ရွက်နိုင်မှုမရှိခြင်း တစ်လခွဲခန့်ရှိပြီ ဖြစ်ကြောင်း၊ “ ဆေးကုသဖို့ လိုအပ်ပေမယ့် ဆေးကုသမှုမခံရသည့်လူနာ ဘယ်လောက်သေဆုံးနေပြီလဲ” တစ်နိုင်ငံလုံး အတိုင်းအတာကို မိမိအနေဖြင့် မပြောလိုသေးဘဲ ရန်ကုန်ပြည်သူ့ဆေးရုံကြီး တစ်ခုတည်းကိုပဲ ပြောပြခြင်းဖြစ်ကြောင်း၊ တာဝန်မဲ့ ကျင့်ဝတ်မလိုက်နာသူများကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံးမှုကို တွေ့မြင်နိုင်ပါကြောင်း။

“၂၀၂၀ ရွေးကောက်ပွဲတွင် မဲဘယ်လိုလိမ်ခဲ့တယ်။ ဘယ်လိုညစ်ခဲ့တယ်” ဆိုသည့် အခြေခံရပ်/ကျေးအဆင့်ကို ရှင်းလင်းပြမည်ဖြစ်ကြောင်း၊ အဆိုပါမဲသူခိုးများအတွက် မဲခိုးသူတွေက လှုံ့ဆော်တိုင်း မိမိတို့ ပဋိပက္ခတွေဖြစ်နေကြမည်လား၊ သူများပြောတိုင်း၊ သွေးထိုးတိုင်း လုပ်နေကြမည်လား၊ စဉ်းစားရန် လိုအပ်ကြောင်း ပြောကြားသည်။

နံပါတ် ၂ အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏လုပ်ဆောင်ချက်များကို ပြောကြားသွားမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အနေဖြင့် ယခုရက်သတ္တပတ်အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့၊ ကျွန်းစုမြို့နှင့် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့သို့သွားရောက်ခဲ့ကြောင်း၊ ခရီးစဉ်တွင် နိုင်ငံတော်အကြီးအကဲအနေဖြင့် တပ်မတော်မှ နိုင်ငံတော်၏တာဝန်များကို ဥပဒေနှင့်အညီ တာဝန်ထမ်းဆောင်နေမှု၊ ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အများ၏ဆန္ဒနှင့် ဆောင်ရွက်သည်ဆိုသော်လည်း အများ၏ ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့်နိုင်ငံရေးဖြစ်ရန်လိုကြောင်း၊ အများ၏ဆန္ဒသည် ရိုးသားမှုမရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန်ခဲယဉ်းသည်ကို ပြောကြားခဲ့ကြောင်း၊ အကြမ်းဖက် ဆန္ဒပြမှုဖြစ်စဉ်များနှင့်ပတ်သက်ပြီး “လူငယ်လူရွယ်များကို အမျိုး၊ ဘာသာ၊ သာသနာ၊ ယဉ်ကျေးမှုကင်းမဲ့စေသည့် လုပ်ဆောင်ချက်များကို လုပ်ဆောင်လာစေရန်၊ ဆူပူအကြမ်းဖက်မှု ဖြစ်ပေါ်လာစေရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှုများ လုပ်ဆောင်နေသည်ကို တွေ့မြင်ရပြီး နိုင်ငံတော်အတွက် အန္တရာယ်ရှိသည့်လုပ်ရပ်များဖြစ်ကြောင်း” လူငယ်၊ လူရွယ်များအနေဖြင့် မိမိတို့၏ရည်ရွယ်ချက်၊ အနာဂတ်ကိုရှုမြင်ပြီး နောက်ကွယ်မှ သွေးထိုးလှုံ့ဆော်မှု၊ နိုင်ငံရေးသမားများ၏ ချောက်ချမှုများကို သတိထားရှုမြင်သင့်ကြောင်း ရှင်းလင်းပြောကြားသည်။

### သွေးထိုးလှုံ့ဆော်မှုများကို ရှောင်ရှားရမည်

ဆက်လက်၍ မီဒီယာများနှင့်ပတ်သက်၍ သတင်းကို မှန်ကန်စွာရေးသားခြင်း၊ နှစ်ဖက်အမြင်နှင့် မျှတစွာရေးသားခြင်းတို့ကို ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေမည့်အရေးအသားများ၊ အကြမ်းဖက်မှုဖြစ်အောင် သွေးထိုးလှုံ့ဆော်မှုများကို ရှောင်ရှားရမည်ဖြစ်သော်လည်း၊ အချို့မီဒီယာများအနေဖြင့် သွေးထိုးလှုံ့ဆော်မှု၊ သတင်းမှား ဖြန့်ချိမှုများကို ရည်ရွယ်ချက်ရှိရှိ ဆောင်ရွက်နေခြင်းကိုတွေ့ရကြောင်း၊ မတ်လ ၁၇ ရက်တွင် နိုင်ငံတော်သံဃမဟာနာယကဆရာတော်ကြီးများကို အကျယ်ချုပ်ဖမ်းချုပ်တယ်ဆိုပြီး ပြည်တွင်းမီဒီယာတစ်ခုက သတင်းဖြန့်ခဲ့ကြောင်း၊ အဆိုပါသတင်းကိုပင် အာဆီယံဒေသတွင်း၊ အာရှဒေသတွင်း ထင်ရှားသည့် မီဒီယာတစ်ခုက ထပ်မံရေးသားခဲ့ခြင်းကို အံ့သြဖွယ်တွေ့ရကြောင်း၊ သတင်းဌာန၏သိက္ခာ၊ ယုံကြည်ကိုးစားရမှုနှင့် ပတ်သက်ပြီး မေးခွန်းထုတ်စရာဖြစ်ကြောင်း၊ ရန်ကုန်မြို့၏ မြို့ကြီးအချို့မှ အများပြည်သူသုံး လမ်းမကြီးများပေါ်တွင် အတားအဆီးများချထားခြင်း၊ သဲအိတ်များချထားပြီး လမ်းပိတ်ဆို့ထားခြင်းများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်သိဒေသခံပြည်သူများက ရှင်းလင်းဖယ်ရှားခြင်းကိုလည်း မတရားစေခိုင်းနေသည့် ပုံစံဖြစ်အောင် အမျိုးမျိုးဆောင်ရွက်ခဲ့ကြောင်း၊ ယခုလို ဆောင်ရွက်မှုနှင့် ပတ်သက်ပြီး ဒေသခံပြည်သူအချို့၏ အမြင်ကို Video Clip ဖြင့် ရှင်းလင်းပြသသည်။

> **“မြေပြင်စစ်ဆေးချက်များ၊ ရပ်ကွက်၊ ကျေးရွာအဆင့် ကော်မရှင် အဖွဲ့ဝင်များ၏ ဖွင့်ဟပြောဆိုချက်များအရ လက်တွေ့မြေပြင်တွင် မဲမသမာမှု၊ မဲလိမ်မဲခိုးမှုများကို ပထမအဆင့်အနေဖြင့် ကြိုတင်မဲပေးခွင့်ရှိသူတွေကို ဖောင်းပွအောင်ပြုလုပ်ခြင်း၊ ကြိုတင်မဲမှ မဲခိုးခြင်းဖြစ်၊ ရပ်/ကျေးအဆင့် NLD အုပ်ချုပ်ရေးမှူးတချို့နှင့် အမာခံများက ဆောင်ရွက်ခဲ့၊ ဒုတိယအဆင့်အနေဖြင့် အဆိုပါ ကြိုတင်မဲပေးမည့်လူများစာရင်းကို မြို့နယ်ကော်မရှင်ကို တင်ပြခဲ့၊ မြို့နယ်ကော်မရှင်အနေဖြင့် အချက်အလက်မခိုင်လုံသူ များကို ပယ်ချခဲ့ခြင်းများရှိ၊ သို့သော် အုပ်ချုပ်ရေးမှူးအချို့ နှင့် NLD အမာခံများက ကျေးရွာကော်မရှင်ကို ဖိအားပေးပြီး စာရင်းပြန်ထည့်စေ၊ ရပ်/ ကျေးကော်မရှင်က ကွန်ပျူတာဖြင့်လည်းကောင်း၊ နောက်ဆုံးတွင် လက်ရေးနှင့်ရေးသားဖြည့်သွင်းခဲ့ရသည့် သက်သေပုံများကို ကြေညာသင်ပုန်းတွင် ပြသထား”**

### CRPH ကို မတရားအသင်းအဖြစ် ကြေညာခဲ့

ဆက်လက်ပြီး NLD ပညာရေးကွန်ရက်မှ ဦးဇော်မြတ်လင်း သေဆုံးမှုသည် လုံခြုံရေးတပ်ဖွဲ့ဝင်များက ရှာဖွေစဉ် အိမ်ပေါ်ကခုန်ချရာမှ ခြံစည်းရိုးပေါ်ကျပြီး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်၍ ပါးစပ်ထဲ ရေနွေးပူလောင်းထည့်ခြင်းဟု လုပ်ကြံဖန်တီးပြီး သတင်းပြုလုပ်ခဲ့ခြင်းကိုလည်း တွေ့ရကြောင်း၊ အချို့လူမှုကွန်ရက်စာမျက်နှာတွင် လုပ်ကြံဖန်တီးပြီး တင်သည့်ဓာတ်ပုံများကို မီဒီယာများက ယူသုံးထားခြင်းများ တွေ့ရကြောင်း၊ မီဒီယာများအနေနှင့်



မန္တလေးမြို့၌ ပိုး၃၊ ပိုးရှင် အထည်အလိပ်စက်ရုံအား အကြမ်းဖက်မီးရှို့ဖျက်ဆီးမှု။

အကြမ်းဖက်ဆူပူဆန္ဒပြသူများ၏ မီးရှို့ဖျက်ဆီးမှုများ၊ ဒလန်ဟုစွပ်စွဲပြီး ကားတာယာ ကွင်းပတ်မီးရှို့သတ်သည့် ဖြစ်စဉ်များ၊ မျက်လုံးဖောက်သတ်သည့် ဖြစ်စဉ်များ၊ လှိုင်သာယာမြို့နယ်တွင် ရိုးသားစွာ အသက်မွေးဝမ်းကျောင်းပြုလုပ်ကိုင်နေသည့် ဆိုင်ပိုင်ရှင်အမျိုးသမီးတစ်ဦးကို ၂ ကြိမ်တိုင်တိုင် ညှဉ်းပန်းနှိပ်စက်သတ်ဖြတ်ခဲ့သည့်ဖြစ်စဉ်များကို သတင်းအမှောင်ချပြီး တစ်ဖက်သတ်ရေးသားနေခြင်းများ တွေ့ရကြောင်း၊ ဒီပဲယင်းမြို့နယ်တွင် အမှုတွဲသွားပေးသည့် ရဲတပ်ဖွဲ့ဝင် ၄ ဦးကို အကြမ်းဖက်ဆူပူဆန္ဒပြသူများက တားဆီးဖမ်းဆီးသတ်ဖြတ်သည့်ဖြစ်စဉ်ကို ရဲတပ်ဖွဲ့က စတင်ရန်ပြုသလို သတင်းကိုပြောင်းပြန်လုပ်ရေးသားခဲ့ခြင်းများ တွေ့ရကြောင်း၊ “ဒါတွေဟာ လွတ်လပ်တဲ့ မီဒီယာလား၊ ဘက်မလိုက်တဲ့ မီဒီယာလား”ဟု မေးခွန်းထုတ်လိုပါကြောင်း၊ ယခုအချိန်မှာ ဆူပူဆန္ဒပြမှုကိုမလိုလားသည့် ပြည်သူလူထုနှင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးကို လိုလားသူများကြောင့် အကြမ်းဖက်မှုများ သိသိသာသာ လျော့နည်းလာကြောင်း၊ တချို့ မသမာသည့်မီဒီယာများက ဆူပူဆန္ဒပြမှုများ ထပ်မံဖြစ်ပွားလာအောင် ဦးတည်လှုံ့ဆော်နေခြင်းများကို တွေ့ရကြောင်း၊ ပြည်ထဲရေးဝန်ကြီးဌာနအနေဖြင့် အမိန့်ကြေညာစာအမှတ်၊ ၂/၂၀၂၁ အရ CRPH ကို မတရားအသင်းအဖြစ် ကြေညာခဲ့ပြီးဖြစ်ကြောင်း၊ မီဒီယာများ၏ သတင်းဖော်ပြချက်များ၊ ရေးသားချက်များသည် ၎င်းမတရားအသင်းနှင့်ပတ်သက်ပြီး “တစ်နည်းနည်းဖြင့် ယင်းအသင်း၏ လုပ်ကိုင်ဆောင်ရွက်ရာတွင် ကူညီလျှင်” မတရားအသင်း အက်ဥပဒေပုဒ်မ ၁၇(၁)အရ ပြစ်မှုမြောက်သည်ကို သတိပေးလိုပါကြောင်း ပြောကြားသည်။

စတုတ္ထအချက်အနေဖြင့် နိုင်ငံတော်အဆင့် လာဘ်ပေး၊ လာဘ်ယူမှုနှင့် မသမာမှုများကို ရှင်းလင်းသွားမည်ဖြစ်ကြောင်း၊ ပထမအကြိမ်သတင်းစာရှင်းလင်းပွဲတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းနှင့် ပတ်သက်ပြီး ငွေကြေးဆိုင်ရာများ စစ်ဆေးလျက်ရှိသည်ကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ မတ် ၁၇ ရက်က စစ်ဆေးတွေ့ရှိချက်အချို့ကို သတင်းထုတ်ပြန်ပေးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်သာလမ်းရှိ ဖောင်ဒေးရှင်းရုံးချုပ်မြေနှင့် အဆောက်အဦကို တစ်လငွေကျပ် ၁၅ သိန်းဖြင့် ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီ ၂၂ ရက်မှ ၂၀၂၄ ခုနှစ်၊ဇန်နဝါရီ ၂၁ ရက်အထိ ငါးနှစ်ငှားရမ်းခဲ့ကြောင်း၊ အဆိုပါကိစ္စနှင့် ပတ်သက်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များရှိ ကာလတန်ဖိုးသတ်မှတ်ပေးသည့် စံနှုန်းများနှင့် အခွန်စည်းကြပ်နှုန်းထားများအရ တစ်နှစ်ကို ငွေကျပ် ၂ ဒသမ ၆ ဘီလီယံ နိုင်ငံတော်က နစ်နာခဲ့ကြောင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း ငှားရမ်းခ နှုန်းထားများအရ တွက်ချက်ကြည့်လျှင် ငွေကျပ် ၁ ဒသမ ၄ ဘီလီယံ နစ်နာကြောင်း၊ တစ်လကိုငှားရမ်းခ ငွေကျပ်သိန်း ၂၀၀၀ ကျော် နိုင်ငံတော်ကို ပေးသွင်းရမည်ဖြစ်ပြီး ငွေကျပ် ၁၅ သိန်းသာ ပေးသွင်းခဲ့ခြင်းဖြစ်ကြောင်း။

အလားတူ နေပြည်တော် လရောင်တော စိုက်ပျိုးသက်မွေးပညာသင်ကျောင်း၊ လက်တွေ့စိုက်ခင်းတို့နှင့် ပတ်သက်ပြီး တစ်ဧကေ ငွေကျပ်သိန်း ၅၀ နှုန်းဖြင့် ဝယ်ခွင့်ပြုခဲ့ခြင်းနှင့် ပတ်သက်ပြီး ပြည်တွင်းအခွန်များဦးစီးဌာန၊ နေပြည်တော်၊ သီရိ ၅ မြို့နယ် အခွန်ဦးစီးဌာနမှူးရုံး၊ ပြည်ထောင်စုနယ်မြေ၏ ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ် မြေရောင်း/ဝယ်ခြင်းအပေါ် အခွန်စည်းကြပ်ရန်နှုန်းထားများအရ လမ်းကျယ်သတ်မှတ်နှုန်းဖြင့် တွက်ချက်လျှင် ငွေကျပ် ၂၆ ဒသမ ၄၃ ဘီလီယံ၊ အတွင်းလမ်း သတ်မှတ်နှုန်းဖြင့် တွက်ချက်လျှင် ငွေကျပ် ၁၈ ဒသမ ၁၅ ဘီလီယံ နိုင်ငံတော်အနေဖြင့် နစ်နာခဲ့ကြောင်း၊ နေပြည်တော်၊ လရောင်တော စိုက်ပျိုးသက်မွေးပညာသင်ကျောင်းမှာ L ပုံသဏ္ဌာန် တစ်ထပ်တိုက် အဆောက်အဦ ဆောက်လုပ်ခြင်းနှင့် ပတ်သက်ပြီး ဖောင်ဒေးရှင်းပိုင် မြေရိယာပေါ်တွင် ကျပ်ငွေ ၁ ဒသမ ၆ ဘီလီယံ အကုန်အကျခံပြီး ဒေါ်အောင်ဆန်းစုကြည်နေထိုင်ရန်အတွက် လူနေအိမ်ဆောက်လုပ်ပြီး နောင်တစ်ချိန်မှာ ပြတိုက်အဖြစ်သုံးရန် ရည်ရွယ်ကြောင်းကို အဆိုပါ ဆောက်လုပ်နေသည့် ဆောက်လုပ်ရေး ကုမ္ပဏီက ပြောကြားကြောင်း၊ ငှားရမ်းခသတ်မှတ်ရာတွင် နိုင်ငံပိုင်မြေအဆောက်အဦတည်ရှိရာ ဒေသကာလပေါက်ဈေးအတိုင်း သတ်မှတ်ရန်၊ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှု ဖွံ့ဖြိုးတိုးတက်စေရန်နှင့် နိုင်ငံတော်စီးပွားရေး အထောက်အကူပြုရန် ဦးစားပေး ဆောင်ရွက်သင့်သည့်လုပ်ငန်းဖြစ်ပါက ငှားရမ်းခကို ကာလပေါက်ဈေးဖြင့် သတ်မှတ်ခြင်းကို လျှော့ပေါ့စဉ်းစားနိုင်ကြောင်း၊ ၂၀၁၈ ခုနှစ်က နိုင်ငံတော်သမ္မတရုံး၏ ညွှန်ကြားချက် ရှိသော်လည်း အဆိုပါ ညွှန်ကြားချက်သည် လူမှုအဖွဲ့အစည်းနှင့်သက်ဆိုင်မှုမရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတော် ပိုင်မြေ သုံးစွဲမှုနှင့် ပတ်သက်ပြီး နိုင်ငံတော်အနေဖြင့် ထိုက်သင့်သည့် အခကြေးငွေမရရှိဘဲ နစ်နာမှုရှိခြင်း၊ ဖောင်ဒေးရှင်းပိုင်အလှူငွေများကို သုံးပြီး ဥက္ကဋ္ဌနေထိုင်ရန် လူနေအိမ်ဆောက်ခြင်းသည် ဖောင်ဒေးရှင်း၏ မူလရည်ရွယ်ချက်ဖြစ်သည့် ပြည်သူများ၏ကျန်းမာရေး၊ ပညာရေး၊ လူမှုဘဝမြှင့်တင်ရေးများနှင့် သက်ဆိုင်မှုမရှိသည့် သုံးစွဲမှုများဖြစ်ပြီး ထပ်မံအသေးစိတ် စစ်ဆေးလျက်ရှိကြောင်း ပြောကြားသည်။

NLD ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်ကို စေပိုင်ဆောက်လုပ်ရေးလုပ်ငန်း ကုမ္ပဏီပိုင်ရှင် ဦးမောင်ဝိတ်က အမေရိကန်ဒေါ်လာ ငါးသိန်းခွဲပေးအပ်ခဲ့သည့် လာဘ်ပေး၊ လာဘ်ယူမှုများကို မတ် ၁၈ ရက်က သတင်းထုတ်ပြန်ပြီးဖြစ်ပါကြောင်း၊ ဦးမောင်ဝိတ်၏ ကိုယ်တိုင်ပြောကြားချက် Video ဖိုင်ကို ထပ်မံပြသ ရှင်းလင်းပြောကြားကြောင်း၊ ပြီးခဲ့သည့် ဒုတိယအကြိမ် သတင်းစာရှင်းလင်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းက ဒေါ်အောင်ဆန်းစုကြည်ထံ အမေရိကန်ဒေါ်လာ ၆ သိန်း၊ အကယ်ဒမီရွှေ ၇ ပိဿာ (၁၁ ဒသမ ၄၃၁ ကီလိုဂရမ်) ပေးခဲ့သည့်အကြောင်းကို ပြောကြားခဲ့ပြီးဖြစ်ကြောင်း၊ အချို့မီဒီယာများအနေဖြင့် “သက်သေရှိရဲ့လား၊ လုပ်ကြံဖန်တီးပြီး ပြောဆိုနေတာလား၊ စွပ်စွဲပြောဆိုနေတာလား” ဟု သတင်းစာရှင်းလင်းပွဲအပြီးတွင် မေးမြန်းလာခဲ့ကြောင်း၊ မည်သည့်ဖိအားမှမပါဘဲ ဦးဖြိုးမင်းသိန်း ကိုယ်တိုင်ပြောဆိုချက် Video ဖိုင်ကို ပြသလိုပါကြောင်း၊ သေချာစိစစ်ကြည့်ရှုနိုင်ကြောင်း ပြသရှင်းလင်းသည်။

*စာမျက်နှာ ၁၀ သို့*

# (၇၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီဘဏ်လီမိတက်၏ (၆၆)ခုမြောက် မြဝတီဘဏ်(မြစ်ကြီးနား)ဘဏ်ခွဲကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တက်ရောက် ဖွင့်လှစ်ပေး

**မြစ်ကြီးနား မတ် ၂၄**

(၇၆)နှစ်မြောက် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြဝတီဘဏ်လီမိတက်၏ (၆၆)ခုမြောက်ဘဏ်ခွဲဖြစ်သည့် မြဝတီဘဏ်(မြစ်ကြီးနား) ဘဏ်ခွဲဖွင့်ပွဲကို မတ် ၂၄ ရက် နံနက် ၉ နာရီတွင် မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အဆိုပါ ဘဏ်ခွဲအဆောက်အအုံသစ်ရှေ့၌ ကျင်းပသည်။

အဆိုပါ ဘဏ်ခွဲအဆောက်အအုံသစ်ကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးခက်ထိန်နန်၊ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူးနှင့် မြဝတီဘဏ်(မြစ်ကြီးနား)ဘဏ်ခွဲတာဝန်ခံ ဦးအောင်နိုင်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး **(ယာပုံ)** ဘဏ်ခွဲ၏ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့ကြပြီး ဘဏ်ခွဲအတွင်း ဘဏ်လုပ်ငန်း ဝန်ဆောင်မှုပေးနိုင်မည့် အခြေအနေတို့ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ မြဝတီဘဏ်(မြစ်ကြီးနား)ဘဏ်ခွဲအနေဖြင့် ကချင်ပြည်နယ် မြစ်ကြီးနားမြို့၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းများဖြင့် တစ်ဖက်တစ်လမ်းမှ ကူညီဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ရည်ရွယ်၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းနှင့် ဝန်ဆောင်မှုအနေဖြင့် စာရင်းရှင်အပ်ငွေများ၊ ငွေဘဏ်အပ်ငွေများ၊ စာရင်းသေအပ်ငွေများ၊ ခေါ်ယူအပ်ငွေများ၊ တက္ကသိုလ်ပညာသင်ဆုဝန်ဆောင်မှုအပ်ငွေများ၊ ATM ကတ်စာရင်းအပ်ငွေများလက်ခံခြင်းနှင့် စီးပွားရေးလုပ်ငန်းရှင်များ၏ လိုအပ်သော ရင်းနှီးငွေများအတွက် မရွှေ့ပြောင်းနိုင်သော မြေနှင့်အဆောက်အအုံများကို အာမခံအဖြစ်ရယူ၍ ချေးငွေများ ထုတ်ချေးခြင်း၊ မြဝတီဘဏ်ခွဲအသီးသီးနှင့် ချိတ်ဆက်ထားသည့် မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များသို့ အပြန်အလှန်ငွေလွှဲပေးပို့နိုင်ခြင်းများအပါအဝင် Modern Banking အနေဖြင့် Mobile Banking နှင့် Internet Banking ဆိုင်ရာ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **ပြည်နယ်(ပြန်/ဆက်)**






## စစ်ကိုင်းတိုင်းဒေသကြီး ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မုံရွာ မတ် ၂၄**

၂၀၂၁ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနား ကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက စစ်ကိုင်းတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အစည်းအဝေးသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များနှင့် တိုင်းဒေသကြီး/ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်လင်းက အဖွင့်အမှာစကားပြောကြားပြီး အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ အတွင်းရေးမှူး တိုင်းဒေသကြီး သာသနာရေးမှူး ဦးမျိုးဝင်းအောင်က ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြခြင်းနှင့်တက်ရောက်လာသော ကော်မတီများက သက်ဆိုင်ရာ လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြမှုအပေါ် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

## အခြေခံပညာမူလတန်းကျောင်းအုပ်(မူ/အုပ်)များ စွမ်းရည်မြှင့် မွမ်းမံသင်တန်းသို့ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ကြည့်ရှုအားပေး

**ပဲခူး မတ် ၂၄**

ပဲခူးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး/ ခရိုင်ဌာနဆိုင်ရာများနှင့်အတူ မတ် ၂၄ ရက် နံနက် ၁၀ နာရီက ပဲခူးမြို့နယ် ပညာရေးမှူးရုံး၌ ဖွင့်လှစ်ထားသည့် အခြေခံပညာမူလတန်းကျောင်းအုပ်များ (မူ/အုပ်) စွမ်းရည်မြှင့် မွမ်းမံသင်တန်းသို့ သွားရောက်ကြည့်ရှုအားပေးခဲ့သည်။ **(အောက်ပုံ)**

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဆန်းအောင်က အခြေခံပညာကျောင်းများရှိ ဆရာ/ဆရာမများ စွမ်းရည်မြှင့်မွမ်းမံသင်တန်း ဖွင့်လှစ်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြခဲ့ပြီး ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက အခြေခံပညာမူလတန်းကျောင်းအုပ်များ(မူ/အုပ်) စွမ်းရည်မြှင့် မွမ်းမံသင်တန်းသို့ တက်ရောက်နေသည့် ဆရာကြီး/ ဆရာမကြီးများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကား ပြောကြားကာ COVID-19 ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခဲ့ပြီး သင်တန်းတက်ရောက်နေသည့် ဆရာကြီး/ ဆရာမကြီးများအား အမှတ်တရ မှတ်စုစာအုပ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



*စာမျက်နှာ ၉ မှ*

ပထမအကြိမ် သတင်းစာရှင်းလင်းပွဲတွင် ပြည်ထောင်စုအဆင့်အဖွဲ့ဝင်အချို့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အဆင့်အဖွဲ့ဝင်အချို့၏ လာဘ်ပေး၊ လာဘ်ယူမှု၊ မသမာမှုများကို ဖော်ထုတ်စစ်ဆေးလျက်ရှိနေသည်ကို ပြောကြားခဲ့ကြောင်း၊ မေးမြန်းချက်များ၊ ၎င်းတို့၏ ပြောဆိုချက်များအရ ယခင်ဝန်ကြီးချုပ်များဖြစ်သည့် ဒေါ်နန်းခင်ထွေးမြင့်၊ ဦးဝင်းသိန်း၊ ဦးညီပုနှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်တို့သည် အဂတိလိုက်စားမှုများနှင့်ငြိစွန်းနေကြောင်း စိစစ်တွေ့ရှိရသည့်အတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က လိုအပ်သည့် စစ်ဆေးဖော်ထုတ်မှုများ ပြုလုပ်လျက်ရှိကြောင်း ပြောကြားသည်။

နောက်ဆုံးအချက်အနေဖြင့် ပြည်သူများသိချင်နေသည့် လက်တွေ့မြေပြင်တွင် မဲမသမာမှု၊ မဲလိမ်မှုများ မည်ကဲ့သို့ဆောင်ရွက်ခဲ့သည်ကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ကြောင်း၊ မဲစာရင်းများ မှားယွင်းခြင်းသည် စာရင်းအရမှားခြင်းဖြစ်ပြီး လက်တွေ့မဲပေးရာတွင် လက်သန်းကိုမင်ဆွတ်ရခြင်းကြောင့် နှစ်ခါမဲပေး၍ မရသည်များကို ပြောနေခြင်းများ တွေ့ရှိကြောင်း၊ မြေပြင်စစ်ဆေးချက်များ၊ ရပ်ကွက်၊ ကျေးရွာအဆင့် ကော်မရှင်အဖွဲ့ဝင်များ၏ ဖွင့်ဟပြောဆိုချက်များအရ လက်တွေ့မြေပြင်တွင် မဲမသမာမှု၊ မဲလိမ်မဲခိုးမှုများကို ပထမအဆင့်အနေဖြင့် ကြိုတင်မဲပေးခွင့်ရှိသူတွေကို ဖောင်းပွအောင်ပြုလုပ်ခြင်း၊ ကြိုတင်မဲမှ မဲခိုးခြင်းဖြစ်ကြောင်း၊ ရပ်/ကျေးအဆင့် NLD အုပ်ချုပ်ရေးမှူးတချို့နှင့် အမာခံများက ဆောင်ရွက်ခဲ့ကြောင်း၊ ဒုတိယအဆင့်အနေဖြင့် အဆိုပါ ကြိုတင်မဲပေးမည့်လူများစာရင်းကို မြို့နယ်ကော်မရှင်ကို တင်ပြခဲ့ကြောင်း၊ မြို့နယ်ကော်မရှင်အနေဖြင့် အချက်အလက်မခိုင်လုံသူများကို ပယ်ချခဲ့ခြင်းများရှိကြောင်း၊ သို့သော် အုပ်ချုပ်ရေးမှူးအချို့နှင့် NLD အမာခံများက ကျေးရွာကော်မရှင်ကို ဖိအားပေးပြီး စာရင်းပြန်ထည့်စေကြောင်း၊ ရပ်/ကျေးကော်မရှင်က ကွန်ပျူတာဖြင့်လည်းကောင်း၊ နောက်ဆုံးတွင် လက်ရေးနှင့် ရေးသားဖြည့်သွင်းခဲ့ရသည့် သက်သေပုံများကို ကြေညာသင်ပုန်းတွင် ပြသထားကြောင်း။

သတိပြုရမည်မှာ အဆိုပါ ကြိုတင်မဲ ထည့်ခဲ့ရသူများသည် မဲပေးပြီးကြောင်း လက်သန်းတွင် မင်မဆွတ်ခဲ့ရကြောင်း၊ တတိယအဆင့်အနေဖြင့် ကြိုတင်မဲအတွက် ခွင့်ပြုအရေအတွက်ထက် ပိုနေသည့် မဲလက်မှတ်များကို တရားမဝင်ထုတ်ယူ အသုံးပြုခဲ့ခြင်းနှင့် ပိုနေခြင်းများကို မီးရှို့ဖျက်ဆီးခဲ့ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ မြို့နယ်တစ်ခုမှ ရပ်ကွက်တစ်ခုကို စစ်ဆေးခဲ့ရာ ကြိုတင်မဲပေးရမည့်ဦးရေ ၁၁၀၀ ဦးသာရှိပြီး ကြိုတင်မဲလက်မှတ် ၃၄၅၀ စောင် ထုတ်ယူအသုံးပြုခဲ့ခြင်းကို တွေ့ရကြောင်း၊ ရပ်ကွက်တစ်ခုတည်းမှာပင်လျှင် ကြိုတင်မဲမှာ မဲလိမ်၊ မဲခိုးမှု ၂၃၅၀ ဦးရှိသည်ကို တွေ့ရကြောင်း၊ အချို့မဲလက်မှတ်များမှာ မဲရုံမှူးများ၏ လက်မှတ်မပါခြင်းများကိုတွေ့ရကြောင်း၊ စတုတ္ထအဆင့်အနေဖြင့် ကြိုတင်မဲကောက်ယူရာ NLD အမာခံများက NLD Logo နေရာကို ညွှန်ပြမဲပေးစေခြင်း၊ ပယ်မဲများကို NLD ခိုင်လုံမဲအဖြစ် ထည့်သွင်းရေတွက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ အသေးစိတ်အချက်အလက်များကို ဗီဒီယိုဖိုင်များဖြင့် UEC မှ အဖွဲ့ဝင်၊ ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်ဦးက ဆက်လက်ရှင်းလင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

မီဒီယာများအနေဖြင့် ယခုရှင်းလင်းပြောကြားခဲ့သည့်အချက်အလက်များနှင့် ပတ်သက်သော သက်သေအထောက်အထားများကို Board များတွင် ကပ်ထားကြောင်း၊ သတင်းစာရှင်းလင်းပွဲပြီးပါက လေ့လာနိုင်ကြောင်း၊ မရှင်းလင်းသည်များထပ်မေးနိုင်ကြောင်း၊ ဦးခင်မောင်ဦး ရှင်းလင်းပြီးသည့်အခါတွင် UEC နှင့်သက်ဆိုင်သော မေးခွန်းများ မေးမြန်းနိုင်ပြီး မိမိ၏ရှင်းလင်းချက်များနှင့် ပတ်သက်ပြီး မေးမြန်းလိုသည်ကို မေးမြန်းနိုင်ကြောင်း၊ အချိန်အရ မီဒီယာတစ်ခုလျှင် မေးခွန်း ၃ ခုသာ မေးမြန်းပေးရန် မေတ္တာရပ်ခံလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၂၄ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြစ်ကြီးနားမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့်စပ်လျဉ်း၍ စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

### မြစ်ကြီးနားမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေး ကတ်မရှိဘဲ မဲစာရင်း တွင်ပါဝင် နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေး ကတ်တစ်ခု တည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင် နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် မဲရုံပေါင်း ၁၄၀ ရုံ | ၂၃၈၅၇၆ | ၁၄၆၈၀၅ | ၂၃၆၇၄ | ၂၄၃၃ | ၂၅၆၃၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ် အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ မြစ်ကြီးနားမြို့နယ်တွင် မဲရုံပေါင်း ၁၄၀ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၇၂၃၀၉ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၃၈၂၆၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၃၄၀၄၃ ၊ မြေပြင်လက်ကျန် ၁၃၂၀၈၀ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၂၃၉၅ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၄၃၂ ဖြစ်သည်။ မဲရုံများအလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်း ပျောက်ဆုံးခြင်း၊ တရားမဝင်အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၂၉၅၉၈ ဖြစ်သော်လည်း မြေပြင်တွင် ၂၉၅၀၀ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၉၈ စောင် ပျောက်ဆုံးနေသည်ကို စိစစ်တွေ့ရှိရသည်။ စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

### မြစ်ကြီးနားမြို့နယ်၏ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိမှု

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၃၉၇၅၀ | ၁၃၅၃၆၂ | ၁၀၄၃၈၈ | ၁၀၂၅၂၃ | ၂၂၉၇ | ၄၃၂ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၂၉၆၁ | ၂၉၀၄ | ၅၇ | ၅၇ | | |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၂၉၅၉၈ | | ၂၉၅၉၈ | ၂၉၅၀၀ | ၉၈ | |
| စုစုပေါင်း | | ၂၇၂၃၀၉ | ၁၃၈၂၆၆ | ၁၃၄၀၄၃ | ၁၃၂၀၈၀ | ၂၃၉၅ | ၄၃၂ |

၅။ မြစ်ကြီးနားမြို့၊ ရမ်ပူရပ်ကွက်ရှိ မဲရုံအမှတ်(၈၅)တွင် မဲလက်မှတ်စာအုပ်များ အပိုတွေ့ရှိမှုနှင့် ပတ်သက်၍ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးဟန်ဇင်ဦးကို စစ်ဆေးရာ အောက်ပါအတိုင်း သိရှိရသည်-

(က) ရက်ပေါင်း ၉၀ နှင့်အထက်နေထိုင်သူများ မဲစာရင်းထည့်သွင်းရာတွင် လူဦးရေ ၁၁၀၀ ခန့် စာရင်းတင်သွင်းခဲ့ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ၇၈၁ ဦးသာ လက်ခံပြီး ကျန် ၃၁၉ ဦးကို အချက်အလက် မပြည့်စုံ၍ ပယ်ခဲ့သော်လည်း ရမ်ပူရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင် က မဲစာရင်းတွင် ပါဝင်နိုင်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးရန် ပြောကြားသဖြင့် ၂၆၉ ဦးကို ကွန်ပျူတာဖြင့် စာစီ၍လည်းကောင်း၊ ၅၀ ဦးကို လက်ရေးဖြင့် လည်းကောင်း၊ စုစုပေါင်း ၃၁၉ ဦး ကို နောက်တိုးစာရင်းဖြင့် ထည့်သွင်းခဲ့ကြောင်း၊

( ခ ) ရပ်/ကျေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၁၈ ဦးကို အများယုံကြည်လေးစားသည့် ရပ်မိရပ်ဖများဖြင့် ဖွဲ့စည်းရန်ဖြစ်သော်လည်း NLD အမာခံတစ်ဦးဖြစ်သည့် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင် က NLD အမာခံများကို ထည့်သွင်းဖွဲ့စည်း၍ ဘက်လိုက်ဆောင်ရွက်မှုများ လုပ်ဆောင်ခဲ့ကြောင်း၊

( ဂ ) ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၂ ရက်နေ့တွင် NLD ပါတီဝင်တစ်ဦး၏ စည်းရုံးစေခိုင်းမှုအရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးရှိ ဆန္ဒမဲလက်မှတ် ၇၅ အုပ် (စောင်ရေ- ၃၇၅၀) အား မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ တာဝန်ရှိသူများ မရှိသည့်အချိန်တွင် သွားရောက်ယူဆောင်၍ ၆၉ အုပ်ကို ကြိုတင်မဲပေးရာတွင် တရားမဝင်အသုံးပြုပြီး ပိုနေသည့် မဲလက်မှတ် ၆ အုပ် (စောင်ရေ-၃၀၀)ကို နိုဝင်ဘာလ ၁၈ ရက်နေ့ ညပိုင်းတွင် မီးရှို့ဖျက်ဆီးခဲ့ကြောင်း၊

(ဃ) ကြိုတင်မဲပေးရာတွင် အသက် ၆၀ နှစ်နှင့်အထက် ကျန်းမာရေးမကောင်းသူ၊ ရွေးကောက်ပွဲကာလအတွင်း တာဝန်ထမ်းဆောင်သူတို့မှာ လူဦးရေ ၁၀၀၀ ခန့်သာ ဖြစ်သော်လည်း ကြိုတင်မဲပေးခဲ့သူ ၁၃၀၀ ခန့်ရှိခဲ့သဖြင့် သတ်မှတ်စည်းမျဉ်းများနှင့် မကိုက်ညီသောလူ ၃၀၀ ခန့် တရားမဝင် ကြိုတင်မဲပေးခဲ့ကြောင်း၊

( င ) ရွေးကောက်ပွဲကျင်းပသည့်နေ့၌ မဲရုံအမှတ်(၈၁)နှင့် (၈၆) တို့တွင် မဲလက်မှတ်စာအုပ်များ မှားယွင်းထုတ်ပေးသည့် ဖြစ်စဉ်များကြောင့် မှားယွင်းသည့်မဲပုံးမှ မဲလက်မှတ်များကို ပယ်မဲပြုလုပ်ရမည့်အစား ခိုင်လုံမဲအဖြစ် ထည့်သွင်းရေတွက်ခဲ့ကြောင်း၊ အလားတူ မဲရုံအမှတ် (၈၈) တွင်လည်း ပယ်မဲများကို ခိုင်လုံမဲအဖြစ် ထည့်သွင်းရေတွက်ခဲ့ကြောင်း၊

( စ ) ကြိုတင်မဲပေးမှုများ များပြားစွာ ဆောင်ရွက်ရသဖြင့် ကြိုတင်မဲပေးသူစာရင်း ပုံစံ (၁၃) တွင် စာရင်းရေးသွင်းရန် ကျန်ရှိခြင်းနှင့် ကြိုတင်ဆန္ဒမဲပုံးနှင့်အတူ အပ်နှံရမည့် ပုံစံ(၁၃) စာရင်းများ အပ်နှံနိုင်မှုမရှိခဲ့ကြောင်း၊

၆။ မြစ်ကြီးနားမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရှမ်းစုတောင်ရပ်ကွက် | ၁ | ၁၀၀၀ | ၇၅၆ | ၂၄၄ | ၂၄၄ | | |
| ၂ | ရှမ်းစုမြောက်ရပ်ကွက် | ၁ | ၁၀၀၀ | ၇၁၃ | ၂၈၇ | ၂၈၇ | | |
| ၃ | မင်းရပ်ရပ်ကွက် | ၁ | ၇၀၀ | ၃၆၂ | ၃၃၈ | ၃၃၈ | | |
| ၄ | မြို့မရပ်ကွက် | ၁ | ၁၁၀၀ | ၈၃၈ | ၂၆၂ | ၂၆၁ | ၁ | |
| ၅ | မြို့သစ်ရပ်ကွက် | ၁ | ၁၅၀၀ | ၉၈၉ | ၅၁၁ | ၅၁၁ | | |
| ၆ | ယုဇနရပ်ကွက် | ၂ | ၄၂၀၀ | ၂၄၂၇ | ၁၇၇၃ | ၁၇၇၃ | | |
| ၇ | မြေမြင့်ရပ်ကွက် | ၁ | ၃၄၅၀ | ၂၁၂၂ | ၁၃၂၈ | ၁၃၂၈ | | |
| ၈ | ရန်ကြီးအောင်ရပ်ကွက် | ၂ | ၄၁၅၀ | ၂၉၅၇ | ၁၁၉၃ | ၁၁၉၁ | ၂ | |
| ၉ | ရှောရပ်ကွက် | ၁ | ၂၅၅၀ | ၁၅၇၉ | ၉၇၁ | ၉၇၁ | | |
| ၁၀ | ဒူကထောင်ရပ်ကွက် | ၃ | ၇၄၀၀ | ၄၀၂၇ | ၃၃၇၃ | ၃၃၇၃ | | |
| ၁၁ | သီတာရပ်ကွက် | ၁ | ၃၁၀၀ | ၂၀၈၄ | ၁၀၁၆ | ၁၀၁၆ | | |
| ၁၂ | စီတာပူရပ်ကွက် | ၅ | ၁၃၇၅၀ | ၆၈၂၉ | ၆၉၂၁ | ၆၅၁၇ | ၄၀၄ | |
| ၁၃ | တပ်ကုန်းရပ်ကွက် | ၁၀ | ၂၀၅၅၀ | ၁၁၂၆၇ | ၉၂၈၃ | ၉၂၅၈ | ၃၄ | ၉ |
| ၁၄ | မန်ခိန်ရပ်ကွက် | ၃ | ၈၃၀၀ | ၄၆၄၆ | ၃၆၅၄ | ၃၆၄၂ | ၆၂ | ၅၀ |
| ၁၅ | ရွှေစက်ရပ်ကွက် | ၃ | ၇၀၅၀ | ၃၇၀၇ | ၃၃၄၃ | ၃၂၉၄ | ၅၀ | ၁ |
| ၁၆ | ကချင်စုရပ်ကွက် | ၁ | ၁၆၅၀ | ၉၃၆ | ၇၁၄ | ၇၁၄ | | |
| ၁၇ | ခေမာသီရိရပ်ကွက် | ၂ | ၅၆၀၀ | ၃၁၀၅ | ၂၄၉၅ | ၂၂၄၁ | ၂၅၄ | |
| ၁၈ | နန်းကွေ့ကျေးရွာအုပ်စု | ၅ | ၆၆၀၀ | ၄၁၀၄ | ၂၄၉၆ | ၂၄၉၂ | ၄ | |
| ၁၉ | နန်ကျင်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၆၅၆ | ၅၄၄ | ၅၄၄ | | |
| ၂၀ | ပလနကျေးရွာအုပ်စု | ၇ | ၈၁၀၀ | ၃၅၇၁ | ၄၅၂၉ | ၄၄၂၉ | ၁၅၀ | ၅၀ |
| ၂၁ | နောင်နန်း ကျေးရွာအုပ်စု | ၅ | ၇၆၀၀ | ၄၀၂၈ | ၃၅၇၂ | ၃၅၇၂ | | |
| ၂၂ | အာလမ် ကျေးရွာအုပ်စု | ၆ | ၃၄၅၀ | ၁၅၇၄ | ၁၈၇၆ | ၁၇၄၁ | ၁၆၅ | ၃၀ |
| ၂၃ | အောင်မြေသာ ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၇၃၄ | ၈၆၆ | ၈၆၆ | | |
| ၂၄ | အင်ဂျစ်ယန် ကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၄၂ | ၅၈ | ၅၈ | | |
| ၂၅ | တီယန်ဇွပ် ကျေးရွာအုပ်စု | ၁ | ၅၅၀ | ၄၂၄ | ၁၂၆ | ၁၂၆ | | |

စာမျက်နှာ ၁၂ သို့

# လူ့အခွင့်အရေးကောင်စီ၏ (၄၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် အီးယူမှ တင်သွင်းသည့် ဆုံးဖြတ်ချက်အဆိုမူကြမ်းကို မြန်မာနိုင်ငံက ပါဝင်ပတ်သက်ခြင်းမပြုဘဲ ပယ်ချ

**နေပြည်တော် မတ် ၂၄**

လူ့အခွင့်အရေးကောင်စီ၏ (၄၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးကာလအတွင်း ဥရောပသမဂ္ဂ (အီးယူ)မှ တင်သွင်းသည့် "မြန်မာနိုင်ငံ လူ့အခွင့်အရေးအခြေအနေ" ဆိုင်ရာ ဆုံးဖြတ်ချက်အဆို (Resolution) အပေါ် ဆွေးနွေးခြင်းကို ယနေ့တွင် ဂျီနီဗာမြို့၌ ကျင်းပခဲ့ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်က ကြိုတင်ရိုက်ကူးထားသော ဗီဒီယိုမှတစ်ဆင့် မိန့်ခွန်းပြောကြားသည်။ (ယာပုံ)




အဆိုမူကြမ်းတင်သွင်းစဉ် ဒုတိယဝန်ကြီးက အဆိုမူကြမ်းပါ အကြောင်းအရာနှင့် အချက်အလက်လွဲမှားနေသည့် ကိစ္စရပ်များ၊ မြန်မာနိုင်ငံဆိုင်ရာ အချက်အလက် ရှာဖွေရေးအဖွဲ့၏ သက်သေအထောက်အထား ခိုင်လုံမှုမရှိသည့် အစီရင်ခံစာများအပေါ် ကိုးကားချက်များနှင့် တည်ရှိပြီး ပြည်တွင်းတရားစီရင်ရေး ယန္တရားများကို သွေဖည်စေပြီး မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို တိုက်ရိုက်ခြိမ်းခြောက်ရာ ရောက်စေသည့် ဖော်ပြချက်များအပေါ် ထောက်ပြပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက မြန်မာနိုင်ငံ အနေဖြင့် နိုင်ငံရေးအရ ရည်ရွယ်ချက်ရှိရှိဖြင့် နိုင်ငံတစ်နိုင်ငံအပေါ် မျှတမှုမရှိဘဲ ဦးတည်အရေးယူသည့် အဆိုမူကြမ်းကို အစဉ်တစိုက် လက်မခံကြောင်း၊ အဆိုပါ ဖိအားပေးမှုများသည် အထူးသဖြင့် ဖွံ့ဖြိုးဆဲနှင့် ဖွံ့ဖြိုးမှု အနည်းဆုံးနိုင်ငံများ၏ မြေပြင်အခြေအနေကို တိုးတက်စေရမည့်အစား ပိုမိုဆိုးရွားသွားစေနိုင်ကြောင်း၊ ယခုအီးယူ၏ အဆိုမူကြမ်းမှာ မြန်မာနိုင်ငံတွင် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို ကျော်လွှားရေးအတွက် အဖြေရှာဖွေရာတွင် အထောက်အကူပြုလိမ့်မည်မဟုတ်ဘဲ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်သူများ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့၏ ကြိုးပမ်းမှုများအပေါ် အဟန့်အတားများသာ ဖြစ်စေမည်ဖြစ်ကြောင်းနှင့် နိုင်ငံတစ်နိုင်ငံ၏ အချုပ်အခြာအာဏာကို ကျူးကျော်မှုမပြုဘဲ လေးစားသင့်ကြောင်း ထောက်ပြကာ အဆိုမူကြမ်းအား လက်မခံကြောင်းနှင့် ပါဝင်ပတ်သက်ခြင်း မပြုကြောင်းဖြင့် ရပ်တည်ပြောကြားကာ အဆိုမူကြမ်းအား ပယ်ချခဲ့ပါသည်။ ဆုံးဖြတ်ချက် အဆိုမူကြမ်းကို တရုတ်၊ ဗင်နီဇွဲလားနှင့် ရုရှားနိုင်ငံတို့ကလည်း အလားတူ သဘောမတူ၊ မထောက်ခံကြောင်း (Dissociate) ပြောကြားသည်။

**သတင်းစဉ်**

*စာမျက်နှာ ၁၁ မှ*

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက် ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၂၆ | ကျွန်းပင်သာရပ်ကွက် | ၂ | ၄၆၀၀ | ၂၂၉၂ | ၂၃၀၈ | ၂၃၀၈ | | |
| ၂၇ | လယ်ကုန်းရပ်ကုန်း | ၇ | ၁၈၀၀၀ | ၉၇၉၁ | ၈၂၀၉ | ၈၁၉၅ | ၆၆ | ၅၂ |
| ၂၈ | အေးစေတီရပ်ကွက် | ၂ | ၃၆၅၀ | ၂၃၅၅ | ၁၂၉၅ | ၁၂၉၅ | | |
| ၂၉ | ရွှေညောင်ပင်ရပ်ကွက် | ၂ | ၅၉၅၀ | ၂၄၇၄ | ၃၄၇၆ | ၂၉၇၅ | ၅၀၁ | |
| ၃၀ | ရမ်ပူရပ်ကွက် | ၉ | ၂၃၀၅၀ | ၁၂၆၆၉ | ၁၀၃၈၁ | ၁၀၄၈၄ | ၅၄ | ၁၅၇ |
| ၃၁ | အောင်နန်းရပ်ကွက် | ၂ | ၄၅၅၀ | ၃၁၅၉ | ၁၃၉၁ | ၁၃၆၉ | ၂၂ | |
| ၃၂ | ကြက်ပေါင်ခြံရပ်ကွက် | ၂ | ၃၇၅၀ | ၂၂၈၅ | ၁၄၆၅ | ၁၄၆၄ | ၁ | |
| ၃၃ | မြို့သစ်ကြီးရပ်ကွက် | ၅ | ၁၄၃၀၀ | ၈၇၃၉ | ၅၅၆၁ | ၅၅၈၂ | | ၂၁ |
| ၃၄ | ရွှေအိုက်ရပ်ကွက် | ၁ | ၁၃၅၀ | ၆၅၇ | ၆၉၃ | ၆၄၃ | ၅၀ | |
| ၃၅ | ရွှေပြည်သာရပ်ကွက် | ၁ | ၁၀၅၀ | ၇၁၃ | ၃၃၇ | ၃၃၇ | | |
| ၃၆ | ပမ္မတီးရပ်ကွက် | ၅ | ၁၃၁၅၀ | ၇၇၈၁ | ၅၃၆၉ | ၅၃၇၁ | ၁၂ | ၁၄ |
| ၃၇ | မော်ဖောင်း ကျေးရွာအုပ်စု | ၃ | ၇၅၅၀ | ၄၇၉၁ | ၂၇၅၉ | ၂၇၀၉ | ၅၀ | |
| ၃၈ | ရှဒေါင်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၉၇၀ | ၇၈၀ | ၇၇၉ | ၁ | |
| ၃၉ | အကြဲကျေးရွာအုပ်စု | ၅ | ၁၈၅၀ | ၁၀၄၆ | ၈၀၄ | ၈၀၂ | ၅၀ | ၄၈ |
| ၄၀ | လွှယ်ခေါ ကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၂၅၅ | ၁၃၉၅ | ၁၃၈၇ | ၈ | |
| ၄၁ | ခေါင်ဖူးရွာသစ် ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၇၈၀ | ၃၇၀ | ၃၆၆ | ၄ | |
| ၄၂ | ခေါင်ဖူးရွာဟောင်း ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၃၄၉ | ၁၀၁ | ၁၀၁ | | |
| ၄၃ | တာလောကြီး ကျေးရွာအုပ်စု | ၃ | ၅၄၀၀ | ၂၅၉၁ | ၂၈၀၉ | ၂၇၅၉ | ၅၀ | |
| ၄၄ | စံကင်းကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၆၅ | ၁၃၅ | ၁၃၅ | | |
| ၄၅ | ဟိုကပ်ကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၄၀၇ | ၆၄၃ | ၄၉၃ | ၁၅၀ | |
| ၄၆ | ဝိုင်းလုံကျေးရွာအုပ်စု | ၁ | ၁၀၀ | ၈၁ | ၁၉ | ၁၇ | ၂ | |
| ၄၇ | တာဟိုးနား ကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၂၇ | ၇၃ | ၇၃ | | |
| ၄၈ | ညောင်ပင်သာ ကျေးရွာအုပ်စု | ၃ | ၁၀၅၀ | ၇၆၈ | ၂၈၂ | ၂၃၂ | ၅၀ | |
| ၄၉ | မံဖွားကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၇၆ | ၁၂၄ | ၁၂၄ | | |
| ၅၀ | နယ်ခြား ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၃၀၀ | ၁၀၀ | ၁၀၀ | | |
| ၅၁ | နောင်ပွဲ ကျေးရွာအုပ်စု | ၁ | ၂၀၀ | ၈၉ | ၁၁၁ | ၆၁ | ၅၀ | |
| ၅၂ | ရောဦးရပ်ကွက် | ၁ | ၈၅၀ | ၅၉၆ | ၂၅၄ | ၂၅၄ | | |
| ၅၃ | အောင်ချမ်းသာ ရပ်ကွက် | ၁ | ၈၅၀ | ၅၁၂ | ၃၃၈ | ၃၃၈ | | |
| ၅၄ | အောင်မင်္ဂလာ ရပ်ကွက် | ၁ | ၁၀၀၀ | ၆၂၅ | ၃၇၅ | ၃၇၅ | | |
| ၅၅ | ဝဲကြီး ကျေးရွာအုပ်စု | ၁ | ၂၀၀ | ၁၅၄ | ၄၆ | ၄၆ | | |
| ၅၆ | မြင်သာ ကျေးရွာအုပ်စု | ၁ | ၄၅၀ | ၂၉၈ | ၁၅၂ | ၁၅၂ | | |
| ၅၇ | ရေနားပင်လုံ ကျေးရွာအုပ်စု | ၁ | ၃၀၀ | ၂၁၉ | ၈၁ | ၈၁ | | |
| ၅၈ | တောပင်လုံ ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၅၇ | ၁၄၃ | ၁၄၃ | | |
| ၅၉ | ပင်တော် ကျေးရွာအုပ်စု | ၁ | ၃၅၀ | ၂၈၁ | ၆၉ | ၆၉ | | |
| ၆၀ | မံကင်း ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၃၃ | ၁၆၇ | ၁၁၇ | ၅၀ | |
| | ရပ်ကွက်/ကျေးရွာချုပ် စုစုပေါင်း | ၁၄၀ | ၂၃၉၇၅၀ | ၁၃၅၃၆၂ | ၁၀၄၃၈၈ | ၁၀၂၅၂၃ | ၂၂၉၇ | ၄၃၂ |
| | မြို့နယ်ကြိုတင်မဲ | | ၂၉၆၁ | ၂၉၀၄ | ၅၇ | ၅၇ | | |
| | မြို့နယ်မဲ လက်ကျန် | | ၂၉၅၉၈ | | ၂၉၅၉၈ | ၂၉၅၀၀ | ၉၈ | |
| | မြို့နယ်ချုပ်စုစုပေါင်း | | ၂၇၂၃၀၉ | ၁၃၈၂၆၆ | ၁၃၄၀၄၃ | ၁၃၂၀၈၀ | ၂၃၉၅ | ၄၃၂ |

၇။ သို့ဖြစ်ပါ၍ မြစ်ကြီးနားမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့ခြင်းနှင့် ရမ်ပူရပ်ကွက်ရှိ မဲရုံ ၉ ရုံတွင် ဖြစ်ပွားခဲ့သော မဲမသမာမှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ စိစစ်တွေ့ရှိချက်ကို သတင်း ထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# အက်စ်ထရာဇနီကာဆေး၏ နောက်ဆုံးအချက်အလက်များကို ထုတ်ပြန်ပေးရန် အမေရိကန်ကျန်းမာရေးအေဂျင်စီ တိုက်တွန်း

ဝါရှင်တန် မတ် ၂၄

**အက်စ်ထရာဇနီကာ ကုမ္ပဏီဘက်မှ လက်တွေ့စမ်းသပ်မှု၏ နောက်ဆုံးအချက်အလက်များကို ထုတ်ပြန်ပေးရန် အမေရိကန်ကျန်းမာရေးအေဂျင်စီက တိုက်တွန်းထားသည်။**

အက်စ်ထရာဇနီကာကုမ္ပဏီအနေဖြင့် ယခင် အချက်အလက်များကိုသာ ထုတ်ပြန်ထားသည်ဟု စောင့်ကြည့်ရေးအုပ်စုက ပြောကြားခဲ့ပြီးနောက် ယခုလို တောင်းဆိုမှုထွက်ပေါ်လာခြင်းဖြစ်သည်။

ယခင် ထုတ်ပြန်ပေးထားသည့်အချက်များက ဆေးဝါး၏စွမ်းရည်ကို ကြည့်ရှုရာတွင် မပြည့်စုံမှုကို ဖြစ်စေသည်ဟု အဆိုပါစောင့်ကြည့်ရေးအဖွဲ့က ပြောသည်။ သတင်းအချက်အလက်နှင့် ပတ်သက်ပြီး အချက်အလက်နှင့် လုံခြုံစိတ်ချရမှုစောင့်ကြည့်ရေး အဖွဲ့က စိုးရိမ်မှုရှိသည်ဟု ကူးစက်ရောဂါနှင့် ခုခံအားဆိုင်ရာ အမျိုးသားအင်စတီကျူက မတ် ၂၃ ရက်တွင် ပြောသည်။

မတ် ၂၂ ရက်တွင် အက်စ်ထရာဇနီကာ ကာကွယ်ဆေးမှာ ၇၉ ရာခိုင်နှုန်း ထိရောက်မှုရှိသည်ဟု ကုမ္ပဏီဘက်မှ ပြောကြားခဲ့သည်။ အမေရိကန် ပြည်ထောင်စု၊ ချီလီနှင့် ပီရူးတို့တွင် ပြုလုပ်ခဲ့သည့် လက်တွေ့စမ်းသပ်မှုအရ ကိုဗစ် -၁၉ ကို ၇၉ ရာခိုင်နှုန်း ကာကွယ်မှုရှိသည်ဟု အဖြေထွက်ပေါ်ခဲ့ခြင်း ဖြစ်သည်။ ကာကွယ်ဆေး၏ လုံခြုံစိတ်ချရမှု ပိုမို သေချာစေရန်အတွက် ကုမ္ပဏီအနေဖြင့် စောင့်ကြည့်ရေးအုပ်စုနှင့်အတူ လက်တွဲလုပ်ကိုင်ရန်လည်း ကူးစက်ရောဂါနှင့် ခုခံအားဆိုင်ရာ အမျိုးသား အင်စတီကျူက ပြောသည်။ ကုမ္ပဏီဘက်ကလည်း ၄၈ နာရီအတွင်း မူလသုတေသနရလဒ်များကို ဖော်ပြပေးသွားမည်ဟု အက်စ်ထရာဇနီကာကုမ္ပဏီ က ပြောသည်။

ကာကွယ်ဆေးမှာ ကောင်းမွန်သည်မှန်သော်လည်း လုံခြုံစိတ်ချရမှုအပိုင်းနှင့် ပတ်သက်၍




သံသယရှိလာပါက ပြည်သူများ ကာကွယ်ဆေးထိုး ရာတွင် တွန့်ဆုတ်မှုများ ရှိလာနိုင်သည်ဟု ကူးစက် ရောဂါနှင့် ခုခံအားဆိုင်ရာ အမျိုးသားအင်စတီကျူမှ ညွှန်ကြားရေးမှူးဖြစ်သူ အန်သိုနီဖောင်ချီက ပြောသည်။

**အင်န်အိတ်ချ်ကေ**

# နယ်သာလန်နိုင်ငံတွင် ကိုဗစ် – ၁၉ ကန့်သတ်ချက်များကို ဧပြီ ၂၀ ရက်အထိ တိုးမြှင့်သွားမည်

**သည်ဟိတ် မတ် ၂၄**

နယ်သာလန်နိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် ချမှတ်ထားသည့် ကန့်သတ်ချက်များကို ဧပြီ ၂၀ ရက်အထိ တိုးမြှင့်သွားမည်ဟု သိရသည်။

လတ်တလောတွင် ကိုဗစ် – ၁၉ ကူးစက်မှုနှင့် ဆေးရုံတက်ရမှု များပြားလာသည့်အတွက် ယင်းကဲ့သို့ အချိန်ကာလ တိုးမြှင့်လိုက်ရခြင်း ဖြစ်ကြောင်း ဝန်ကြီးချုပ် မက်ခ်ရုတီက မတ် ၂၃ ရက်တွင် ပြောကြားခဲ့သည်။

အထူးကြပ်မတ်ကုသဆောင်တွင် ကုသမှုခံယူနေရသည့် လူနာအရေအတွက်မှာ များပြားလာပြီး တတိယအကျော့စတင်နေသည့် အလားသဏ္ဌာန်ရှိသည်။ ထို့ကြောင့် ကန့်သတ်ပိတ်ဆို့မှု



နယ်သာလန်နိုင်ငံရှိ ဈေးဝယ်စင်တာကြီးများတွင် လူသူရှင်းလင်းနေသည်ကို တွေ့ရစဉ်။

အချိန်ကာလကို ထပ်တိုးလိုက်ရခြင်းဖြစ်သည်ဟု ဝန်ကြီးချုပ်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပြည်သူများအကြား စိတ်ပျက်မှု၊ စိတ်မရှည်မှုတို့ကို သိနားလည်သော်လည်း ကိုဗစ် -၁၉ ကူးစက်မှုများ တိုးနေသည့်အတွက်ဟု ၎င်းက ဆက်လက်ပြောကြားသည်။ မေ ၁၅ ရက်မတိုင်မီအချိန်အထိ ပြည်သူများ တိုင်းပြည် ရပ်ခြားသို့ ခရီးမသွားကြရန်လည်း အစိုးရက အကြံပြုထားသည်။

**ဆင်ဟွာ**

# အီသီယိုပီးယားနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၉၀၀၀၀ ကျော် ရှိလာ

**အဒစ္စအာဘာဘာ မတ် ၂၄**

အီသီယိုပီးယားနိုင်ငံတွင် မတ် ၂၃ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၁၆၈၂ ဦး တွေ့ရှိခဲ့ရာ တစ်နိုင်ငံလုံးအနှံ့ ကူးစက်ခံရသူ ၁၉၀၅၉၄ ဦး ရှိသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

နိုင်ငံတစ်ဝန်း နောက်ထပ်သေဆုံးသူ ၁၉ ဦး ရှိခဲ့ပြီးနောက် သေဆုံးသူစုစုပေါင်းမှာ ၂၆၉၃ ဦး ရှိလာသည်။ အာဖရိက အရှေ့ပိုင်းနိုင်ငံဖြစ်သည့် အီသီယိုပီးယားတွင် ပြန်လည်ကျန်းမာလာသူအရေအတွက်မှာ ၁၉၄၅၉၀ အထိရှိလာသည်။ အီသီယိုပီးယားသည် အာဖရိကတွင် ဒုတိယလူဦးရေအထူထပ်ဆုံးနိုင်ငံဖြစ်ပြီး အာဖရိကအရှေ့ပိုင်းဒေသတွင် ကိုဗစ် -၁၉ ကူးစက်မှုအမြင့်ဆုံးဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ အီသီယိုပီးယားတွင် လက်ရှိ ကိုဗစ် – ၁၉ ကူးစက်ခံရသူ ၃၈၃၀၉ ဦးရှိပြီး စိုးရိမ်ရသည့် အခြေအနေရှိသူ ၆၉၃ ဦး ရှိသည်ဟု သိရသည်။ အာဖရိက ရောဂါ ထိန်းချုပ်ရေးနှင့်ကာကွယ်ရေးစင်တာ၏ ထုတ်ပြန်ချက်အရ အီသီယိုပီးယားနိုင်ငံ၏ ကိုဗစ် -၁၉ ကူးစက်မှုနှုန်းမှာ အာဖရိက တစ်တိုက်လုံး၏ ကူးစက်မှုနှုန်း ၄ ရာခိုင်နှုန်းကို ကိုယ်စားပြုသည်ဟု သိရသည်။ အီသီယိုပီးယားနိုင်ငံတွင် လွန်ခဲ့သည့်လအတွင်းက ကိုဗက်အစီအစဉ်မှတစ်ဆင့် ကိုဗစ် – ၁၉ ကာကွယ်ဆေး ၂ ဒသမ ၂ သန်း ရရှိခဲ့သည်ဟု သိရသည်။

**ဆင်ဟွာ**


# ကိုယ်ဝန်ဆောင်မိခင်များကို ကာကွယ်ဆေးထိုးပေးသည့်အစီအစဉ် အမေရိကန်တွင် တိုးတက်မှုရှိ

**နယူးယောက် မတ် ၂၄**

အမေရိကန်တွင် ကိုယ်ဝန်ဆောင်မိခင်များကို ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုများ လုပ်ဆောင်နေရာ ဘေးထွက်ဆိုးကျိုးများ ဖြစ်ပေါ်သည့်သတင်းပို့မှု မတွေ့ရှိရသေးဟု ပြည်သူ့ကျန်းမာရေး အရာရှိများက ပြောသည်။

မတ် ၁၅ ရက်အထိ ကိုဗစ်– ၁၉ ကာကွယ်ဆေးထိုးပြီးသူ မိခင်လောင်း ၅၁၀၀၀ ရှိသည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ (စီဒီစီ) က ပြောသည်။

ကိုယ်ဝန်ဆောင် မိခင်များသည် အခြားသာမန်လူများနှင့် ယှဉ်လျှင် ရောဂါကူးစက်ခံရပါက ရောဂါလက္ခဏာ ပိုမိုဆိုးရွားဖွယ်ရှိသည်ဟု စီဒီစီက ပြောသည်။ ကာကွယ်ဆေး လက်တွေ့စမ်းသပ်စဉ်က ကိုယ်ဝန်ဆောင်မိခင်များနှင့် ပတ်သက်ပြီး အချက်အလက် အကန့်အသတ်ဖြင့်သာရှိသော်လည်း ကိုယ်ဝန်ဆောင်များ ကာကွယ်ဆေးထိုးရာတွင် ဆိုးရွားသည့်ရလဒ်များ ဖြစ်ပေါ်နိုင်ခြေမရှိဟု စီဒီစီက ပြောသည်။ ကိုယ်ဝန်ဆောင်မိခင်များ၏ လုံခြုံစိတ်ချရရေးအတွက် ကာကွယ်ဆေးထုတ်လုပ်သည့် ကုမ္ပဏီကြီးများသည် လက်တွေ့ စမ်းသပ်မှုများကို စတင်နေပြီဖြစ်သည်။ ကာကွယ်ဆေး၏ လုံခြုံစိတ်ချရမှုကို သုတေသီများက ခုခံခွဲခန်းကြီးများတွင် လေ့လာနေကြသည်။



လက်တွေ့ စမ်းသပ်မှုများမှ ရရှိလာမည့် အချက်အလက်များ အရ ကိုယ်ဝန်ဆောင်မိခင်များ ကာကွယ်ဆေး ထိုးသင့်၊ မသင့် အဖြေထွက်လာမည်ဟု မျှော်လင့်ထားကြသည်။ **အင်န်အိတ်ချ်ကေ**

# မမေ့အပ်သော ကျေးဇူးတရား

ကိုဇွဲ

**ကျေးဇူးဆိုတာ တစ်ဦးက အခြားတစ်ဦးအပေါ်မှာ ပြုတဲ့အကျိုး ကောင်းမှု၊ ကောင်းကျိုးကိုခေါ်ခြင်း ဖြစ်ပါတယ်။ ဘဝတစ်ခု ရရှိလာပြီဆိုရင် ကျေးဇူးပြုခြင်းနဲ့ကင်းတဲ့သူ တစ်ဦးတစ်ယောက်မျှမရှိပါ။ ကျေးဇူးတရားကို ဘဝသက်ဆုံးတိုင် ရင်ဝယ်ပိုက် တန်ဖိုးထားသူရှိသလို အကူအညီအခက်အခဲယူပြီးတာနဲ့ မသိချင်ယောင်ဆောင်ကာ ကျေးဇူးကန်းသူတွေလည်း ပတ်ဝန်းကျင်အသိုင်းအဝိုင်းမှာ ရှိနေတတ်တာ သဘာဝပါ။**

"တစ်လုတ်စားဖူး သူ့ကျေးဇူးကို အထူး သိလျက် အဆပ်ခက်၊ သူ၏ကျေးဇူး တိမ်မြုပ်သောသူ မီးလိုပူ၊ ကျေးဇူးရှိမှ ကျေးစွပ်၊ အရိပ်နေနေ အခက်ချိုးချိုး၊ သားရေပေါ်အိပ် သားရေနားစား၊ ကျေးဇူးမသိတတ်သူ မိတ်ကောင်းကို မရနိုင်" စသည်တို့မှာ ကျေးဇူးတရားနဲ့ ပတ်သက်တဲ့ စကားပုံများပင် ဖြစ်ပါတယ်။ လူတွေရဲ့ဘဝဆိုတာ အချိန်အားဖြင့် ခဏတာပါ။ ခဏတာ ပိုင်ဆိုင်ရတဲ့ ရှင်သန်ရချိန်ကာလမှာ ငြိမ်းအေးတဲ့ဘဝကနေ ကျီးလန့်စာ စားရတဲ့ဘဝမျိုး မဖြစ်စေဖို့ ကြိုးစားနေထိုင်နိုင်ဖို့ လိုပါတယ်။ လူဆိုတာက တစ်ဦးတစ်ယောက်တည်း နေထိုင်ရှင်သန်လို့ မဖြစ်တာကြောင့် ကောင်းမွန်တဲ့၊ ပြည့်စုံတဲ့ လူမှုအဖွဲ့အစည်းကို စိတ်ဓာတ်၊ စည်းကမ်း၊ ပညာတို့နဲ့ ဖွဲ့နှောင်ကာ အစုအဖွဲ့နဲ့ နေထိုင်ကြခြင်း ဖြစ်ပါတယ်။

### ကျရာတာဝန်ကို ထမ်းရွက်နေ

လူငယ်ဘဝကစတင်ပြီး အခြေခံစံသတ်မှတ်ချက်တွေကို မိဘ၊ ဆွေမျိုး၊ ဆရာသမားတွေက အရည်အချင်းရော၊ တန်ဖိုးပါရှိတဲ့ လူတော်လူကောင်းတွေဖြစ်ဖို့အတွက်ပါ သင်ကြားပေးခဲ့ကြတာ ဖြစ်ပါတယ်။ လူသားတွေရဲ့ အခြေခံ စံသတ်မှတ်ချက်တွေဖြစ်တဲ့ မျှဝေခံစားလိုစိတ်၊ ရိုကျိုးတတ်တဲ့စိတ်၊ ပေါင်းသင်းဆက်ဆံမှု အရည်အသွေး၊ လူလားမြောက်နိုင်စွမ်း၊ နိုးကြားသတိရှိခြင်းတို့ကို မိဘ ဆရာသမားတွေရဲ့ သင်ကြားမှုကို ခံယူခဲ့ကြရတဲ့ လူငယ်တိုင်းဟာ ဆိုင်ရာလုပ်ငန်းခွင်အသီးသီးမှာ ကျရာတာဝန်ကို ကျေပွန်စွာ ထမ်းရွက်နေနိုင်ကြတာကို ယနေ့လုပ်ငန်းခွင်တိုင်းမှာ မြင်တွေ့နေရတာပဲ ဖြစ်ပါတယ်။

အတန်းပညာတွေ ပြီးဆုံးလို့ ဆိုင်ရာတက္ကသိုလ်အသီးသီးကနေ ဘွဲ့၊ ဒီဂရီတွေရရှိပြီးခဲ့သူ လူငယ်တွေဟာ ငွေကြေးလစာနဲ့ အလုပ်အကိုင်ရရှိဖို့အတွက် လုပ်ငန်းနယ်ပယ်တွေကို စဉ်းစားရွေးချယ်ပြီး အလုပ်လျှောက်လွှာတင်ကာ ရေးဖြေ၊ လူတွေ့ စတဲ့စာမေးပွဲအသီးသီးကို ဖြေဆိုရင်းနဲ့ ဘဝခရီးလမ်းကို လျှောက်လှမ်းဖို့ ပြင်ဆင်ခဲ့ကြရသူတွေ ဖြစ်ပါတယ်။

"သားရေ၊ ဒီမှာ စာအိတ်တစ်အိတ် ရောက်နေတယ်"လို့ အမေဖြစ်သူက အပြင်မှ ပြန်လာတဲ့ ကျွန်တော့်အား ပြောရင်း ကျွန်တော့်လက်ထဲက ကျောပိုးအိတ်လေးကိုယူပြီး အခန်းထဲဝင်သွားချိန် ကျွန်တော့်ရင်တွေ တဒိတ်ဒိတ်ခုန်နေမိတာက အမှန်။ မြို့နယ်ရုံးရဲ့ ဒုဦးစီးမှူးရာထူးအတွက် ရေးဖြေအောင်မြင်ထားတဲ့ ကျွန်တော်ဟာ စာအိတ်ပေါ်မှ တံဆိပ်တုံးကို ကြည့်လိုက်တာနဲ့ လူတွေ့ ဆန်းစစ်ချက် အောင်ပြီလို့ သိလိုက်ရပြီ။ စာအိတ်ကို ဖွင့်ဖောက်လိုက်တဲ့အခါမှာတော့ ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန်မှာ သတင်းပို့ရမယ်ဆိုတာတွေကို နားလည်သဘောပေါက်လိုက်ရတယ်။ ပြီးမှ 'အမေ၊ သား ဒုဦးစီးဖြစ်ပြီ၊ သားဖြစ်ချင်တဲ့အရာရှိတော့ မဟုတ်သေးပေမယ့် အရာရှိငယ်ဖြစ်ပါပြီ' လို့ အမေ့ကို ထွေးဖက်ရင်း ပြောပြလိုက်တယ်။ ကျွန်တော် ရေးဖြေအောင်တာကို စာအိတ်ဖွင့်မဖောက်ခင်ကတည်းက အမေက သိနှင့်ပြီးသား ဖြစ်နေပါတယ်။ ဝန်ထမ်းမျိုးရိုးဖြစ်တဲ့ မိသားစုဆိုတော့ အမေက စာအိတ်မြင်ကတည်းက သိနေပြီးသားကို နောက်မှပြောပြလို့ သိခဲ့ရတယ်။

ဒုဦးစီးမှူးတာဝန် စတင်မထမ်းဆောင်ခင် အရာထမ်းငယ်အခြေခံသင်တန်းကို ဖောင်ကြီးလို့ ခေါ်တဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)မှာ တက်ရောက်သင်ယူခဲ့ရပါတယ်။ ဝန်ထမ်းကောင်းဖြစ်ဖို့ စနစ်တကျ လေ့ကျင့်ပေးတဲ့ သင်တန်းမှာ ဝန်ကြီးဌာနပေါင်းစုံက ဝန်ထမ်းတွေနဲ့ အတူတကွ သင်ယူရတာကြောင့် သင်တန်းက သင်ကြားပို့ချပေးတဲ့ အချက်အလက်ပညာတွေ အပြင် လူမှုဆက်ဆံရေး ညှိဖျင်းသူပါ လူမှုဆက်ဆံရေး ကောင်းမွန်လာတာကို သင်တန်းပြီးဆုံးချိန်မှာ သင်တန်းတက်ဖော် သူငယ်ချင်းတချို့ရဲ့ အပြုအမူ၊ စိတ်နေစိတ်ထားကို ကြည့်ခြင်းဖြင့် သိရှိလိုက်ရပါတယ်။

### မမေ့ ကောင်းသောအရာ

သင်တန်းပြီးဆုံးလို့ ကျရာဌာနအသီးသီးမှာ တာဝန်ကိုယ်စီ ထမ်းဆောင်ရာမှာတော့ ဌာနရဲ့ တာဝန်ရှိသူအသီးသီးတို့ရဲ့ ကိုယ်၊ နှုတ်၊ စိတ်တို့နဲ့ ကူညီစောင့်ရှောက်ပေးမှုတွေကြောင့် ရက်အနည်းငယ်နဲ့ ဌာနလည်ပတ်မှုတွေကို သိရှိနားလည်တတ်မြောက်ခွင့်ရခဲ့တယ်။ အထက်လူကြီးတွေနဲ့ လုပ်ဖော်ကိုင်ဖက်တွေရဲ့ စေတနာကို ကျေးဇူးတင်စိတ် ဖြစ်သော်လည်း စိတ်အားဖြင့် ကျေးဇူးတင်ခြင်းမှာ မထင်ရှားတာကြောင့် ဌာနအတွက်၊ ဌာန လုပ်ဖော်ကိုင်ဖက်အတွက်၊ ဌာနက ဆရာသမားတွေအတွက် အဓိကထားပြီး သစ္စာဖောက်ခြင်းကို ဘယ်တော့မှမပြုလုပ်ဘူးလို့ မိမိကိုယ်မိမိ သစ္စာပြုထားခဲ့ပါတယ်။ ကျေးဇူးတရားဟူသည် မမေ့ကောင်းသောအရာပင် မဟုတ်ပါလော။

> **"မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိ ဘာသာ သာသနာတော်အပေါ် ကျေးဇူးပြုနိုင်သူ၊ ကျေးဇူးဆပ်နိုင်သူ မဟုတ်ပါက တန်ဖိုးမဲ့သူ တစ်နည်းအားဖြင့် ကျေးဇူးကန်း၊ ကျေးဇူးမဆပ်သူပင် ဖြစ်သွားနိုင်ပါတယ်။ နိုင်ငံရဲ့ ဖြစ်စဉ်တွေအပေါ်မှာ အမှန်အတိုင်း မရှုမြင်ဘဲ ကိုယ်ကျိုးစီးပွားအတွက် ဖျက်လိုဖျက်ဆီး လုပ်ကိုင်ကြတဲ့ တရားမဝင် အဖွဲ့အစည်းတွေရဲ့ သွေးထိုးစကားတွေကို နားယောင်မိကြတဲ့ CDM ဝန်ထမ်းတွေမှာ နာကျင်မှု၊ စည်းဖောက်မှု၊ ကျူးလွန်မှုဖြစ်စဉ်တွေနဲ့ ပျော်ရွှင်မှုသုခတွေ ချုပ်ငြိမ်းနေရတာကလည်း ကျေးဇူးရှင်အပေါ် ကျေးစွပ်ခြင်းရဲ့ သက်ရောက်မှုတွေကြောင့်ဆိုတာကို တရားသဘောအရ ဆင်ခြင်မိပါတယ်"**

ကျေးဇူးသိတတ်မှုဆိုတာကလည်း အပြောလွယ်ပြီး အသိခက်တဲ့ အလုပ်ဖြစ်တာကြောင့် 'ကျေးဇူးပဲ' 'ကျေးဇူးတင်ပါတယ်' ဆိုတာကို နှုတ်က လွယ်လွယ်နဲ့ ပြောတတ်ကြပေမယ့် ကျေးဇူးဆပ်ဖို့ အရာမှာတော့ အများစုက မေ့မေ့လျော့လျော့ပဲ ဖြစ်နေကြတာကို တွေ့နေရပါတယ်။ ကျေးဇူးတရား ဟူသည် များသည်ဖြစ်စေ၊ နည်းသည်ဖြစ်စေ မိမိ အပေါ် တစ်စုံတစ်ရာ ကောင်းကျိုးပြုပေးဖူးပါက ထိုသူဟာ ကျေးဇူးရှင် / ခင်ပွန်းကြီး ၁၀ ပါး စာရင်း ဝင်ပါတယ်။

ခင်ပွန်းကြီး ၁၀ ပါးမှာ ဗုဒ္ဓ – သဗ္ဗညုတ မြတ်စွာဘုရားရှင်၊ ပစ္စေကဗုဒ္ဓါ – ပစ္စေကဗုဒ္ဓါ ဘုရားငယ်များ၊ အဂ္ဂသာဝက၊ မဟာသာဝက – မြတ်ဗုဒ္ဓ၏ တပည့်သာဝကများ၊ ရဟန္တာ – အာသဝေါကုန်ခန်းပြီးသော ရဟန္တာအရှင်မြတ်ကြီးများ၊ မာတာ – မွေးသမိခင်၊ ပီတု – မွေးသဖခင်၊ အာစရိယ – မြတ်ဆရာသမား၊ ဝုဍ္ဎ – သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံတဲ့ပုဂ္ဂိုလ်၊ ရဟန်းပုဂ္ဂိုလ်၊ အရိယာပုဂ္ဂိုလ်၊ ဓမ္မကထိက – ဆရာ (ဓမ္မတို့ကို ဆုံးမတတ်သော ဆရာသမားများ)၊ ဟိတကရ – ထမင်းတစ်လုတ် ရေတစ်မှုတ် စသည်ကို ပေးကမ်းချီးမြှင့်ထောက်ပံ့ဖူးသော၊ မိမိကို ကိုယ်၊ နှုတ်၊ နှလုံးဖြင့် ကျေးဇူးပြုဖူးသော ကျေးဇူးရှင်ပုဂ္ဂိုလ်တွေပဲ ဖြစ်ပါတယ်။

ခင်ပွန်းကြီး ၁၀ ပါး / ကျေးဇူးရှင်ပုဂ္ဂိုလ်ဆယ်ဦးအား ကျေးဇူးမဆပ်နိုင်ရင်တောင် ပြစ်မှားခြင်းတော့ မပြုသင့်။ မပြစ်မှားမိစေဖို့အတွက်လည်း အသိ သတိလွန်စွာထားရမှာဖြစ်ပြီး ပြစ်မှားစော်ကား သူတို့မှာ မီးလိုပူလောင်ပြီး ဘဝတွင် ဘယ်သောအခါမျှ မကြီးပွားမတိုးတက်နိုင်ကြောင်းကို စာပေကျမ်းဂန်ထဲမှာ လေ့လာမှတ်သားထားဖူးပါတယ်။

ခင်ပွန်းကြီး ၁၀ ပါး အကြောင်း စေ့စေ့တွေးမိလေ လုပ်ဖော်ကိုင်ဖက် သူငယ်ချင်းတချို့ရဲ့ ဒီရက်ပိုင်း လုပ်ရပ်တွေအတွက် သနားကရုဏာ ဖြစ်နေမိပါတယ်။ ဌာနက ဆရာသမားတွေရဲ့ ဆုံးမစကား နားမထောင်၊ လုပ်ဖော်ကိုင်ဖက်တွေအပေါ် မချေမငံ ရင့်သီးစွာ ဆက်ဆံပြီး Civil Disobedience Movement (CDM) လုပ်သွားကြတဲ့ လုပ်ဖော်ကိုင်ဖက်တွေဟာ ကျေးဇူးရှင်ဆရာသမားတွေအပေါ် ကျေးဇူးတုံ့ပြန်ရမယ့်အစား ကျေးစွပ် (ကျေးဇူးကန်း) တဲ့သူတွေ ဖြစ်နေပြီဆိုတာ ကာယကံရှင်တွေကတော့ သတိထားမိဟန်မတူ။ ကျေးဇူးကန်းတဲ့သူဟာ မဖြစ်ဖူးတဲ့ မကောင်းကျိုးတွေ ဖြစ်လာရတတ်ပြီး မကြုံဖူးတဲ့ ဆင်းရဲဒုက္ခကို ကြုံတွေ့ရတတ်ပါတယ်။

### ပစ်ပယ်ခဲ့ခြင်းရဲ့ အကျိုးရလဒ်

'အကြင်သူသည် မပြစ်မှားထိုက်သော ရဟန္တာပုဂ္ဂိုလ်တို့၌ (ခင်ပွန်းကြီး ၁၀ ပါးခေါ် သော ကျေးဇူးရှင်တို့၌) ကာယကံစသည်ဖြင့် ပြစ်မှားမိခဲ့သည်ဖြစ်အံ့။ ဒဏ်ဆယ်ပါးတို့တွင် တစ်ပါးပါးသော အကြောင်းသို့ လျင်မြန်စွာ ရောက်ရ၏' လို့ ဓမ္မပဒမှာ အတိအလင်း ဖော်ပြထားတာကြောင့် မိမိအပေါ် တစ်စုံတစ်ရာ ကျေးဇူးပြုဖူးတဲ့ လုပ်ငန်းခွင်မှ ဆရာသမားတွေ အပေါ်၊ အခြေခံရော အဆင့်မြင့်ပညာပါ သင်ကြားပေးခဲ့ကြတဲ့ ဆရာ ဆရာမတွေ အပေါ်မှာ ကိုယ်၊ နှုတ်၊ စိတ်တို့ဖြင့် မလွန်ကျူးမိစေဖို့ရန် သတိရှိနေရမှာ ဖြစ်ပါတယ်။ အဖျက်သမား စိတ်ဓာတ်ရှိသူတွေရဲ့ သွေးထိုးလှုံ့ဆော်မှု စကားတွေ နားယောင်ပြီး လုပ်ငန်းခွင်ကို စွန့်ခွာရုံအပြင် ဆရာသမားတွေရဲ့ ဆုံးမစကားတွေကိုပါ နားထောင်မှုမရှိတော့တဲ့ CDM ဝန်ထမ်းတွေဟာ ပုံမှန်ရနေကျ လစာတွေပါ မရရှိတော့တာကြောင့် မိဘ၊ ညီအစ်ကို မောင်နှမတွေပါ လူနေမှုအခက်အခဲတွေ ကြုံတွေ့နေကြရတဲ့ သတင်းတွေကို ကြားသိလာရတာဟာ ဝန်ထမ်းအချင်းချင်း၊ နိုင်ငံ့တာဝန် လုပ်ကိုင်နေကြသူ အချင်းချင်း များစွာစိတ်မကောင်းဖြစ်မိပါတယ်။ လမ်းမှားကို အတွေးမှားနဲ့ လျှောက်လှမ်းပြီး ဆရာသမားတွေရဲ့ ဆုံးမစကားကို ပစ်ပယ်ခဲ့ခြင်းရဲ့ အကျိုးရလဒ်ပင် မဟုတ်ပါလော။

ကျေးဇူးရှင်တို့ကို ပြစ်မှားမိပါက တွေ့ကြုံရနိုင်တာကိုလည်း လေ့လာထားသမျှ အလျဉ်းသင့်လို့ ဖော်ပြပါရစေ။ ကျေးဇူးရှင်တို့ကို ပြစ်မှားမိသူဟာ ကြီးစွာသောရောဂါဆိုးတွေကို ခံစားရခြင်း၊ စည်းစိမ်ဥစ္စာတို့ ယုတ်လျော့ခြင်း၊ မီးဘေးသင့်ခြင်း၊ ကိုယ်လက်အင်္ဂါ ကျိုးကန်းပျက်စီးခြင်း၊ ကုဋ္ဌနူနာစွဲကပ်ခြင်း၊ ရူးသွပ်ခြင်း၊ မင်းပြစ်မင်းဒဏ်သင့်ခြင်း၊ သူတစ်ပါးတို့ရဲ့ စွပ်စွဲမှုကို ခံရခြင်း၊ မိဘဆွေမျိုးသားချင်းတို့နဲ့ ရှင်ကွဲ သေကွဲ ကွဲရခြင်း၊ သက်ရှိသက်မဲ့ပစ္စည်းဥစ္စာတွေ ပျက်စီးဆုံးရှုံးရခြင်းတို့ပဲ ဖြစ်ပါတယ်။ ဒါကြောင့် ငြိမ်းအေးပြီး သမ္မာအာဇီဝ လုပ်ကိုင်စားသောက်ရတဲ့ နိုင်ငံ့ဝန်ထမ်းဘဝမှာ ကျေးဇူးတရားတွေကို ရင်ဝယ်ပိုက်ပြီး ဗြဟ္မစိုရ် တရားတွေဖြစ်တဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတို့ကို လက်ကိုင်ထားနိုင်ကြဖို့ လိုပါတယ်။

မိမိပတ်ဝန်းကျင်၊ မိမိနိုင်ငံ၊ မိမိလူမျိုး၊ မိမိဘာသာ သာသနာတော်အပေါ် ကျေးဇူးပြုနိုင်သူ၊ ကျေးဇူးဆပ်နိုင်သူမဟုတ်ပါက တန်ဖိုးမဲ့သူ တစ်နည်းအားဖြင့် ကျေးဇူးကန်း၊ ကျေးဇူးမဆပ်သူပင် ဖြစ်သွားနိုင်ပါတယ်။ နိုင်ငံရဲ့ဖြစ်စဉ်တွေ အပေါ်မှာ အမှန်အတိုင်း မရှုမြင်ဘဲ ကိုယ်ကျိုးစီးပွားအတွက် ဖျက်လိုဖျက်ဆီး လုပ်ကိုင်ကြတဲ့ တရားမဝင်အဖွဲ့အစည်းတွေရဲ့ သွေးထိုးစကားတွေကို နားယောင်မိကြတဲ့ CDM ဝန်ထမ်းတွေမှာ နာကျင်မှု၊ စည်းဖောက်မှု၊ ကျူးလွန်မှုဖြစ်စဉ်တွေနဲ့ ပျော်ရွှင်မှုသုခတွေ ချုပ်ငြိမ်းနေရတာကလည်း ကျေးဇူးရှင်အပေါ် ကျေးစွပ်ခြင်းရဲ့ သက်ရောက်မှုတွေကြောင့်ဆိုတာကို တရားသဘောအရ ဆင်ခြင်မိပါတယ်။

အမှန်တကယ် ဖြစ်တည်မှု မဟုတ်ဘဲ စိတ်ကူးယဉ်မျှော်လင့်မှုတွေနဲ့ ရေးသားထားတဲ့ လူမှုကွန်ရက်သတင်းတု၊ သတင်းလိမ်၊ သတင်းမှားတွေကို ယုံကြည်မျှော်လင့်ရင်း ဌာနကျေးဇူး၊ ဆရာသမားကျေးဇူးကို မသိကျိုးကျွန်ပြုကာ CDM နောက် လိုက်ပါနေကြတဲ့ ဝန်ထမ်းတွေအတွက် မစိုးရိမ်ဆရာတော်ကြီး မိန့်ကြားခဲ့တာလေးကို ဖော်ပြပေးလိုက်ပါတယ်။

"သူ၏ကျေးဇူး ရှိခဲ့ဖူး၊ အထူးပြန်ဆပ်နိုင်စေသော်၊ မဆပ်နိုင်သည် ရှိပစေ၊ မချေမဖျက်မိစေသော်"

ဒါ့ကြောင့် စာဖတ်သူအပေါင်းနဲ့ CDM သူငယ်ချင်း အားလုံးသည်လည်း ကျေးဇူးရှင်အပေါင်းတို့အား အခွင့်ရတိုင်း ကျေးဇူးဆပ်နိုင်ကြပါစေ၊ ဆင်ခြေအမျိုးမျိုးပေးခြင်းမှ ရှောင်လွှဲနိုင်ကြပါစေကြောင်း တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

## ၂၄-၃ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၆၃၉၂၆၄ | ၂၃၀၃၉၆၄၁ | ၅၅၆၈၉၁ |
| ၂။ | ဘရာဇီး | ၁၂၁၃၆၆၁၅ | ၁၀၆၀၁၆၅၈ | ၂၉၈၈၄၃ |
| ၃။ | အိန္ဒိယ | ၁၁၇၃၄၀၅၈ | ၁၁၂၀၅၁၆၀ | ၁၆၀၄၇၇ |
| ၄။ | ရုရှား | ၄၄၈၃၄၇၁ | ၄၀၉၈၄၀၀ | ၉၆၂၁၉ |
| ၅။ | ပြင်သစ် | ၄၃၁၃၀၇၃ | ၂၈၃၅၀၇ | ၉၂၉၀၈ |
| ၆။ | ဗြိတိန် | ၄၃၀၇၃၀၄ | ၃၇၁၂၆၅၈ | ၁၂၆၂၈၄ |
| ၇။ | အီတလီ | ၃၄၁၉၆၁၆ | ၂၇၅၃၀၈၃ | ၁၀၅၈၇၉ |
| ၈။ | စပိန် | ၃၂၄၄၃၁၉ | ၂၉၉၂၈၄၈ | ၇၃၇၄၄ |
| ၉။ | တူရကီ | ၃၀၆၁၅၂၀ | ၂၈၆၃၈၈၂ | ၃၀၃၁၆ |
| ၁၀။ | ဂျာမနီ | ၂၆၈၉၂၀၅ | ၂၄၄၅၃၀၀ | ၇၅၇၀၈ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄- ၃ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၄၇၆၄၅၂ | ၁၃၁၂၅၄၃ | ၃၉၉၈၃ |
| ဖိလစ်ပိုင် | ၆၈၄၃၁၁ | ၅၇၉၅၁၈ | ၁၃၀၃၉ |
| မလေးရှား | ၃၃၆၈၀၈ | ၃၂၀၉၂၅ | ၁၂၄၆ |
| မြန်မာ | ၁၄၂၁၀၅ | ၁၃၁၇၇၄ | ၃၂၀၄ |
| စင်ကာပူ | ၆၀၂၃၆ | ၆၀၀၆၃ | ၃၀ |
| ထိုင်း | ၂၈၃၄၆ | ၂၆၈၇၃ | ၉၂ |
| ဗီယက်နမ် | ၂၅၇၆ | ၂၂၆၅ | ၃၅ |
| ကမ္ဘောဒီးယား | ၁၈၁၇ | ၁၀၃၃ | ၅ |
| ဘရူနိုင်း | ၂၀၆ | ၁၈၈ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင်စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။
စာတိုက်သေတ္တာအမှတ်(၁၄၄)၊
ဖုန်းနံပါတ်၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm



# CDM ကို ထောက်ခံတဲ့သူက ထောက်ခံသလို ကျွန်တော်တို့လို ကန့်ကွက်တဲ့သူကလည်း ကန့်ကွက်ပါတယ်။ ဒါက နိုင်ငံရေးသဘောတရားပါ။ သူ့ရဲ့အမြင် ကိုယ့်ရဲ့ အမြင်ဆိုတာ လက်ခံရမယ်။ ဒါမှ နိုင်ငံရေးသမား ခေါ်တာပါ။ လမ်းပေါ်တက်တာက နိုင်ငံရေးသမား မဟုတ်ပါဘူး

ကောင်းကင်

**လတ်တလော ဖြစ်ပွားနေသည့် Civil Disobedience Movement (CDM) လှုပ်ရှားမှုနှင့် အကြမ်းဖက်ဆန္ဒပြမှုများအပေါ် တာဝန်သိနိုင်ငံ့ဝန်ထမ်း ပြည်သူတစ်ဦးဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်မျိုးဝင်း အား ၎င်း၏ အမြင်နှင့် ခံစားချက်များကို မေးမြန်းပြီး ဖော်ပြလိုက်ပါသည် -**



တာဝန်သိနိုင်ငံ့ဝန်ထမ်း ပြည်သူတစ်ဦးဖြစ်သူ ဒုတိယဦးစီးမှူး ဦးဇော်မျိုးဝင်းနှင့် တွေ့ဆုံမေးမြန်းစဉ်။

**မေး ။ ။ လက်ရှိမှာဆိုရင် ဆူပူဆန္ဒပြမှုတွေ ဖြစ်ပေါ်နေတယ်။ အကြမ်းဖက်ဆန္ဒပြမှုတွေအပြင် အဲဒီနောက်မှာ မင်းမဲ့စရိုက်ဆန်ဆန် ပြုမူလှုပ်ရှားမှုတွေကြောင့် ပြည်သူတွေအနေနဲ့ ထိတ်လန့်စိုးရိမ်မှုတွေ ဖြစ်ပေါ်နေကြပါတယ်။ ဒီအပေါ်မှာ သုံးသပ်မျှဝေချင်တာရှိရင် ပြောပြပေးပါဦး။**

**ဖြေ ။ ။** အခုဆူပူဆန္ဒပြမှုတွေ ဖြစ်နေတယ်။ နိုင်ငံ့ဝန်ထမ်းတွေနဲ့ ပြည်သူတွေလည်းပါတယ်။ ပြည်သူတွေထဲကဆိုရင် ရွေးကောက်ပွဲမှာ မဲထည့်ခွင့်မရသေးတဲ့ ၁၇ နှစ်၊ ၁၈ နှစ် မပြည့်သေးတဲ့ ကလေးတွေကအစ လမ်းပေါ်မှာ တွေ့နေရပါတယ်။ ဒီလိုကလေးတွေက ဘာနိုင်ငံရေး ခံယူချက်မှ မရှိသလို နိုင်ငံရေး ဗဟုသုတလည်း မရှိပါဘူး။

လမ်းတွေပေါ် တက်ကြတဲ့အခါ ဆန္ဒပြတဲ့အထဲမှာ အကြမ်းဖက်လှုံ့ဆော်သူတွေလည်း ရှိပါတယ်။ ဒီလိုလူမျိုးနဲ့ လူပေါင်း မှားကောင်း မှားနိုင်ပါတယ်။ ဒီအတွက် ကလေးတွေကို ပြောချင်တယ်။ သူတို့က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို မကြိုက်လို့ ဆန္ဒပြတယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်းတွေကလည်း ရွေးကောက်ပွဲ မဲမသမာမှုအတွက် ဆန္ဒပြချင်ပါတယ် ရမလား။ နိုင်ငံ့ဝန်ထမ်းတွေမှာ နိုင်ငံ့ဝန်ထမ်းဥပဒေဆိုတာ ရှိပါတယ်။ ဒါနဲ့အကျုံးဝင်တဲ့အတွက် ဆန္ဒပြလို့ မရပါဘူး။ ဒီအတွက် ကျွန်တော်တို့က ဘာလုပ်ရသလဲဆိုတော့ ငြိမ်နေရတယ်။ ပြခွင့်မရပါဘူး။ သူတို့ကျတော့ အော်ပြီး ကျွန်တော်တို့ကျတော့ ပြောလို့မရဘူးလား။ ပြောလို့ရရင် ပြောချင်ပါတယ်။

ပြီးတော့ လမ်းပေါ်တက်နေကြတဲ့ ကလေးတွေကို ကျွန်တော်ဖြတ်သန်းခဲ့ရတဲ့ နိုင်ငံရေး ဗဟုသုတလေးတွေကို ပြန်ပြီးပြောချင်ပါတယ်။ နောက်တစ်ခုက နိုင်ငံ့ဝန်ထမ်းတွေကို ဒီလို CDM လှုပ်ရှားမှုမှာ ပါဝင်နေတာက သူတို့အတွက် ဘာရလဒ်ရလာမလဲဆိုတာနဲ့ အမြင်မှားနေတာတွေကို ပြောချင်ပါတယ်။

**မေး ။ ။ ဆရာအနေနဲ့ ၁၉၈၈ ခုနှစ်မှာ ကိုယ်တိုင်ဖြတ်သန်းရတဲ့ အတွေ့အကြုံတွေရှိရင် ပြောပြပေးပါဦး။**

**ဖြေ ။ ။** အဲဒီအချိန်တုန်းက ကျွန်တော့်အသက်က ၁၃ နှစ်ပါ။ ၁၉၈၈ ခုနှစ်တုန်းက ကျွန်တော် ကြုံတွေ့ခဲ့ရတာတွေ အများကြီးရှိပါတယ်။ ဒီအတွေ့အကြုံတွေကို ကလေးတွေကို ပြန်ပြောပြချင်တယ်။

အချက်အလက်တွေနဲ့ တစ်ဆင့်ချင်း ပြောပြသွားချင်ပါတယ်။ ကျွန်တော် ပထမဦးဆုံးစပြီး ပြောပြချင်တာက အခုလက်ရှိ အနေအထားမှာ ဆန္ဒပြတဲ့သူတွေက ဘာတွေကို တောင်းဆိုတာလဲ။ သူတို့တောင်းဆိုတဲ့အချက်က နံပါတ်တစ်က ဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်ပေးရေး၊ နံပါတ်နှစ်က သမ္မတကြီး ဦးဝင်းမြင့် ပြန်လွှတ်ပေးရေး၊ နံပါတ်သုံးက ရွေးကောက်ပွဲရလဒ် အတည်ပြုရေး၊ ဒီမိုကရေစီရရှိရေး၊ ရုံးမတက်နဲ့ ရုန်းထွက်၊ ဖမ်းဆီးခံထားရတဲ့ ကျောင်းသားတွေကို ပြန်လွှတ်ပေးရေး၊ ပြီးတော့ မီးတုတ်မီးတုတ် ရှို့ရှို့၊ အရေးတော်ပုံ အောင်ရမည်ဆိုပြီး ကြွေးကြော်သံ ၈ ချက်ကို သွားတွေ့ပါတယ်။

ဒီအချက်တွေကို တစ်ချက်ချင်းကို အဓိကထားပြီး ဆွေးနွေးရမယ်ဆိုရင် ဒီဆန္ဒပြမှုတွေက ဘယ်ကနေ ဘယ်လိုစတင် ဖြစ်ပေါ်လာတာလဲက စရမှာဖြစ်ပါတယ်။ လူတစ်ယောက်က ရလဒ်တစ်ခုထဲကို သွားကြည့်လို့ မရပါဘူး။ သူ့ရဲ့ ရှေ့မှာလုပ်ခဲ့တဲ့ အကြောင်းတရားကြောင့် အကျိုးတရားကို ခံစားရတာဖြစ်တယ်။ ဒါကို သိကြရပါမယ်။ ဒါကြောင့် ကျွန်တော်တို့ အကြောင်းတရားကို အရင်ရှာရမယ်။ အကြောင်းတရားက ဘာတွေကြောင့် ဖြစ်လာရတာလဲဆိုတော့ ရွေးကောက်ပွဲ မဲမသမာမှုကြောင့် ဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်ပေးရေး၊ သမ္မတကြီး ဦးဝင်းမြင့် ပြန်လွှတ်ပေးရေး၊ ရွေးကောက်ပွဲရလဒ် အတည်ပြုရေးတို့ကို စပြီး ရှင်းပေးပါမယ်။ ဒီသုံးချက်အတွက် အကြောင်းတရားရှိပါတယ်။ သူ့ရဲ့ အကြောင်းတရားကြောင့် မဲမသမာမှုဖြစ်ခဲ့လို့ ဒေါ်အောင်ဆန်းစုကြည်နဲ့ နိုင်ငံတော်သမ္မတကို ဖမ်းဆီးတယ်။ ဒါက သူ့ရဲ့ လုပ်ရိုးလုပ်စဉ်ပါ။

ဥပမာ ဘတ်စ်ကားပေါ်မှာ ခါးပိုက်နှိုက်ခံရရင် ကားစပယ်ယာက ဘာလုပ်မလဲ၊ ကားပေါ်မှာပါတဲ့ ဘယ်သူမှ ဆင်းလို့မရအောင် တံခါးပိတ်မယ်၊ ရှာဖွေမယ်၊ ရှာလို့မတွေ့ရင်၊ မဖော်နိုင်ရင် ကားကို ရဲစခန်းကို မောင်းမယ်။ အဲဒီအချိန်မှာ ကားပေါ်ပါတဲ့ ကျွန်တော်က အလုပ်က အရေးကြီးပါတယ်။ ကျွန်တော်သွားလိုတဲ့အတွက် ဆင်းကျန်ခဲ့မယ်ဆိုရင် မရပါဘူး။ ခါးပိုက်နှိုက်က ကျွန်တော် မဟုတ်ပေမယ့် လက်ရှိကားပေါ်မှာ ပါနေတဲ့အတွက် အကုန်မသင်္ကာမှုဖြစ်နေတဲ့အတွက် ရဲစခန်းကို လိုက်ခဲ့ပြီး စစ်ဆေးမှုခံရမှာပါ။ ရဲစခန်းကိုရောက်မှ စစ်ဆေးပြီး မပါရင် ပြန်ရမှာပါ။ အကုန်လုံးကိုခေါ်ပြီး စစ်ဆေးရမှာပါ။ ဒီထဲကပေါ်လာတဲ့ တရားခံကို ရဲက ရှာဖွေပြီး သက်သေအထောက်အထားနဲ့ အမှုဖွင့်မယ်။ ရဲက သက်သေအထောက်အထားနဲ့ မိခဲ့ရင် တရားရုံးတင်မယ်။ တရားရုံးက သက်သေအထောက်အထား ခိုင်လုံရင် အမိန့်ချမယ်။ အမိန့်ချလို့ ထောင်ကျရင် အကျဉ်းဦးစီးကို ပို့မယ်။ ဒါက သူ့ရဲ့ သဘောတရားအတိုင်း သွားနေတာပါ။

ဒါကို ဘေးလူကနေ ခါးပိုက်နှိုက်က သူ့ရဲ့ မိသားစု ကျန်းမာရေး၊ စားဝတ်နေရေးကြောင့် လုပ်ရတာပဲဆိုပြီး သွားပြောလို့မရပါဘူး။ ရဲက မတရားဖမ်းဆီးတယ်ဆိုပြီး ပြောလို့မရပါဘူး။ ဒါကပြုသူရှိလို့ဖြစ်တာ၊ မပြုဘဲနဲ့ ဒီပြဿနာတွေက ဖြစ်လာမှာ မဟုတ်ပါဘူး။ ဒါနဲ့ပတ်သက်ပြီး တရားသူကြီးကို အပြစ်သွားပြောလို့ မရပါဘူး။ တရားသူကြီးကလည်း သူ့လုပ်ရိုးလုပ်စဉ်အတိုင်း လုပ်သွားရတာ ဖြစ်ပါတယ်။ အားလုံးက သူ့အကန့်နဲ့သူ သွားတာဖြစ်ပါတယ်။ ဒါကို ပြည်သူတွေက သိရမှာ ဖြစ်ပါတယ်။

အခုလည်း ဒီအတိုင်းပါပဲ မဲမသမာမှုဖြစ်တယ်။ မဲမသမာမှုဖြစ်တာကို ရွေးကောက်ပွဲရလဒ် အတည်ပြုပေးရေးဆိုပြီး တောင်းဆိုတယ်။ ဒေါ်အောင်ဆန်းစုကြည် ပြန်လွှတ်ရေးကို တောင်းဆိုတယ်။ ဒါကို သွားပြီး တောင်းဆိုလို့ မရပါဘူး။ ခုနကပြောတဲ့ ဘတ်စ်ကား စီးသလိုပဲ။ အားလုံးဟာ စည်းမျဉ်းစည်းကမ်း၊ ဥပဒေအတိုင်း သွားနေကြတာပါ။ ရွေးကောက်ပွဲနဲ့ပတ်သက်ပြီး မဲမသမာမှုမဖြစ်ခဲ့ပါဘူးဆိုပြီး လမ်းပေါ်က လူတွေကို ကြည့်လိုက်ပါဆိုပြီး လူမှုကွန်ရက်ပေါ်မှာ တင်ကြတယ်။ ဒါဆိုရင် သူတို့ပြောသလို လမ်းပေါ်မှာက သန်း ၂၀ လောက်ရှိနေကြတယ်။ ဒါက NLD ကို ထောက်ခံတဲ့သူတွေ၊ ဒါဆိုရင် လမ်းပေါ်ကပြည်သူတွေကို တစ်ကန့်စီ ပြန်တွက်ရမယ်။

ပြည်သူမှာ ကလေးနဲ့ လူကြီးရှိပါတယ်။ အဲဒီမှာ မဲပေးခဲ့တဲ့ သန်း ၂၀ ဆိုရင် ကလေးတွေပါ လမ်းပေါ်မှာ မရှိဘူးလား။ ရှိနေတယ်။ မဲမထည့်ရသေးတဲ့ ကလေးတွေပါနေတယ်။ ဒီလိုအသက်မပြည့်သေးတဲ့ ကလေးတွေကို လမ်းပေါ်မှာ အများကြီးရှိပါတယ်။ ဒါတွေကို သန်း ၂၀ လို့ ပြောလို့ မရပါဘူး။ ဒါကြောင့် ရာခိုင်နှုန်းပြန်တွက်ရင် ၁၀ သန်းတောင် ကျန်ချင်မှ ကျန်တော့မှာ ဖြစ်ပါတယ်။ ဒါမျိုးတွေ ပြန်နုတ်ရတော့မှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ နိုင်ငံမှာ လူဦးရေက ၅၂ သန်း ရှိတယ်ဆိုရင် ကျန်တဲ့ ၃၂ သန်းက မထောက်ခံတဲ့သူတွေလို့ ကျွန်တော်တို့ တွက်လို့ရပါတယ်။ သူတို့ချည်းပဲ ဆန္ဒပြကြမယ်။ ကျွန်တော်တို့ မဲပေးခဲ့တယ်။ ဒါကြောင့် မဲမသမာမှုလုပ်တာကို မထောက်ခံနိုင်ဘူး။ ရွေးကောက်ပွဲရလဒ် အတည်ပြုရေးကို လက်မခံဘူး။ ဘာကြောင့်လဲဆိုတော့ မဲတွေက အများကြီးကို ကွာဟနေပါတယ်။ မြန်မာနိုင်ငံမှာ ရှိတာက လူဦးရေ ၅၂ သန်း၊ တကယ့်ဆန္ဒမဲလက်မှတ် ရိုက်တာက သန်း ၁၀၀ ကျော်နေပါပြီ။ ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားတဲ့ လူဦးရေထက် မဲလက်မှတ်တွေက ပိုများနေပါတယ်။ ရွေးကောက်ပွဲကော်မရှင်က စာရင်းနဲ့ အများကြီးကို ကွာဟနေပါတယ်။ သူတို့ဘက်က တရားပါတယ်လို့ ပြောကြပါတယ်။ ဒါက မတရားပါဘူး။ ကျွန်တော်တို့အနေနဲ့ မတရားတာကို ပြောလို့မရပါဘူး။ အဲဒီလို ဖြစ်နေပါတယ်။ ဒါက အကြောင်းတရားရှိလို့ အကျိုးတရား ဖြစ်တာဖြစ်ပါတယ်။

မဲမသမာမှုရှိခဲ့လို့ အခုအချုပ်ကျနေတာ ဖြစ်ပါတယ်။ ပြီးရင် အမှုတည်ဆောက်တော့မယ်။ အခုသက်သေတွေကို အမှုစစ်ဆေးနေဆဲ ဖြစ်ပါတယ်။ ဒီလိုအချိန်မှာ ကျွန်တော်တို့ ပြည်သူတွေက သည်းခံပြီး စောင့်စားပေးရပါမယ်။

ကျွန်တော့်အနေနဲ့ ပြောရရင် ၈၈ ခုနှစ်တုန်းက ဖခင်ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျက်နှာနဲ့ နေအိမ်အကျယ်ချုပ်၊ ပုဒ်မကလည်း ဘာမှမရှိတဲ့အတွက် ပုဂ္ဂိုလ်ရေးအရ နေအိမ်အကျယ်ချုပ်အနေနဲ့ ထားခဲ့တာ၊ အခုကျတော့ အမှုတွေက တော်တော်လေး များလာပြီ။ နိုင်ငံခြားက မသမာသောနည်းနဲ့ တရားဝင်မဟုတ်ဘဲ ငွေစီးဆင်းမှုတွေက ရှိနေတယ်ဆိုရင် ပြည်ပနိုင်ငံကို သစ္စာခံတာလို့ ခေါ်ပါတယ်။ ဒါဆိုရင် နိုင်ငံတော်ပုန်ကန်မှု၊ နိုင်ငံတော်သစ္စာဖောက်ဖျက်မှု မြောက်သွားပါပြီ၊ ဒီအတွက် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ်နဲ့ မဖြစ်နိုင်တော့ပါဘူး။ ဒါက ကျွန်တော့်အနေနဲ့ သုံးသပ်တာပါ။

*စာမျက်နှာ ၁၇ သို့*

# ရန်ကုန်တိုင်းဒေသကြီး စိမ်းလန်းသာယာ သန့်ရှင်းလှပရေး လုပ်ငန်းကော်မတီ အစည်းအဝေးကျင်းပ

ရန်ကုန် မတ် ၂၄

**ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ ဖွဲ့စည်းထားသော စိမ်းလန်းသာယာ သန့်ရှင်းလှပရေး လုပ်ငန်း ကော်မတီအစည်းအဝေး (၁/၂၀၂၁) ကိုယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့တော်ခန်းမရှိ အစည်း အဝေးခန်းမ(၄)၌ ကျင်းပသည်။**



**လုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်**

အစည်းအဝေးတွင် စိမ်းလန်းသာယာ သန့်ရှင်းလှပရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီက အမှာစကားပြောကြားရာတွင် ယခုကော်မတီကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီမှ ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုလုပ်ငန်းကော်မတီကို ဆပ်ကော်မတီများ ဖွဲ့စည်း ဆောင်ရွက်သွားရန် လိုအပ်ပြီး လုပ်ငန်းအလိုက် တာဝန်ရှိသူများဖြင့် ဖွဲ့စည်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စည်ပင်ပြင်ပ ဆပ်ကော်မတီအလိုက် လုပ်ငန်းများ ပေါင်းစပ်ဆောင်ရွက်သွားရန်နှင့် လုပ်ငန်းစီမံချက်များကို ရေးဆွဲတင်ပြသွားရန် လိုအပ်ကြောင်းပြောကြားသည်။

**စီမံချက်တွင် ထည့်သွင်းရေးဆွဲ**

ဆက်လက်၍ လုပ်ငန်းကော်မတီအတွင်းရေးမှူး ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေ က လုပ်ငန်းကော်မတီတွင် ဆပ်ကော်မတီ ၁၂ ခု ဖွဲ့စည်းထားရှိမှုနှင့် ဆပ်ကော်မတီများမှ တင်ပြလာသည့် လုပ်ငန်းစီမံချက်များကို ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြကာ အကောင်အထည်ဖော်ဆောင်ရွက်သွားရေးကိစ္စရပ်များ၊ ပုံမှန်လုပ်ငန်း၊ ရေတို၊ ရေရှည်လုပ်ငန်းများအား စီမံချက်တွင် ထည့်သွင်းရေးဆွဲဆောင်ရွက်သွားရန် ကိစ္စရပ်များကို ဆွေးနွေးတင်ပြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ရန်ကုန်မြို့တွင်း သန့်ရှင်းလှပရေး ဆပ်ကော်မတီ၊ ရန်ကုန်မြို့တွင်း ပန်းခြံများ၊ ကစားကွင်းများ၊ လမ်းဘေးဝဲ/ယာ သာယာလှပရေး ဆပ်ကော်မတီ၊ ရန်ကုန်မြို့တွင်း လမ်းများ၊ တံတားများ ကောင်းမွန်ရေးဆပ်ကော်မတီ၊ ရန်ကုန်မြို့တွင်း ရေပေးဝေရေးနှင့် လှော်ကားကန် သစ်တောထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ရန်ကုန်မြို့တွင်း ရေစီးရေလာ ကောင်းမွန်ရေး ဆပ်ကော်မတီ၊ ရန်ကုန်မြို့တွင်း အဆောက်အဦများ သန့်ရှင်းလှပရေး ဆပ်ကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်ပြင်ပမြို့များ သာယာလှပရေး ဆပ်ကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်း အရိပ်ရလေကာပင်၊ သစ်ပင်များ စိုက်ပျိုးရေး ဆပ်ကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်း မြို့တော်စည်ပင်ပြင်ပ မြို့နယ်ချင်းဆက်လမ်း၊ တံတားများ ကောင်းမွန်ရေး ဆပ်ကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီး အတွင်း ကျေးရွာများဖွံ့ဖြိုးရေး၊ သောက်သုံးရေရရှိရေး ဆပ်ကော်မတီ၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆပ်ကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်း သစ်တောများ ထိန်းသိမ်းရေး ဆပ်ကော်မတီတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ဆပ်ကော်မတီအလိုက် ဆောင်ရွက်မည့် လုပ်ငန်းများနှင့် လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ လုပ်ငန်းကော်မတီ ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးပြီး လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးမှာကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ (ဒုတိယမြို့တော်ဝန်) ဦးညီညီ၊ အတွင်းရေးမှူး ဦးညွန့်ဖေနှင့် ဌာနမှူးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

*စာမျက်နှာ ၁၆ မှ*

**မေး ။ ။ CDM နဲ့ပတ်သက်ပြီး ဆရာ့အတွေ့အကြုံကို ရှင်းပြပေးပါဦး။**

**ဖြေ ။ ။** ကျွန်တော်တို့ ဌာနမှာ CDM လုပ်တာတွေရှိပါတယ်။ ကျွန်တော့်ကို ဖုန်းဆက်ပြီး CDM ထဲမှာ ပါဝင်ဖို့ ပြောကြပါတယ်။ ကျွန်တော်က မပါဘူးလို့ပြောတယ်။ မပါဘူးဆိုတာက ကျွန်တော် မထောက်ခံချင်တဲ့အတွက်ပါ။ ကျွန်တော် အကုန်လုံးကို လေ့လာကြည့်တဲ့အခါ နိုင်ငံရေးအတွက် CDM မှာ ပါဝင်ချင်တယ်ဆိုရင် ကျွန်တော်တို့ ဘာမှမသိဘဲနဲ့ ပါဝင်လို့ မရပါဘူး။

ဒေါ်အောင်ဆန်းစုကြည် လွှတ်ပေးရေးဆိုရင်လည်း မဖြစ်နိုင်ဘူး၊ သမ္မတကြီး ဦးဝင်းမြင့် ပြန်လွှတ်ပေးရေးဆိုရင်လည်း လုံးဝမဖြစ်နိုင်ဘူး၊ ရွေးကောက်ပွဲရလဒ် အတည်ပြုရေးဆိုရင်လည်း မဖြစ်နိုင်ဘူး၊ သူတို့ တောင်းဆိုလည်း ကျွန်တော့်အနေနဲ့ဆိုရင် မကြိုက်ဘူး၊ လက်မခံနိုင်ဘူး။ ဒါက ကျွန်တော့်အမြင်ကို ပွင့်ပွင့်လင်းလင်းပြောတာပါ။

**“ကျွန်တော်တို့ဌာနမှာ CDM လုပ်တာတွေ ရှိပါတယ်။ ကျွန်တော့်ကို ဖုန်းဆက်ပြီး CDM ထဲမှာ ပါဝင်ဖို့ ပြောကြပါတယ်။ ကျွန်တော်က မပါဘူးလို့ပြောတယ်။ မပါဘူးဆိုတာက ကျွန်တော် မထောက်ခံချင်တဲ့အတွက်ပါ။ ကျွန်တော် အကုန်လုံးကို လေ့လာကြည့်တဲ့အခါ နိုင်ငံရေးအတွက် CDM မှာ ပါဝင်ချင်တယ်ဆိုရင် ကျွန်တော်တို့ ဘာမှမသိဘဲနဲ့ ပါဝင်လို့မရပါဘူး”**

**မေး ။ ။ ၁၉၈၈ ခုနှစ်မှာ ပါဝင်ခဲ့တဲ့ အတွေ့အကြုံကိုလည်း ပြောပြပေးပါဦး။**

**ဖြေ ။ ။** ကျွန်တော်လည်း ဒီမိုကရေစီရရှိရေးအတွက် အော်ခဲ့ဖူးပါတယ်။ ၁၉၈၈ ခုနှစ်မှာ ကျွန်တော့်အသက် ၁၂ နှစ်၊ ၁၃ နှစ်အရွယ် မြေနီကုန်းမှာ နေပါတယ်။ အဲဒီအချိန်မှာ ကျွန်တော့်အမေက ဓမ္မာရုံလမ်းထိပ်မှာ ပြောင်းဖူးပြုတ်ရောင်းတယ်။ ကျွန်တော်တို့ ငယ်ငယ်က လက်လုပ်လက်စား တော်တော်ဆင်းရဲပါတယ်။ ကျွန်တော့်အစ်မက ဈေးရောင်းနေတဲ့ အမေ့ဆီကို ထမင်းချက်ဖို့ မီးသွေးဖိုး ပိုက်ဆံသွားတောင်းခိုင်းတယ်။ အဲဒီအချိန်မှာ ကျွန်တော်က မြေနီကုန်းဘက်ကနေ တော်လှန်ရေးပန်းခြံဘက် ထွက်သွားတဲ့ လူအုပ်ကို တွေ့ပါတယ်၊ ဒီဘက် ဗိုလ်မိုးလမ်းထိပ်မှာ ကျွန်တော့်အမေ ပြောင်းဖူးပြုတ် ရောင်းနေပါတယ်၊ လူအုပ်ကြီးနဲ့ တွေ့တဲ့အခါ ကျွန်တော် ဘယ်လိုခံစားရသလဲဆိုတော့ ကြက်သီးတွေ ထသွားတယ်။ အဲဒီခံစားချက်က ဒီနေ့အချိန်ထိပါ။ ကျွန်တော်က ဆွဲခြင်းလေးချပြီး လူအုပ်ကြီးနဲ့ လိုက်သွားပြီး တို့အရေး အော်ခဲ့ပါတယ်။ ကျောင်းစိမ်းဝတ်စုံလေးနဲ့ပါ။ အပေါ်က အဖြူအင်္ကျီလေး ချွတ်လိုက်ပြီး တီရှပ်လေးနဲ့ ရွှေတိဂုံဘုရား တောင်ဘက်မုခ်ရောက်သွားတယ်။ အဲဒီမှာ လူစုကွဲသွားတယ်။

တစ်ဖက်က မြို့တော်ခန်းမကို သွားကြတယ်။ ကျွန်တော်ကတော့ ရွှေတိဂုံဘုရား တောင်ဘက်မုခ် ပါသွားပြီး ဘုရားမှာ တံခါးပိတ်ထားတဲ့အတွက် ညအထိ စောင့်ပါတယ်။ ည ၁၀ နာရီ လောက်မှာ ဘုရားပေါ် တက်ခွင့်ရသွားပါတယ်။ ညရောက်တော့ ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ ဦးကျော်ဟိန်းက ကျွေးတဲ့ အင်ဖက်လေးနဲ့ ထမင်းထုပ်ကို စားခဲ့ရပြီး တစ်ညအိပ်ကြပါတယ်။ မနက်ပိုင်းကျတော့ ရွှေတိဂုံအရှေ့ဘက်မုခ်ကနေ ဆင်းပြီး ဓမ္မစေတီလမ်းပေါ်ကို သွားတဲ့အချိန် ပစ်တဲ့အခါ ကျွန်တော်လည်း နောက်ကြောင်းပြန်လှည့်ပြီး အင်းလျားလမ်းဘက်ကို ပြေးခဲ့ပါတယ်။ စက်မှုလက်မှုအထက်တန်းကျောင်းဘေးက ဘုန်းကြီးကျောင်းဝင်းထဲကို ဝင်ပြေးပါတယ်။ တပ်က လိုက်ပြီးဖမ်းပါတယ်။ ပုန်းနေတဲ့သူတွေ အကုန်ထွက်ရပါတယ်။

အဲဒီအချိန်မှာ စစ်သားတစ်ယောက်က ကျွန်တော့်ကို မင်းလာဦးလို့ ခေါ်ပါတယ်။ မင်းက ဘယ်ကလဲလို့ မေးတဲ့အခါ မြေနီကုန်း မြေနီခြံကလို့ ဖြေတော့ နီးနီးလေးပဲ၊ မင်းပြန်တော့လို့ ပြောပါတယ်။ ကျွန်တော်က မပြန်တတ်ဘူးလို့ ပြောတဲ့အခါ မပြန်တတ်ရင် မင်းတစ်နေရာမှာ သွားပုန်းနေ၊ ငါတို့ ပြန်ထွက်သွားပြီးမှ ပြန်တော့လို့ ပြောပါတယ်။

ဒီတပ်မတော်သားရဲ့ ကျေးဇူးကြောင့် ကျွန်တော် ဒီနေ့အထိ အသက်ရှင်နေတာပါ။ ကျွန်တော် ဘုန်းကြီးကျောင်းထဲ ဝင်နေပြီး မနက်ဈေးမှာ ဈေးလာရောင်းတဲ့ ကပ္ပိယကနေ ခေါ်ထားခဲ့ပါတယ်။ သူ့မှာ နောက်ထပ် ကျောင်းသား သုံးယောက်လည်း ရှိပါတယ်။ သူတို့ကို ဒီအတိုင်း ပြန်ခိုင်းလိုက်ပါတယ်။ ကျွန်တော်က ငယ်တဲ့အတွက် ဦးဝိစာရလမ်းဘက်ကို ကူးပြီး မနက်ဈေး နောက်ကျောမှာရှိတဲ့ မြေနီခြံဘက်ကို လိုက်ပို့ပေးပါတယ်။

၁၉၈၈ ခုနှစ်မှာ ပစ်တယ်၊ တော်တော်လေး ကြမ်းပါတယ်။ ကျွန်တော် ဆက်ပါသွားရင် သေမှာပါ။ ဘာဖြစ်လို့လဲဆိုတော့ မြေပေါ်မြေအောက် အဖျက်သမားတွေက အများကြီး ပါဝင်နေပါတယ်။ ဗိုလ်ချုပ်မှူးကြီး စောမောင်လက်ထက် တပ်မတော်သားတွေရဲ့ ကျေးဇူးကြောင့် ဒီနေ့အချိန်မှာ ကျွန်တော် ပြောခွင့်ရတာပါ။ တပ်မတော်သားတွေကလည်း လူသားတွေပါ။ ဥပဒေ အရ လုပ်ကြရတာပါ၊ အမိန့်ကိုလည်း လွန်ဆန်လို့မရဘူး။ ဒါပေမယ့် ကျွန်တော်တို့လို ပြန်လွှတ်ပေးခဲ့တဲ့ ကျောင်းသားတွေ ရှိပါတယ်။ ဒါတွေက ကျွန်တော် တကယ်ကြုံတွေ့ခဲ့ရတာပါ။

ကျွန်တော်က ပြည်သူတစ်ယောက်အနေနဲ့ ပြောပြတာပါ။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကို အမျိုးမျိုးပြောကြတယ်။ အရင်အခြေအနေထက် အများကြီး ပျော့ပျောင်းပါတယ်။ CDM မပါတဲ့လူတွေကို ခြိမ်းခြောက်တာရှိပါတယ်။ ဒါဆို မပါတဲ့ လူတွေက တောခိုရမှာလား။ ဒါက ၁၉၈၈ ခုနှစ်ကွာတာပါ။ ၁၉၈၈ ခုနှစ်တုန်းက ငါနဲ့မတူ ငါ့ရန်သူဆိုတာ မရှိပါဘူး။ တောင်းဆိုတဲ့ သူတွေကတစ်ခုပဲ တောင်းဆိုပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်က တစ်ပါတီစနစ် ပြုတ်ကျရေး တစ်ခုတည်းပါ။ စစ်တပ်ပြုတ်ကျရေး မဟုတ်ပါဘူး။ အာဏာရှင်စနစ် ပြုတ်ကျရေး ဖြစ်ပါတယ်။

အာဏာရှင်ဆိုတာ ပြည်သူက တင်မြှောက်ထားတဲ့ အစိုးရကလည်း အာဏာရှင် ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ၁၉၈၈ ခုနှစ်နဲ့ အများကြီးကွာပါတယ်။ အခုလူတွေ သေနေတာကိုကြည့်ပြီး ကျွန်တော် စိတ်မကောင်းဘူး။ ခံစားရပါတယ်။ ကျွန်တော်တို့ အရွယ် လူလတ်ပိုင်းတွေ သေကျေနေကြသလို လူငယ်လေးတွေလည်း သေကျေနေကြပါတယ်။ သူတို့ မသေသင့်ပါဘူး။ ၁၉၈၈ ခုနှစ်မှာ ဒီမိုကရေစီရရှိရေး အော်ခဲ့ပေမယ့် ဒီမိုကရေစီဆိုတာ ဘာမှန်းမသိဘူး။ မသိဘဲနဲ့ ဒီမိုကရေစီရရှိရေးလို့ အော်ခဲ့ပြီး အသေခံ သွားကြပါတယ်။ အခုကလေးတွေကလည်း ဒီမိုကရေစီဆိုတာ၊ လူ့အခွင့်အရေးဆိုတာ ဘာမှန်းမသိဘဲနဲ့ သူတို့ အော်ကြတယ်။ မသေသင့်ဘဲ သေတယ်၊ ဒုက္ခမရောက်သင့်ဘဲ ရောက်တယ်။ တချို့ဆို နယ်စပ်မှာ ရောင်းစားခံရတယ်လို့ သတင်းတွေလည်း ကြားရတယ်။ မြန်မာ့ရုပ်မြင်သံကြားနဲ့ မြဝတီကနေ ကြေညာတာလည်း ကြားရပါတယ်။

*(ဆက်လက်ဖော်ပြပါမည်)*

## သုတဝေဖြာသီရိဂေဟာမိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပြသမည်

နေပြည်တော် မတ် ၂၄

သုတဝေဖြာသီရိဂေဟာ အသိပညာပေးအစီအစဉ် (Family Quiz) မိသားစုပြိုင်ပွဲ၏ ပွဲစဉ် (၁၂) ကို မတ် ၂၆ ရက် ညနေပိုင်းတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါပွဲစဉ်(၁၂)၏ COVID-19 ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို အစီအစဉ် တင်ဆက်သူ ဝိုင်းလမင်းအောင်နှင့် မေဇင်အောင်တို့က တင်ဆက်ကြမည်ဖြစ်ပြီး မိသားစုလေးစုဖြင့် သုံးပွဲယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို မတ် ၂၆၊ ၂၇၊ ၂၈ ရက်တို့တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ (၆) နာရီ သတင်းအပြီးတွင်း ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်းသိရသည်။

သတင်းစဉ်

## မြန်မာ့ကျောက်မျက်ရတနာရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသား ရတနာကုန်သည်များကို ရောင်းချပွဲ တက်ရောက်ခွင့် မှတ်ပုံတင်ခြင်း ဆောင်ရွက်ပေးမည်

နေပြည်တော် မတ် ၂၄

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီသည် ၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ကျောက်မျက်ရတနာရောင်းချပွဲသို့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေ နှင့်အညီ ခွင့်ပြုမိန့်ရရှိသူနှင့် လိုင်စင်ရရှိသူများ၊ မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့်ပြုမည်ဖြစ်သည်။

ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များကို မတ် ၂၄ ရက်မှစ၍ ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်အတွက် မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရုံးချုပ်နေပြည်တော်) တွင် ရတနာကုန်သည်မှတ်ပုံတင်ခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်သည်။

၂၀၂၁ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်နှင့် ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းရုံးချုပ်(နေပြည်တော်)တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## သီပေါမြို့ ကွန်ခိုက်နှင့် ဆွန်လုံကျေးရွာအုပ်စုမှ ဒေသခံများ တိုက်ပွဲရှောင်စခန်းများသို့ လာရောက်ခိုလှုံ



သီပေါ မတ် ၂၄

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် ဆွန်လုံကျေးရွာအုပ်စု ပန်ခါးကျေးရွာနှင့် တာပုလဲကျေးရွာမှ ဒေသခံတိုင်းရင်းသားပြည်သူ အိမ်ထောင်စု ၃၆ စု၊ လူဦးရေ ကျား ၃၉ ဦး၊ မ ၆၈ ဦး၊ ပေါင်း ၁၀၇ ဦးတို့သည် ကွန်ခိုက်ကျေးရွာအုပ်စုနှင့် နမ့်အွန်ကျေးရွာ အောင်စေတနာ ရွာဦးဘုန်းတော်ကြီး ကျောင်းတိုက်သို့လည်းကောင်း၊ ဆွန်လုံကျေးရွာအုပ်စု တာပုလဲကျေးရွာ၊ ချောင်းဆုံကျေးရွာနှင့် ဆွန်လုံကျေးရွာများမှ ဒေသခံပြည်သူ အိမ်ထောင်စု ၃၄ စု၊ ကျား ၃၃ ဦး၊ မ ၆၃ ဦး၊ ပေါင်း ၉၆ ဦးတို့သည် မတ် ၂၃ ရက် မွန်းလွဲပိုင်းက သီပေါ အောင်မင်္ဂလာ ဘိုးတော်ကျောင်းတိုက်သို့ မော်တော်ဆိုင်ကယ်၊ ထော်လာဂျီ၊ မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ တိုက်ပွဲရှောင် ရောက်ရှိခိုလှုံလျက်ရှိကြောင်း သိရသည်။

မတ် ၂၂ ရက်တွင် သီပေါမြို့နယ် ဆွန်လုံကျေးရွာအုပ်စု ပန်ခါးရွာအနီး RCSS/SSA (ရှမ်းစစ်)အဖွဲ့နှင့် SSPP/SSA (ဝမ်ဟိုင်း)၊ TNLA (ပလောင်) ပူးပေါင်းအဖွဲ့တို့ တိုက်ပွဲဖြစ်ပွားနေခြင်း၊ ထို့အပြင် သီပေါမြို့နယ် ကုန်းသာကျေးရွာအုပ်စု ကုန်းသာကျေးရွာ အနောက်မြောက်ဘက် ဒုဋ္ဌဝတီ မြစ်ကမ်းဘေးအနီး တစ်ဝိုက်သို့ ရောက်ရှိဖြန့်ခွဲအခြေပြုသော SSPP/SSA (ဝမ်ဟိုင်းအဖွဲ့) သည် မတ် ၂၃ ရက်နံနက် ၇ နာရီမှ စတင်၍ ဆွန်လုံကျေးရွာ၊ ချောင်းဆုံကျေးရွာနှင့် တာပုလဲကျေးရွာအနီး RCSS/SSA (ရှမ်းစစ်)အဖွဲ့ ရှိနိုင်မည်ထင်သော နေရာများသို့ မကြာခဏ လက်နက်ကြီးများဖြင့် ပစ်ခတ်ခြင်းတို့ကြောင့် ဒေသခံများအနေဖြင့် မိမိတို့ကျေးရွာများတွင် နေထိုင်ရဲခြင်းမရှိဘဲ တိုက်ပွဲတိမ်းရှောင် ရောက်ရှိလာခြင်းဖြစ်ကြောင်း ၎င်းတို့က ပြောပြသည်။

အဆိုပါတိုက်ပွဲရှောင် ဒေသခံပြည်သူများအနေဖြင့် လောလောဆယ်ကာလတွင် စားသောက်စရာများနှင့် အဝတ်အထည်၊ ခြင်စောင်များလို အပ်လျက်ရှိရာ စေတနာရှင်များက တိုက်ပွဲရှောင်စခန်းများသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မြို့နယ်အချို့တို့၌ ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၄

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ စစ်ဆေးရှာဖွေခြင်း၊ သတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ မတ် ၂၃ ရက် ညနေပိုင်းတွင် လားရှိုးမြို့ ရပ်ကွက်(၉)၊ နယ်မြေ(၃)၊ အောင်သပြေလမ်းသွယ် အိမ်အမှတ် (၃/၂၈၈)၌ အိမ်ငှားနေထိုင်သူ မောင်မြ(ဘ) ဦးသန်းစိန်အား ဒူးလေးသေနတ် ၂ လက်၊ မြားအချောင်း ၅၀၊ ဂက်စ်ဖြင့် ပစ်ခတ်ရသော ကော်ပိုက်ဖြင့်ပြုလုပ်ထားသည့် ဒေသန္တရလက်လုပ်သေနတ် နှစ်လက်၊ ဂက်စ်ဘူး သုံးဘူး၊ လေးခွမျိုးစုံ လေးလက်၊ လောက်စာလုံး ၁၅၀၊ ဖန်ဂေါ်လီအလုံး ၄၀ နှင့် အဆိုပါပစ္စည်းများ ပြုလုပ်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ၎င်းခြံဝင်းအတွင်း နေထိုင်သူများအား လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ မတ် ၂၃ ရက် နံနက်ပိုင်းတွင် တာမွေမြို့နယ် ဓမ္မစိန္တာလမ်း၊ မလွှကုန်းလမ်းနှင့် ဩဘာလမ်းတို့ရှိ နောက်ဖေးလမ်းကြားများအတွင်းမှ သံဒိုင်းကာ ၄၇ ခု၊ သစ်သားဒိုင်းကာ ၂၅ ခု၊ ဖိုက်ဘာဒိုင်း ၂၃ ခုနှင့် ဖိုက်ဘာဦးထုပ် ၁၁ လုံးကိုလည်းကောင်း၊ ညနေ ၄ နာရီ ၅၅ မိနစ်ခန့်တွင် မြို့သစ်(၂)လမ်းနှင့် ကျောက်ရေတွင်းလမ်းထောင့်ရှိ သောကြာဆွမ်းလောင်းအသင်း အဆောက်အဦအတွင်း၌ သံဒိုင်းမျိုးစုံ ၂၉ ခုနှင့် သစ်သားတုတ် သုံးချောင်းအား လည်းကောင်း၊ ကျိုက္ကဆံလမ်းနှင့် ဗညားဒလလမ်းဆုံအနီး၊ KBZ ဘဏ်ရှေ့၌ မသင်္ကာဖွယ် လူတစ်ဦး တွေ့ရှိသဖြင့် ခေါ်ယူစစ်ဆေးရာ ဦးသန့်ဇင်ဝင်း(ဘ)ဦးဝင်းမောင် တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၄၅၀)၊ သုတ(၂)လမ်းနေသူဖြစ်ပြီး ၎င်းကိုင်ဆောင်သည့် လက်ကိုင်ဖုန်းအတွင်းမှ ဆူပူအကြမ်းဖက်မှုများ ဆောင်ရွက်ရန် စည်းရုံးလှုံ့ဆော်ခြင်း၊ ငွေကြေးကောက်ခံခြင်းနှင့် ထောက်ပံ့ခြင်းများ ဆောင်ရွက်ထားရှိသည့် အချက်များနှင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ထို့အပြင် မတ် ၂၃ ရက် နေ့လယ်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး၊ ညောင်တုန်းမြို့နယ်၊ ဝါးတောစွန်းကျေးရွာအုပ်စု၊ အုတ်ကွင်းအနီးရှိ အလုပ်သမားတန်းလျား၌ ကျော်လင်းစိုး(ခ)ကုလားကြီး(ဘ)ဦးအေးစိုးအား သံဘောစေ့ထည့်ပစ်ရသော ဂက်စ်ဘူးတပ်လျက် ကော်ပိုက်ဖြင့် ပြုလုပ်ထားသော လက်လုပ်သေနက် တစ်လက်၊ သစ်သားဖြင့် ပြုလုပ်ထားသည့် လေဘူးတပ်လျက်လက်လုပ်သေနတ် တစ်လက်၊ ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ကြောင်လျှာကုန်းကျေးရွာနေ ကျော်သက်အောင်(ခ)သက်အောင်(ဘ) ဦးကျော်အေး၏ နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ဂျင်ကလိမျိုးစုံ ၁၁ ချောင်း၊ ဗီနိုင်းများ၊ ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ မြောင်းမြမြို့နယ်၊ ကုန်းသာအုပ်စု မြို့ဟောင်းရွာသွားလမ်းဘေး ဝါးတောတွင် နေထိုင်သည့် ကိုကိုဦး၏ နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် ဗီနိုင်းများအားလည်းကောင်း၊ ဖျာပုံမြို့နယ်၊ အပြောင် ကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၏ မြောက်ဘက်ထောင့်ရုံးနှင့် ငါးပေခန့်အကွာ၌ ဂျင်ကလိ ၃၄ ချောင်းအားလည်းကောင်း၊ ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာအုပ်စုရှိ ဦးကျော်ထွန်း ပိုင်ဆိုင်သည့် ရွှေလဝန်းရေခဲစက်၌ ရေခဲစက်အလုပ်သမား အေးအောင် (ဘ)ဦးစံတင်အား ဂျင်ကလိ ၁၈ ချောင်း၊ သံပြားအချွန်တပ်ထားသော လှံတစ်ချောင်းနှင့် ဆက်စပ်ပစ္စည်းများအား တွေ့ရှိသဖြင့် အဆိုပါပစ္စည်းများအား သိမ်းဆည်းထားသူတို့ကိုလည်း ကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်၊ ပုဏ္ဏားကုန်းကျေးရွာ၌ အဖျက်အမှောင့်လုပ်ငန်းများဆောင်ရွက်ရန် အင်အား ၂၀၀ ခန့်ဖြင့် သင်တန်းပြုလုပ်နေကြောင်း သတင်းအရ သွားရောက်စုံစမ်းစစ်ဆေးရာ ၎င်းကျေးရွာမှ ဦးလှိုင်ကြီး(ဘ)ဦးဖိုးဖြူ အသက် ၄၈ နှစ်အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ကော်ပိုက်ဖြင့် ပြုလုပ်ထားသော အရှည် ၃ ပေခန့်ရှိ လက်လုပ်သေနတ်ဖြင့် လည်းကောင်း၊ နံနက် ၉ နာရီခွဲခန့်တွင် ဆိပ်ခွန်ကျေးရွာမှ ဦးအောင်သိန်း (ဘ) ဦးတင်စိန် အသက် ၅၂ နှစ်အား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် အဝတ်စထည့်ထားသည့် ဓာတ်ဆီပုလင်း ၁၄ လုံး၊ လက်လုပ်မိုင်း ရှစ်ခု၊ သံဂျင်ကလိ ခုနစ်ခု၊ သံဆူးချွန် သုံးချောင်း၊ ဟန်းစပီကာ အဖြူရောင် တစ်ခု၊ NLD တံဆိပ်ပါ အနီရောင် ဦးထုပ်အဝိုင်း နှစ်လုံး၊ ဖယောင်းခဲတောင့် သုံးခု၊ ပိုက်ဆက်ကော်ဘူး တစ်ဘူး၊ စက္ကူဖြင့် ထုပ်ထားသည့် ကန့်အထုပ် တစ်ထုပ် အပါအဝင် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း အသီးသီး ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

၎င်းအပြင် စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ ပင်လုံရပ်ကွက်၊ ဗိုလ်ချုပ်လမ်းရှိ မေတ္တာလွင်ပြင် ဂက်စ်အိုးအရောင်းဆိုင်၌ ဆိုင်ပိုင်ရှင်ဖြစ်သူ မောင်မောင်လွင်(ဘ)နီးနက်အား ဂျပ်ဖာ ၁၈ ဖာအတွင်း ထည့်ထားသည့် ဘောသီး ၉၀၀၀ နှင့် ဆာလာအိတ် သုံးအိတ်ဖြင့် ထည့်ထားသည့် ဖန်ဂေါ်လီလုံး ၇၉၅၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး အောင်သစ္စာရပ်ကွက်၊ နယ်မြေ (၁၁) ရှိ ၎င်း၏နေအိမ်သို့ သွားရောက်ရှာဖွေစစ်ဆေးရာ စတီးပိုက်မျိုးစုံ ၂၆၃ ချောင်း၊ ဂက်စ်ဘူး ၂၈ ဘူး၊ ကော်ပိုက်ဖြင့် ပြုလုပ်ထားသည့် လက်လုပ်သေနတ် လေးလက်တို့ကို ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ထို့အပြင် မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမြို့နယ်၊ နှမ်းခါးကျေးရွာနေ မောင်ကြာထွား (ဘ) ဦးကြီးညိုအား တူမီးသေနတ် တစ်လက်၊ စနက်တံကြိုး (ကာလာစုံ ၃ စည်း)၊ အဝတ်စထည့်ထားသည့် ဓာတ်ဆီပုလင်း နှစ်လုံး၊ ဆက်စပ်ပစ္စည်းဖြင့်လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် ဟံသာဝတီကျေးရွာသို့ သွားရောက်စစ်ဆေးစဉ် ဝေလင်း(ဘ) ဦးဘကြည်နှင့် ဇင်ကို(ဘ)ဦးဟန်ဝင်း ဟံသာဝတီကျေးရွာနေသူတို့ နှစ်ဦးအား တူမီးသေနတ် တစ်လက်ဖြင့်လည်းကောင်း၊ အဆိုပါကျေးရွာရှိ ဦးကံထူး၏ ဆန်စက်အတွင်း၌ ဂျင်ကလိ ၁၄ ချောင်း၊ သံပိုက်မျိုးစုံ ငါးချောင်း၊ သံဖြတ်မော်တာ တစ်လုံး၊ ဂက်စ်ပိုက် ၁၀ ချောင်း၊ Electric Gas ဘူး ငါးခုအားလည်းကောင်း၊ မြို့မတောင်ကုန်းရပ်ကွက်၌ မမြတ်နွယ်ဝင်း(ဘ) ဦးငွေးရွှေအား Gas ဖြင့် ပစ်ခတ်ရသော လက်လုပ်သေနတ် တစ်လက်၊ သံပိုက်လုံး သုံးလုံး၊ ၂ ပေါင်တူ တစ်လက်၊ မော်တာ နှစ်လုံး၊ ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ထို့အတူ တောင်တွင်းကြီးမြို့နယ်၊ အုန်းတော(၂)ရပ်ကွက်အတွင်း နေထိုင်သူ ဇော်ကြီး (ဘ) ဦးအောင်ထွန်းနေအိမ်၌ ဒူးလေး တစ်လက်၊ သံချွန်မြား ၁၁ ချောင်း၊ ဓားမျိုးစုံ ၁၁ ချောင်း၊ ပုဆိန် တစ်လက်၊ တုတ်မျိုးစုံ နှစ်ချောင်း၊ CDM လှုပ်ရှားမှုများစာသားပါ တီရှပ်များနှင့်လည်းကောင်း၊ တောင်တွင်းကြီး- မြို့သစ်သွားကားလမ်းဘေးရှိ မြမြင့်မိုရ် စားသောက်ဆိုင်အတွင်း၌ လေးခွများ၊ ဓားများကိုင်ဆောင်ကာဝင်ရောက်စားသောက်နေသည့် ငွေးညွှန့်လှိုင်(ဘ)ဦးဆစ်တို အပါအဝင် အမျိုးသားငါးဦးအားလည်းကောင်း အသီးသီးဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် ဆူပူဆန္ဒပြမှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်နှင့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများအား လိုအပ်သလိုအရေးယူနိုင်ရေး သက်ဆိုင်ရာ နယ်မြေရဲစခန်းများ၌ အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ပဲခူးမြို့ ကလိကျေးရွာအနီးရှိ ခြောက်ထပ်ဆေးရုံတည်ဆောက်နေမှုကို ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်း ကြည့်ရှုစစ်ဆေး

**ပဲခူး မတ် ၂၄**

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းသည် နယ်မြေခံတပ်မှ ဒုတိယတပ်မှူး ဗိုလ်မှူးကြီး မိုးမင်းနိုင်နှင့် ကောင်စီဝင်များ၊ အတွင်းရေးမှူးနှင့် တိုင်းဒေသကြီး/ခရိုင်ဌာနဆိုင်ရာများနှင့်အတူ ယနေ့နံနက်ပိုင်းက ပဲခူးမြို့ ကလိကျေးရွာအနီးရှိ ခြောက်ထပ်ဆေးရုံ တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ပဲခူးမြို့ ကလိကျေးရွာအနီးရှိ ခြောက်ထပ်ဆေးရုံ တည်ဆောက်ရေး ရှင်းလင်းဆောင်၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဦးစီးမှူး ဒေါက်တာရန်နိုင်မောင်က ခြောက်ထပ်ဆေးရုံ တည်ဆောက်နေမှု၊ တည်ဆောက်ပြီးစီးပါက ပဲခူးမြို့ ပြည်သူ့ဆေးရုံကြီးရှိ အရိုးဆေးကုဌာန၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း ဆေးကုဌာနများ ထားရှိမည့် အခြေအနေများကိုလည်းကောင်း၊ ခြောက်ထပ်ဆေးရုံ တည်ဆောက်ရေး တာဝန်ခံက ဆေးရုံ တည်ဆောက်နေမှုနှင့် ဆက်လက် ဆောင်ရွက်မည့် တည်ဆောက်ရေး လုပ်ငန်းများကိုလည်းကောင်း၊ တိုင်းဒေသကြီး လယ်ယာမြေနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူးနှင့် ပဲခူးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌတို့က ကျန်းမာရေးဝန်ကြီးဌာနပိုင် မြေယာ အမည်ပေါက်ရရှိရေး ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီး ဆည်မြောင်းနှင့် ရေအသုံးချမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကိုကိုဦးက ဆေးရုံရေိယာ အတွင်း ရေကြီးမှု မဖြစ်စေရေး၊ ရေဝင်/ထွက် ကောင်းမွန်စေရေး ဆောင်ရွက်မည့် အခြေအနေများကိုလည်းကောင်း ဆွေးနွေးတင်ပြကြသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက ပဲခူးမြို့ ကလိကျေးရွာအနီးရှိ ခြောက်ထပ်ဆေးရုံကြီး တည်ဆောက်ခြင်းသည် ပြည်သူလူထုအတွက် အလွန်အကျိုးရှိသည့် လုပ်ငန်းတစ်ခုဖြစ်၍ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ရန် မှာကြားကြောင်း သိရသည်။

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် ခြောက်ထပ်ဆေးရုံအတွက် လိုအပ်သော ဆေးရုံပတ်ဝန်းကျင် သန့်ရှင်း သာယာလှပစေရေးအတွက် Landscaping Design ရေးဆွဲရန်၊ ဆေးရုံဝင်/ထွက်လမ်းများ ကုန်ကျစရိတ်တွက်ချက်တင်ပြရန်၊ အရိပ်ရသစ်ပင်များ စိုက်ပျိုးသွားရန်နှင့် သောက်သုံးရေ ဖူလုံမှုရှိစေရေး၊ ရေအရည်အသွေး စစ်ဆေးသွားရန်နှင့် လျှပ်စစ်မီးအသုံးပြုနိုင်ရန်အတွက် ထရန်စဖော်မာ အမြန်ဆုံး တပ်ဆင်နိုင်ရေး ဆောင်ရွက်ရန်တို့ကို သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ခြောက်ထပ်ဆေးရုံ တည်ဆောက်ရေး လုပ်ငန်းခွင်အတွင်း ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**




အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီဆွေ၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၄ - ၃ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

# နိုင်ငံသားအခွင့်အရေးနှင့် တာဝန်

## ဦးလေးခိုင်

*(ယမန်နေ့မှအဆက်)*

**နိုင်ငံသားဟု သတ်မှတ်**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနသည် အသက် ၁၈ ပြည့်ပြီးသူတိုင်း မဲပေးခွင့်ရရှိရေးအတွက် သစ္စာစီမံချက်ဖြင့် ရပ်ကွက်၊ ကျေးရွာများအထိ ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ရာ လေးနှစ်တာကာလအတွင်း နိုင်ငံသားစိစစ်ရေးကတ်ပြား ခြောက်သန်းခန့် ထုတ်ပေးနိုင်ခဲ့သည်။ သို့ရာတွင် လဝကအနေဖြင့် တာဝန်ယူဆောင်ရွက်ပေးနေသည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တို့မှာ အတိုးအလျော့၊ အရွှေ့အပြောင်းများ နိစ္စဓူဝ ရှိနေမည်ဖြစ်ပြီး လဝက၏ လုပ်ထုံးလုပ်နည်းအဆင့်ဆင့်တို့တွင် အချိန်ယူရသည်နှင့်အမျှ စာရင်းအမှန်နှင့် ကွာဟမှုရှိနေမည်ဖြစ်ရာ ယင်းသို့ကွာဟမှု နည်းနိုင်သမျှနည်းရန် ဆောင်ရွက်ရမည်ဟု ရှုမြင်ပါသည်။ ထို့အပြင် လက်ရှိအသုံးပြုနေသည့် စက္ကူကတ်ပြားများအစား ဒီဂျစ်တယ်ကတ် (e-ID Card) များ ပြောင်းလဲပြုလုပ်မှု ပြီးပြည့်စုံလာသည်နှင့်အမျှ အခက်အခဲများလည်း ပြေလည်သွားနိုင်မည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံနှင့် လူပုဂ္ဂိုလ်တစ်ဦးအကြား တရားဥပဒေကြောင်းအရ တရားဝင်ဆက်နွှယ်မှုကို သိရှိစေရန်အတွက် နိုင်ငံသားဟူသည့် စကားရပ်၏ လေးနက်မှုကို သိရှိထားရန်လိုအပ်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ စံသတ်မှတ်ချက်နှင့် ကိုက်ညီသူ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်များ၊ ဓလေ့ထုံးတမ်းစဉ်လာများအရ နိုင်ငံမှ တရားဝင် စီရင်ခွင့်ရှိသူ၊ နိုင်ငံတော်မှ ပေးအပ်ထားသော တာဝန်များ၊ အခွင့်အရေးများ၊ အကာအကွယ်စောင့်ရှောက်ခံခွင့်များကို အသိအမှတ်ပြုထားသူတို့ နိုင်ငံသား ရရှိနိုင်ပါသည်။ ကမ္ဘာပေါ်တွင် နိုင်ငံအလိုက် နိုင်ငံသားများအား သွေးနှင့်ခွဲသောနိုင်ငံနှင့် မြေနှင့်ခွဲသော နိုင်ငံဟူ၍ အခြေခံအားဖြင့် နှစ်မျိုးရှိပါသည်။ မြန်မာနိုင်ငံတွင် နိုင်ငံသားများအား သွေးနှင့်ခွဲသော်လည်း အထောက်အထား စာရွက်စာတမ်းရှိထားမှသာလျှင် နိုင်ငံသားဟု တရားဝင်သတ်မှတ်ထားသည်ကို တွေ့ရှိရပါသည်။

**နိုင်ငံသားအခွင့်အရေးများ**

မြန်မာနိုင်ငံတွင် နိုင်ငံသားအဖြစ် သတ်မှတ်ထားရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံ အခြေခံဥပဒေအရ (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊ (ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူသည် မြန်မာနိုင်ငံသားများဖြစ်ပါသည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၁၃၊ ၃၁၊ ၅၄ အရ မြန်မာနိုင်ငံတွင် "နှစ်နိုင်ငံသား" ခံယူခွင့်မပေးထားပါ။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အမေရိကန်နှင့် အင်္ဂလန်နိုင်ငံတို့တွင် နှစ်နိုင်ငံသား ခံယူခွင့်ပြုထားပါသည်။ အိမ်နီးချင်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံကဲ့သို့ပင် နှစ်နိုင်ငံသား ခံယူခွင့်ပြုမထားပါ။

**"မြန်မာနိုင်ငံတွင် နိုင်ငံသားအဖြစ် သတ်မှတ်ထားရာတွင် ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ တိုင်းရင်းသား မိဘနှစ်ပါးမှ မွေးဖွားသူ၊ (ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူသည် မြန်မာနိုင်ငံသားများဖြစ်ပါသည်။ ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေ ပုဒ်မ ၁၃၊ ၃၁၊ ၅၄ အရ မြန်မာနိုင်ငံတွင် "နှစ်နိုင်ငံသား" ခံယူခွင့်မပေးထားပါ။ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အမေရိကန်နှင့် အင်္ဂလန်နိုင်ငံတို့တွင် နှစ်နိုင်ငံသား ခံယူခွင့်ပြုထားပါသည်။ အိမ်နီးချင်း တရုတ်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့သည် မြန်မာနိုင်ငံကဲ့သို့ပင် နှစ်နိုင်ငံသား ခံယူခွင့်ပြုမထားပါ"**

မြန်မာနိုင်ငံတွင် နိုင်ငံသားတစ်ဦးရရှိနိုင်သည့် နိုင်ငံသားအခွင့်အရေးများကို သိရှိကြမည်ဆိုပါက မြန်မာနိုင်ငံသားဖြစ်ခြင်းကို အလေးထားလာမည်ဖြစ်ပါသည်။ နိုင်ငံသားတစ်ဦးတွင် နိုင်ငံရေးအခွင့်အရေး၊ စီးပွားရေး အခွင့်အရေး၊ လူမှုရေးအခွင့်အရေးတို့ကို ရရှိခံစားကြရပါသည်။ ရွေးကောက်တင်မြှောက်ခွင့်၊ ရွေးကောက်ခံပိုင်ခွင့်၊ ခုခံကာကွယ်ပိုင်ခွင့်၊ နိုင်ငံရပ်ခြားတွင် ရောက်ရှိနေချိန် အကာအကွယ်ရယူပိုင်ခွင့်၊ ပြည်သူ့ရေးရာ မူဝါဒကို ဆွေးနွေးခွင့်၊ အသင်းအဖွဲ့များ ဖွဲ့စည်းခွင့်နှင့် ပူးပေါင်းပါဝင်ခွင့်၊ အသနားခံပိုင်ခွင့်နှင့် တရားဥပဒေအရ ဆန္ဒဖော်ထုတ်ခွင့်တို့သည် နိုင်ငံရေးအခွင့်အရေးများဖြစ်ပါသည်။ ပစ္စည်းဥစ္စာ ပိုင်ဆိုင်ခွင့်၊ အပြန်အလှန် သဘောတူဆောင်ရွက်ခွင့်၊ မိမိနာမည်ဖြင့် မှတ်ပုံတင်နိုင်ခွင့်၊ လိုင်စင်ပြုလုပ်ခွင့်၊ မြေယာပိုင်ဆိုင်ခွင့်၊ တရားဝင်အလုပ်သမားအဖြစ် မှတ်ပုံတင်နိုင်ခွင့်၊ ကိုယ်ပိုင်ဘဏ်စာရင်း ဖွင့်လှစ်နိုင်ခွင့်၊ ကုမ္ပဏီစီးပွားရေးလုပ်ငန်းများ တရားဝင်ထူထောင်နိုင်ခွင့်များသည် စီးပွားရေးအခွင့်အရေးများဖြစ်ပါသည်။ ခုခံပိုင်ခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်စွာ ထုတ်ဖော်ပြောဆိုခွင့်၊ မိသားစုထူထောင်ခွင့်၊ ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ကို လွတ်လပ်စွာလုပ်ဆောင်ခွင့်၊ လွတ်လပ်စွာ လှုပ်ရှားခွင့်၊ လွတ်လပ်စွာပညာသင်ခွင့်၊ တွေ့ဆုံဆွေးနွေးခွင့်၊ အသက်ရှင်သန်ပိုင်ခွင့်၊ အများပြည်သူဆိုင်ရာ လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်တို့သည် လူမှုရေးအခွင့်အရေးများ ဖြစ်ပါသည်။

**နိုင်ငံသားတာဝန်များ**

ထို့ကြောင့် မြန်မာနိုင်ငံသားတစ်ယောက်ဖြစ်ခြင်းသည် နိုင်ငံသားအခွင့်အရေး မည်မျှရှိသည်ကို လေ့လာကြည့်လျှင်သိနိုင်ပါသည်။ ထိုသို့ နိုင်ငံသားအခွင့်အရေးများ ရှိသလို နိုင်ငံသားတစ်ဦးအနေဖြင့် ထမ်းဆောင်ရမည့် တာဝန်များကိုလည်း သိရှိနားလည်ထားလျှင် နိုင်ငံသား၏ တာဝန်နှင့် အခွင့်အရေးများကို ယှဉ်တွဲနားလည်လာမည်ဖြစ်သည်။ နိုင်ငံသားတစ်ဦးသည် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေပုဒ်မ ၁၂ အရ နိုင်ငံသားတစ်ဦးသည် (က) နိုင်ငံတော်၏ဥပဒေများကို ရိုသေလိုက်နာရမည်။ (ခ) နိုင်ငံတော်၏ ဥပဒေပါ တာဝန်များကို ထမ်းဆောင်ရမည်။ (ဂ) နိုင်ငံတော်၏ ဥပဒေပါ အခွင့်အရေးများကို ခံစားခွင့်ရှိသည်။ တာဝန်နှင့် အခွင့်အရေးများ ရှိပါသည်။

**"၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသား ဥပဒေနှင့်အညီ မြန်မာနိုင်ငံသားဆိုင်ရာ အထောက်အထား စာရွက်စာတမ်းများကို မြန်မာနိုင်ငံသားတိုင်း မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားဥပဒေပါ စည်းကမ်းချက်များအတိုင်း အထောက်အထား၊ အသိအမှတ်ပြုကတ်၊ လက်မှတ်များ ပြုလုပ်ထားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သုံးမျိုးတို့ကို သက်ဆိုင်သူတို့အလိုက် ပြုလုပ်ထားရမည်ဖြစ်သည်။ လက်ရှိတွင် နိုင်ငံသားအသိအမှတ်ပြု စိစစ်ရေးကတ်များကို ဦးစားပေး ပြုလုပ်ပေးနေပြီ ဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးလက်မှတ်မရှိသူ အမြောက်အမြား မဲပေးခဲ့ကြသည်မှာ ရွေးကောက်ပွဲပုံရိပ်ကို ထိခိုက်စေခဲ့ပေသည်"**

ထို့အပြင် နိုင်ငံသားတိုင်းသည် (က) ပြည်ထောင်စုမပြိုကွဲရေး၊ (ခ) တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ (ဂ) အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေးတို့ကို စောင့်ထိန်းရန် တာဝန်ရှိပါသည်။ နိုင်ငံသားတိုင်းသည် အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာစောင့်ထိန်းရန်လည်း တာဝန်ရှိပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါသည်။ နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းရန် တာဝန်ရှိပါသည်။

**နိုင်ငံတော်ကိုကူညီရန်တာဝန်**

နိုင်ငံသားတိုင်းသည်ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍ တိုင်းရင်းသားလူမျိုး အချင်းချင်း စည်းလုံးညီညွတ်ရေးနှင့် ပြည်သူတစ်ရပ်လုံး အေးချမ်းသာယာရေးတို့အတွက် ကြိုးပမ်းအားထုတ်ဆောင်ရွက်ရန် တာဝန်ရှိပါသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ပေါ်ထွန်းစေရေးသည် နိုင်ငံသားတိုင်း၏ တာဝန်ဖြစ်ပါသည်။ နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကို ပေးဆောင်ရန် တာဝန်ရှိပါသည်။ နိုင်ငံသားတိုင်းသည် (က) အမျိုးသားယဉ်ကျေးမှု အမွေအနှစ်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (ခ) သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ (ဂ) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးမြင့်မားလာစေရန် ကြိုးပမ်းခြင်း၊ (ဃ) အများပြည်သူပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းကိစ္စရပ်များတွင် နိုင်ငံတော်အား ကူညီရန် တာဝန်ရှိပါသည်။

နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်းကို ခံယူထားခြင်းမရှိလျှင် နိုင်ငံမဲ့ဖြစ်သွားနိုင်သည်ကို သတိပြုရမည် ဖြစ်သည်။ နိုင်ငံမဲ့တစ်ဦးဖြစ်လျှင် ခံစားရမည့် ဒုက္ခများနှင့် ဆုံးရှုံးရမည့် နိုင်ငံသားအခွင့်အရေးတို့ကို သိရှိနားလည်ထားရန် လိုအပ်ပါသည်။ နိုင်ငံမဲ့ဟူသော စကားရပ်သည် မည်သည့်နိုင်ငံကမှ ၎င်း၏တည်ဆဲဥပဒေအရ နိုင်ငံသားအဖြစ် အသိအမှတ်ပြုခြင်း မခံရသူကို ဆိုလိုခြင်းဖြစ်သည်။ နိုင်ငံမဲ့မှု အများဆုံးဖြစ်သော ဒေသများမှာ အရှေ့တောင်အာရှ၊ ဥရောပအရှေ့ပိုင်းနှင့် အာဖရိကတိုက်တို့မှ နိုင်ငံအချို့ဖြစ်ပါသည်။ နိုင်ငံမဲ့ဆိုသည့် သဘောတရားသည် အမှုမဲ့ အမှတ်မဲ့ဖြင့်လည်း ဖြစ်သွားနိုင်ခြေရှိသည်။ နိုင်ငံမဲ့ဖြစ်ရခြင်း၏ အခြေခံသဘောတရားများကို သိနားလည်ထားခြင်းအားဖြင့် နိုင်ငံသားဖြစ်မှုကို ပိုမိုဂရုစိုက်တတ်လာပြီး မိမိတို့နှင့်သက်ဆိုင်သည့် အထောက်အထား စာရွက်စာတမ်းများကို ပိုမို တန်ဖိုးထားတတ်လာပါသည်။

*စာမျက်နှာ ၂၁ သို့*

*စာမျက်နှာ ၂၀ မှ*

### ပေါ့ပေါ့ဆဆမနေသင့်

နိုင်ငံအချို့တွင် နိုင်ငံမဲ့ဖြစ်ရခြင်း အကြောင်းအရင်းများမှာ စစ်ဘေးရှောင်၊ ဒုက္ခသည်၊ အထောက်အထားမဲ့တို့ဖြစ်တတ်ပါသည်။ နိုင်ငံမဲ့ဖြစ်မှုကို အဓိကဖြစ်ပေါ်စေသည့် အကြောင်းအရင်းများမှာ ဥပဒေများ ဝိရောဓိဖြစ်နေခြင်း၊ ခွဲခြားဆက်ဆံမှု၊ နိုင်ငံများ ခွဲထွက်ထူထောင်ခြင်း ကိုလိုနီလက်အောက်ခံဖြစ်ခဲ့ရခြင်းကြောင့် ရရှိလာသည့် အကျိုးဆက်များ၊ အာဏာရှင်ဆန်မှုကြောင့် နိုင်ငံဖြစ်မှုဆုံးရှုံးခြင်း၊ စီမံအုပ်ချုပ်မှုဆိုင်ရာ အဟန့်အတားများနှင့် စာရွက်စာတမ်း အထောက်အထားမရှိခြင်း၊ နိုင်ငံမဲ့ မိဘများထံမှ အမွေဆက်ခံခြင်း၊ ဆွေစဉ်မျိုးဆက်အလိုက် အထောက်အထား စာရွက်စာတမ်းများမရှိခြင်း၊ မွေးဖွားပြီးနောက် မှတ်ပုံတင်မထားခြင်း၊ စာရွက်စာတမ်း အထောက်အထားမရှိခြင်း၊ ပင်ရင်းနိုင်ငံ၏ မငြိမ်သက်သော စစ်မက်ရေးရာအခြေအနေများကြောင့် နေရပ်စွန့်ခွာ ထွက်ပြေးရသဖြင့်(နိုင်ငံမဲ့)ဖြစ်နိုင်ခြေရှိခြင်းတို့ဖြစ်ပါသည်။

၂၀၁၆ ခုနှစ် UNHCR ၏ အစီရင်ခံစာအရ ကမ္ဘာတစ်ဝန်းလုံးတွင် နိုင်ငံမဲ့လူဦးရေ ၁၀ သန်းခန့်ရှိသည်ဟု ခန့်မှန်းထားသည်ဟု ဆိုပါသည်။ သို့ဆိုလျှင် မြန်မာနိုင်ငံမှ နိုင်ငံမဲ့ဟု ဆိုနိုင်သော လူဦးရေစာရင်းကို မေးခွန်းထုတ်ဖွယ်ရှိမည် ဖြစ်ပါသည်။ ၂၀၁၄ ခုနှစ် လူဦးရေသန်းခေါင်စာရင်းအရ တွေ့ရှိရသော မြန်မာနိုင်ငံရှိ ၁၁ သန်းကျော်မျှသော ပြည်သူများသည် “ အထောက်အထားမဲ့သူ” များသာဖြစ်သဖြင့် “နိုင်ငံမဲ့” ဟု တပ်အပ် မဆိုနိုင်ချေ။ တပ်အပ်မဆိုနိုင်သော်ငြားလည်း နိုင်ငံသားအခွင့်အရေးဆုံးရှုံးမှုမှာ အတူတူပင်ဖြစ်နေသောကြောင့် ပေါ့ပေါ့ဆဆမနေသင့်ဘဲ နိုင်ငံသားဖြစ်ရေးကို ကြိုးပမ်းဆောင်ရွက်သင့်ပါသည်။

### သိသိသာသာလျှော့ချနိုင်

UNHCR ၏ အသိပညာပေးမှု အချက်အလက်များအနက် နိုင်ငံမဲ့ဖြစ်လျှင် ဖြစ်ပေါ်လာနိုင်သည့် အကျိုးဆက်များမှာ မြေယာပိုင်ဆိုင်မှု၊ အများပြည်သူဝန်ဆောင်မှု လုပ်ငန်းများ၊ ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ ရယူသုံးစွဲခြင်း၊ ဆက်သွယ်ရေးဝန်ဆောင်မှုများ ရယူသုံးစွဲခြင်းတို့တွင် အခက်အခဲရှိခြင်း၊ ပညာသင်ကြားခွင့် ခွဲခြားခံရခြင်း၊ အလုပ်အကိုင် အခွင့်အလမ်းတွင် ခွဲခြားခံရခြင်း၊ ပါတီထောင်ခြင်း စသည့်နိုင်ငံရေးအခွင့်အလမ်းများ မရှိခြင်း၊ အခြေချနေထိုင်ခြင်းနှင့် ပြည်တွင်း/ပြည်ပ ခရီးသွားလာရာတွင် အခက်အခဲရှိခြင်း၊ လူကုန်ကူးခံရနိုင်ရန်အတွက် ပိုမို လွယ်ကူခြင်း၊ ဖမ်းဆီးထိန်းသိမ်းခံရခြင်းတို့ ဖြစ်တတ်ပါသည်။

ထို့ကြောင့် နိုင်ငံမဲ့ မဖြစ်ပေါ်စေရေးအတွက် အစိုးရက အလေးထား ဆောင်ရွက်ပေးလျက်ရှိပါသည်။ သဘာဝဘေးအန္တရာယ်သင့် ဒေသများနှင့် ရပ်ကွက်/မြို့နယ်များသို့ အထူးစီမံချက်များဖြင့် အိမ်ထောင်စုစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ကို ဖြေလျှော့ဆောင်ရွက်ပေးမှုများ လုပ်ဆောင်ပေးခြင်း၊ အစိုးရစာသင်ကျောင်းများတွင် နိုင်ငံသား စိစစ်ရေးကတ်များ ကွင်းဆင်းပြုလုပ်ပေးခြင်း၊ အထောက်အထား စာရွက်စာတမ်းများ လျှောက်ထားမှုများအတွက် လိုအပ်ချက်များကို ဖြေလျှော့ပေးခြင်းစသည်တို့ကို ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အပြင် မွေးဖွားလာသော ကလေးငယ်များအတွက် မွေးစာရင်းရရှိစေရန် ပံ့ပိုးပေးခြင်း၊ ကျူးကျော် (တိုးချဲ့နေရာများတွင် နေထိုင်ကြသူများ) များအတွက် အိမ်ထောင်စုစာရင်းနှင့်ညီမျှသော အထောက်အထား စာရွက်စာတမ်းတစ်ခုခု ဖန်တီးပေးခြင်း စသည့်လုပ်ငန်းများတွင် တက်တက်ကြွကြွ ပါဝင်ဆောင်ရွက်နိုင်မည်ဆိုပါက မည်သည့် သက်သေခံကတ်ပြားမှ ကိုင်ဆောင်ခြင်းမရှိသူ အရေအတွက် သိသိသာသာ လျှော့ချနိုင်မည်ဖြစ်သည်။

### စိစစ်ရေးကတ်မရှိသူများ

ယခုလက်ရှိတွင် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်အညီ မြန်မာနိုင်ငံသားဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို မြန်မာနိုင်ငံသားတိုင်း မဖြစ်မနေ လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ ထို့ကြောင့် မြန်မာနိုင်ငံသားဥပဒေပါ စည်းကမ်းချက်များအတိုင်း အထောက်အထား၊ အသိအမှတ်ပြုကတ်၊ လက်မှတ်များ ပြုလုပ်ထားကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ သုံးမျိုးတို့ကို သက်ဆိုင်သူတို့အလိုက် ပြုလုပ်ထားရမည်ဖြစ်သည်။ လက်ရှိတွင် နိုင်ငံသား အသိအမှတ်ပြု စိစစ်ရေးကတ်များကို ဦးစားပေး ပြုလုပ်ပေးနေပြီဖြစ်သည်။ ပြီးခဲ့သည့် ၂၀၂၀ ရွေးကောက်ပွဲတွင် နိုင်ငံသားစိစစ်ရေးလက်မှတ်မရှိသူ အမြောက်အမြား မဲပေးခဲ့ကြသည်မှာ ရွေးကောက်ပွဲပုံရိပ်ကို ထိခိုက်စေခဲ့ပေသည်။

မြန်မာနိုင်ငံအတွင်းရှိ တိုင်းဒေသကြီးနှင့်ပြည်နယ်များအနက် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ (ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်၏ မြို့နယ်အလိုက် မဲဆန္ဒရှင်များစာရင်းကို စိစစ်ရာတွင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၏ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ စာရင်းများက အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလတွင် အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူများ စာရင်းထက်ပိုများနေသည်ကို တွေ့ရသည်။ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆ (က)အရ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူစာရင်းထက် ၂၁၅၆၆၄၇ ဦးပိုများနေသည်။

### အထောက်အထားပြုလုပ်

နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများမှာ ၇၄၇၀၉၉ ဦးရှိနေကြောင်း စိစစ်တွေ့ရှိရပါသည်။ ထို့အပြင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ အခန်း(၆) မဲစာရင်းပြုစုခြင်းပါ ပုဒ်မ ၁၅ (ဂ) တွင် “မဲဆန္ဒနယ်များရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မည်သူမဆို သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတစ်ခုမှအပ အခြားမဲဆန္ဒနယ်၏ မဲစာရင်းများ၌ တစ်ချိန်တည်းတွင် အမည်စာရင်း ပါဝင်ခြင်း မရှိစေရ” ဟု ပြဋ္ဌာန်းထားသော်လည်း ရန်ကုန်တိုင်းဒေသကြီး၏ မဲဆန္ဒရှင်များစာရင်းတွင် နိုင်ငံသားစိစစ်ရေးကတ် မရှိသူများသာမက နှစ်ကြိမ်၊ သုံးကြိမ်နှင့်အထက် ပါဝင်နေသူများပါ တွေ့ရှိရသဖြင့် ဥပဒေနှင့်ညီညွတ်ခြင်းမရှိသော မှားယွင်းမှုများကို တွေ့ရှိပါသည်။

စစ်မှန်သော ဒီမိုကရေစီဖော်ဆောင်ရေးတွင် အဓိကကျသည့် ရွေးကောက်ပွဲများ၌ မဲပေးပိုင်ခွင့်ရှိသူများ စာရင်းမှန်မှန်ကန်ကန်ဖြစ်စေရေး တိကျသော စာရင်းကောက်ယူခြင်းများနှင့်အတူ နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးရေးကို သက်ဆိုင်ရာဌာနများက အမြန်ဆုံးဆောင်ရွက်ပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ပြန်လည်ကျင်းပရေးကို တိတိကျကျ မှန်မှန်ကန်ကန် ပြုလုပ်ပေးနိုင်ရန် ရည်မှန်းထားသည်။ ထို့ကြောင့် နိုင်ငံသားအသိအမှတ်ပြု စိစစ်ရေးကတ်များ မရှိသေးသူများအနေဖြင့် မိမိတို့ရပိုင်ခွင့်ရှိသည့် နိုင်ငံသားအခွင့်များ အပြည့်အဝရရှိစေရန် လိုအပ်သော နိုင်ငံသားဆိုင်ရာ အချက်အလက်များကို စုဆောင်း၍ နိုင်ငံသား အထောက်အထားများ ပြုလုပ်ထားကြရမည်ဖြစ်သည်။

> **“အသက် (၁၀) နှစ်ပြည့် လျှောက်ထားခြင်းဖြစ်လျှင် ကာယကံရှင်နှင့် အတူ မိဘ သို့မဟုတ် အုပ်ထိန်းသူမှ လာရောက်ရမည်။ အသက် (၁၈) နှစ် လျှောက်ထားခြင်းဖြစ်ပါက ကာယကံရှင်ကိုယ်တိုင် လာရောက်ရမည်။ လျှောက်ထားသူအမည်ပါသော အိမ်ထောင်စု လူဦးရေစာရင်း အိမ်လက်ခံမှုရင်းနှင့် မိတ္တူတစ်စောင်ပါရှိရမည်။ မျိုးရိုးစဉ်ဆက်ဇယား ဖြည့်စွက်ပြီးသော ရွှေ့ပြောင်းလျှောက်လွှာ ပါရှိရမည်။ အသက်အတွက် ကျောင်းထောက်ခံချက် (သို့မဟုတ်) မွေးစာရင်းမူရင်းနှင့် မိတ္တူပါရှိရပါမည်။ မိဘနှစ်ပါး ကိုင်ဆောင်ထားသော အထောက်အထား လက်မှတ်မူရင်းနှင့် မိတ္တူပါရှိရမည်။ ကာယကံရှင်၏ သွေးစစ်လက်မှတ်မူရင်းပါရှိရမည်။ ရပ်ကွက်/ကျေးရွာ အုပ်စုအတွင်းနေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။ လဝကမှ သတ်မှတ်ထားသောအရွယ် ဓာတ်ပုံ လေးပုံ (မျက်မှန်မပါ) ပါရှိရမည်။ အဆိုပါ အချက် ခုနစ်ချက် ပြည့်စုံပါက နိုင်ငံသား စိစစ်ရေးကတ်ကို သက်ဆိုင်ရာ မြို့နယ် လဝကရုံးများတွင် လျှောက်ထားရယူ၍ သင်နိုင်ငံသား တစ်ယောက်အဖြစ် စိတ်ချလက်ချနေထိုင်နိုင်မည် ဖြစ်သည်”**

### နိုင်ငံသားလျှောက်ထား

ပြန်လည်ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် အသက်(၁၈) ပြည့်ပြီးသူ နိုင်ငံသားအားလုံး ပါဝင်မဲဆန္ဒပေးသည့် အခွင့်အရေး ရရှိနိုင်ရန် နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသူ နိုင်ငံသားများ ခိုင်လုံသောအကြောင်းပြ၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်မှ သတ်မှတ်ထားသောအဖွဲ့အစည်း (လဝက) များတွင် လျှောက်ထားရယူနိုင်ပါသည်။ အသက်(၁၀) နှစ်ပြည့် (သို့မဟုတ်) အသက်(၁၈) နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ် လျှောက်ထားမည့် (တိုင်းရင်းသားများ) အနေဖြင့် အောက်ပါအချက် (၇)ချက် လိုအပ်ပါသည်။

အသက် (၁၀) နှစ်ပြည့် လျှောက်ထားခြင်းဖြစ်လျှင် ကာယကံရှင်နှင့်အတူ မိဘ သို့မဟုတ် အုပ်ထိန်းသူမှ လာရောက်ရမည်။ အသက် (၁၈)နှစ် လျှောက်ထားခြင်းဖြစ်ပါက ကာယကံရှင်ကိုယ်တိုင် လာရောက်ရမည်။ လျှောက်ထားသူအမည်ပါသော အိမ်ထောင်စု လူဦးရေစာရင်း အိမ်လက်ခံမှုရင်းနှင့် မိတ္တူတစ်စောင်ပါရှိရမည်။ မျိုးရိုးစဉ်ဆက်ဇယား ဖြည့်စွက်ပြီးသော ရွှေ့ပြောင်းလျှောက်လွှာ ပါရှိရမည်။ အသက်အတွက် ကျောင်းထောက်ခံချက် (သို့မဟုတ်) မွေးစာရင်းမူရင်းနှင့် မိတ္တူ ပါရှိရပါမည်။ မိဘနှစ်ပါး ကိုင်ဆောင်ထားသော အထောက်အထား လက်မှတ် မူရင်းနှင့် မိတ္တူပါရှိရမည်။ ကာယကံရှင်၏ သွေးစစ်လက်မှတ်မူရင်း ပါရှိရမည်။ ရပ်ကွက်/ ကျေးရွာ အုပ်စုအတွင်းနေထိုင်ကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်ပါရှိရမည်။ လဝကမှ သတ်မှတ်ထားသောအရွယ် ဓာတ်ပုံလေးပုံ (မျက်မှန်မပါ) ပါရှိရမည်။ အဆိုပါ အချက်ခုနစ်ချက် ပြည့်စုံပါက နိုင်ငံသား စိစစ်ရေးကတ်ကို သက်ဆိုင်ရာမြို့နယ် လဝကရုံးများတွင် လျှောက်ထားရယူ၍ သင်နိုင်ငံသား တစ်ယောက်အဖြစ် စိတ်ချလက်ချနေထိုင်နိုင်မည်ဖြစ်သည်။

### ဝေဖန်ထောက်ပြခဲ့

၂၀၁၄ ခုနှစ် လူဦးရေနှင့် သန်းခေါင်စာရင်း ကောက်ယူခဲ့ရာမှ တွေ့ရှိခဲ့ရသော အသက် ၁၈ နှစ်ပြည့်ပြီးသော်လည်း နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသော ပြည်သူများ၏ အရေးကို ဆောလျင်စွာ ဖြေရှင်းပေးဖို့ လိုအပ်လာပြီဖြစ်သည်။ အသိအမှတ်ပြု နိုင်ငံသားစိစစ်ရေးကတ်ပြား မရှိသေးသော ပြည်သူများအနေဖြင့် အကြောင်းအမျိုးမျိုးကြောင့် မပြုလုပ်ခဲ့ခြင်းဖြစ်ရာ ထိုသို့မရှိခဲ့ခြင်းအတွက် နိုင်ငံသားအခွင့်အရေးများ ဆုံးရှုံးနိုင်ရုံသာမက မဖြစ်သင့်သော ပြဿနာများနှင့် စိုးရိမ်ဖွယ်ရာ ဖြစ်သော နိုင်ငံမဲ့သဘောမျိုး သက်ရောက်နေသော အဖြစ်များကို သတိထားဖို့လိုအပ်ပါသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ မဲပေးနိုင်ခွင့်ရှိ သူ လူဦးရေ ၃၈ သန်းတွင် ၂၀ ရာခိုင်နှုန်းနီးပါး နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိဘဲ မဲပေးခဲ့ကြသဖြင့် ရွေးကောက်ပွဲကို စောင့်ကြည့်လေ့လာကြသည့် အရပ်ဘက်အဖွဲ့အစည်းများက ဝေဖန်ထောက်ပြခဲ့ ကြသည်။

အချုပ်အားဖြင့်ဆိုရပါလျှင် အသိအမှတ်ပြု နိုင်ငံသားတစ်ယောက်အဖြစ် မြန်မာနိုင်ငံတွင် ရပ်တည်နေထိုင်ခြင်းဖြင့် နိုင်ငံသားတစ်ယောက်၏ ရပိုင်ခွင့်အခွင့်အရေးများ များစွာရရှိကြမည်ဖြစ်သလို နိုင်ငံသားတစ်ယောက်၏ ထမ်းဆောင်ရမည့် တာဝန်များကိုလည်း အလေးထားလိုက်နာဆောင်ရွက်ကြရပါမည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်မှ အသိအမှတ်ပြုထားသည့် နိုင်ငံသားတစ်ယောက်၏ အခွင့်အရေးနှင့် တာဝန်များကို ပြည့်ပြည့်ဝဝရယူနိုင်ရန်အတွက် အထောက်အထားမရှိသော ပြည်သူများအနေဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားကို မဖြစ်မနေပြုလုပ်ကြပါရန် တိုက်တွန်းအပ်ပါသည်။ ။

# အသိပေးကြေညာချက်

၁။ နိုင်ငံတော်မှထုတ်ပြန်ထားသော ဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်တို့အား လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒဖော်ထုတ်လျက်ရှိသူများသည် လုံခြုံရေးတာဝန်ဆောင်ရွက်နေကြသည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်အချို့အား လုပ်ငန်းတာဝန် ဆောင်ရွက်၍မရအောင် တိုက်ခိုက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ရိုက်ပုတ် ထိုးနှက်ခြင်း၊ အလားတူ နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ၊ ဆွေမျိုးသားချင်းများအား CDM ပြုလုပ်စေရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်း၊ အငြိမ်းစားတပ်မတော်သားများ၊ အငြိမ်းစား ရဲတပ်ဖွဲ့ဝင်များနှင့် အချို့သောပြည်သူလူထုအား ရဲသတင်းပေး၊ စစ်သတင်းပေးဟုစွပ်စွဲကာ မတရားဖမ်းဆီးခြင်း၊ ခြိမ်းခြောက်ခြင်း၊ ရိုက်ပုတ်ထိုးကြိတ်ခြင်း၊ အရှက်ရစေရန် ကတုံး တုံးခြင်း၊ ဆံပင်ထိပ်ကွက်ခြင်း၊ မျက်ခုံးမွေးရိတ်ခြင်း၊ ရာသက်ပန်ရုပ်အဆင်းပျက်စေရန်နှင့် အရှက်ရစေရန် မျက်နှာအား တက်တူးထိုးခြင်းများစသည့် မင်းမဲ့စရိုက်ဆန်စွာ ညှဉ်းပန်းနှိပ်စက်ပြုမူ ကျူးလွန်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

၂။ တာဝန်ထမ်းဆောင်နေသည့် နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းတာဝန်ဆောင်ရွက်ခြင်း မပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၁၈၆၊ ၁၈၉ နှင့် ၃၅၃ အရ လည်းကောင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၃၃၂၊ ၃၃၃၊ ၃၄၂ အရ လည်းကောင်း၊ မျက်နှာကို အမြဲရုပ်ဆင်းပျက်အောင်ပြုလုပ်ပြီး နာကျင်စေမှုကျူးလွန်ပါက ရာဇသတ်ကြီးပုဒ်မ ၃၂၅၊ ၃၂၆ ဖြင့်လည်းကောင်း၊ တစ်ဦးတစ်ယောက်အား အရှက်ရစေရန် ကတုံး တုံးခြင်း၊ မျက်ခုံးမွေးရိတ်ခြင်းစသည်ဖြင့်ပြုလုပ်ပါက လူ့ဂုဏ်သိက္ခာကို ကျဆင်းအောင် ပြုလုပ်ခြင်းဖြစ်သဖြင့် ရာဇသတ်ကြီးပုဒ်မ ၃၅၂၊ ၃၅၄ နှင့် ပုဒ်မ ၅၀၀ ဖြင့် လည်းကောင်း၊ ဝန်ထမ်းများနှင့် မိသားစုဝင်များအား CDM ပြုလုပ်ရန် ခြိမ်းခြောက်ခြင်း၊ ဖိအားပေးခြင်းပြုလုပ်ပါက ရာဇသတ်ကြီးပုဒ်မ ၅၀၅–က၊ ၅၀၆ နှင့် ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၆(ဃ) ဖြင့်လည်းကောင်း အရေးယူနိုင်ပြီး အမြင့်ဆုံးပြစ်ဒဏ်အနေဖြင့် ထောင်ဒဏ် ၂၀ နှစ်အထိ ကျခံစေနိုင်ပါသည်။

၃။ သို့ဖြစ်ပါ၍ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများသည် မိမိတို့အား အထက်ဖော်ပြပါ ကျူးလွန်မှုများ ကျူးလွန်လာလျှင်ဖြစ်စေ၊ ကျူးလွန်ခံရနိုင်သည့် အန္တရာယ်ရှိလာလျှင်ဖြစ်စေ နီးစပ်ရာရဲစခန်းသို့လည်းကောင်း၊ မိမိတို့နေထိုင်ရာ နယ်မြေဒေသရှိ ခရိုင်အလိုက် အောက်တွင်ဖော်ပြထားသော တယ်လီဖုန်းနံပါတ်များသို့လည်းကောင်း သတင်းပို့တိုင်တန်းနိုင်ကြောင်းနှင့် သတင်းပို့တိုင်တန်းလာပါက မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ထိရောက်စွာ ချက်ချင်းအရေးယူဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာခဲ့ပြီး ဖြစ်ပါသည်။

၄။ တာဝန်ထမ်းဆောင်နေသော နိုင်ငံ့ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ လုပ်ငန်းတာဝန်ထမ်းဆောင်ခြင်းမပြုနိုင်အောင် ဟန့်တားခြင်း၊ ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးချုပ်နှောင်ခြင်း၊ ရိုက်နှက်ခြင်းများ စသည့်ကျူးလွန်ခံရမှုများရှိလာပါက မှတ်တမ်းဓာတ်ပုံအထောက်အထားများနှင့်တကွ ထိရောက်စွာ အပြစ်ပေးအရေးယူနိုင်ရေးအတွက် မှတ်တမ်းဓာတ်ပုံများ၊ ဗီဒီယိုမှတ်တမ်းဖိုင်များပေးပို့နိုင်ရေး သက်ဆိုင်ရာခရိုင်အလိုက် ဖော်ပြထားသော Viber ဖုန်းနံပါတ်များသို့ ပေးပို့တိုင်ကြားနိုင်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်–

**နေပြည်တော်ရဲတပ်ဖွဲ့**

(က) ဥတ္တရသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၆၇ ၅၅၀၁၉၁၊ ၀၆၇ ၅၅၀၁၉၂၊ ၀၆၇ ၅၅၀၀၄၁<br>Viber Phone – ၀၉ ၄၂၅၂၈၃၃၃၄

(ခ) ဒက္ခိဏသီရိခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၆၇ ၅၅၀၁၉၃၊ ၀၆၇ ၅၅၀၃၈၈၊ ၀၆၇ ၅၅၀၀၄၂<br>Viber Phone – ၀၉ ၄၅၀၈၄၀၈၈၈

**ကချင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မြစ်ကြီးနားခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၀၈၂၅၆၉၄၊ ၀၉ ၈၈၀၈၂၅၆၉၅၊ ၀၉ ၈၈၀၈၂၅၆၉၆<br>Viber Phone – ၀၉ ၇၉၄၆၁၁၃၅၁

(ခ) ဗန်းမော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၀၈၂၅၇၀၀၊ ၀၉ ၈၈၀၈၂၅၇၀၁၊ ၀၉ ၈၈၀၈၂၅၇၀၂<br>Viber Phone – ၀၉ ၄၂၀၁၆၇၁၂၆

(ဂ) မိုးညှင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၀၈၂၅၆၉၇၊ ၀၉ ၈၈၀၈၂၅၆၉၈၊ ၀၉ ၈၈၀၈၂၅၆၉၉<br>Viber Phone – ၀၉ ၄၀၃၇၃၉၁၆၃

(ဃ) ပူတာအိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၈၀၈၂၅၆၇၅၊ ၀၉ ၈၈၀၈၂၅၆၇၆၊ ၀၉ ၈၈၀၈၂၅၆၇၇<br>Viber Phone – ၀၉ ၂၅၀၃၄၄၂၁၉

**ကယားပြည်နယ်ရဲတပ်ဖွဲ့**

(က) လွိုင်ကော်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၄၂၉၀၃၁၂၊ ၀၉ ၂၆၄၂၉၀၃၄၇၊ ၀၉ ၂၆၄၂၉၀၃၄၂<br>Viber Phone – ၀၉ ၇၇၇၇၄၁၉၈၀

(ခ) ဘော်လခဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၄၂၉၀၂၁၇၊ ၀၉ ၂၆၄၂၉၀၂၆၆၊ ၀၉ ၂၆၄၂၉၀၂၆၈<br>Viber Phone – ၀၉ ၂၅၈၂၈၆၉၉၂

**ကရင်ပြည်နယ်**

(က) ဘားအံခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၄၈၁၂၅၃၀၁၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂<br>Viber Phone – ၀၉ ၂၅၇၂၇၉၁၅၇

(ခ) ကော့ကရိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၀၅၃၂၂၀၃၊ ၀၉ ၆၆၄၉၄၆၅၁၉၊ ၀၉ ၇၇၄၃၈၃၇၅၉<br>Viber Phone – ၀၉ ၄၀၉၇၀၁၉၇၂

(ဂ) မြဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၆၆၄၈၅၇၇၈၅၊ ၀၉ ၇၄၀၈၄၇၉၅၀<br>Viber Phone – ၀၉ ၅၁၃၂၅၁၁

(ဃ) ဖာပွန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၈၂၁၂၃၁၃၊ ၀၉ ၆၉၂၉၅၅၅၅၇၊ ၀၉ ၈၂၉၁၇၅၉၆<br>Viber Phone – ၀၉ ၄၀၀၄၅၅၁၅၆

**ချင်းပြည်နယ်ရဲတပ်ဖွဲ့**

(က) မင်းတပ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၇၇၄၆၅၇၁၅၄၊ ၀၉ ၈၈၀၄၇၄၈၈၃၊ ၀၉ ၈၈၃၂၉၉၆၈၂<br>Viber Phone – ၀၉ ၂၅၉၈၃၉၂၆၀

(ခ) မတူပီခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၄၉၆၁၅၅၀၁၊ ၀၉ ၄၄၉၆၁၅၆၁၈၊ ၀၉ ၄၂၂၉၁၁၄၂၇<br>Viber Phone – ၀၉ ၄၀၀၄၅၅၁၉၉

(ဂ) ဖလမ်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၂၆၈၉၈၉၉၊ ၀၉ ၄၂၇၉၈၅၀၉၁၊ ၀၉ ၄၂၆၄၁၉၉၉၂<br>Viber Phone – ၀၉ ၂၃၀၀၈၁၇

(ဃ) ဟားခါးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၄၃၆၆၇၆၂၆၊ ၀၉ ၄၄၃၄၀၈၁၀၀၊ ၀၉ ၂၅၈၇၄၅၉၂၈<br>Viber Phone – ၀၉ ၄၄၄၇၇၆၆၅၉

**စစ်ကိုင်းတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) စစ်ကိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၆၈၀၁၅၁၀၉၉၊ ၀၉ ၆၈၀၇၄၅၈၉၉၊ ၀၉ ၆၈၀၃၇၄၉၇၄<br>Viber Phone – ၀၉ ၄၂၀၇၃၆၈၂၇

(ခ) ရွှေဘိုခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၅၈၄၆၆၆၈၊ ၀၉ ၄၃၀၃၄၄၆၃၊ ၀၉ ၇၉၃၁၇၇၉၃၁<br>Viber Phone – ၀၉ ၂၅၈၄၆၆၆၈

(ဂ) ကန့်ဘလူခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၄၈၅၀၃၂၈၊ ၀၉ ၉၉၇၈၈၃၀၂၅၆၊ ၀၉ ၇၅၉၆၉၈၇၈၃<br>Viber Phone – ၀၉ ၂၅၉၁၀၇၀၇၂

(ဃ) မုံရွာခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၀၀၉၃၂၀၇၊ ၀၉ ၂၃၀၀၉၄၂၊ ၀၉ ၄၀၂၅၄၇၁၃၉<br>Viber Phone – ၀၉ ၄၅၈၀၂၅၄၁၉

(င) ယင်းမာပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၂၅၆၀၇၄၃၊ ၀၇၁ ၇၃၁၃၁၊ ၀၇၁ ၇၃၁၃၃<br>Viber Phone – ၀၉ ၉၅၁၄၉၅၄၀၉

(စ) ကသာခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၇၅ ၂၅၁၀၁၄၊ ၀၉ ၂၅၉၈၅၁၅၈၁၊ ၀၉ ၇၇၅၇၄၅၃၆၉<br>Viber Phone – ၀၉ ၄၂၁၀၇၁၃၆၉

(ဆ) ကလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၀၇၂၀၅၃၅၊ ၀၉ ၉၇၀၄၆၀၂၅၈၊ ၀၉ ၆၈၆၈၀၄၉၀၁<br>Viber Phone – ၀၉ ၄၀၂၅၀၈၄၆၈

(ဇ) ခန္တီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၇၃ ၂၄၈၁၀၀၊ ၀၉ ၄၂၀၇၄၁၁၉၈၊ ၀၉ ၂၆၂၆၉၀၁၂၃<br>Viber Phone – ၀၉ ၈၈၀၀၈၇၃၄၀

(ဈ) မော်လိုက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၅၁၉၀၄၈၁၊ ၀၉ ၄၂၁၅၉၉၉၉၅၊ ၀၉ ၄၂၂၄၆၅၇၈၃<br>Viber Phone – ၀၉ ၈၈၉၂၉၁၉၄၀

(ည) တမူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၇၃ ၄၀၂၇၇၊ ၀၉ ၉၇၄၈၃၂၁၈၃၊ ၀၉ ၇၅၅၆၂၄၄၂၉<br>Viber Phone – ၀၉ ၇၆၄၄၂၂၆၇၄

**တနင်္သာရီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ထားဝယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၅၁၁၃၈၅၇၇၊ ၀၉ ၄၄၇၉၂၀၂၇၃၊ ၀၉ ၆၆၉၉၀၅၂၈၁<br>Viber Phone – ၀၉ ၆၆၉၉၀၅၂၈၁

(ခ) မြိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၅၆၄၄၅၄၂၄၊ ၀၉ ၈၉၆၉၉၉၆၈၄၊ ၀၉ ၆၇၉၄၉၆၆၃၁<br>Viber Phone – ၀၉ ၇၅၅၁၀၀၇၅၇

(ဂ) ကော့သောင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၈၉၅၉၁၂၁၆၉၊ ၀၉ ၆၆၈၈၈၈၁၉၉၊ ၀၉ ၂၅၃၅၈၃၅၀၉<br>Viber Phone – ၀၉ ၈၉၅၉၁၂၁၆၉

**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပဲခူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၀၁၇၅၀၁၆၊ ၀၉ ၄၄၇၂၈၂၇၇၄၊ ၀၉ ၇၉၄၈၆၁၅၀၆<br>Viber Phone – ၀၉ ၄၀၀၅၄၀၁၄၀

(ခ) တောင်ငူခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၅၀၀၅၉၅၂၀၊ ၀၉ ၂၅၄၀၃၃၃၉၃၊ ၀၉ ၉၆၉၇၇၃၉၀၇<br>Viber Phone – ၀၉ ၂၅၀၉၉၉၇၄၇

(ဂ) ပြည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၃၆၆၄၂၉၄၊ ၀၉ ၄၂၃၆၈၄၈၆၀၊ ၀၉ ၄၂၅၅၅၁၇၃၆<br>Viber Phone – ၀၉ ၄၄၃၁၃၅၅၂၀

(ဃ) သာယာဝတီခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၃၀၈၁၁၇၀၊ ၀၉ ၄၃၀၇၁၈၆၉၊ ၀၉ ၂၅၄၂၉၀၃၈၅<br>Viber Phone – ၀၉ ၇၉၆၅၈၄၆၃၇

**မကွေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မကွေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၅၄၈၅၈၂၂၊ ၀၉ ၂၆၁၀၁၇၁၇၅၊ ၀၉ ၂၆၁၀၁၇၁၁၆<br>Viber Phone – ၀၉ ၉၅၄၂၀၆၀၆၁

(ခ) မင်းဘူးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၁၀၁၇၄၄၅၊ ၀၉ ၂၆၁၀၁၇၄၂၅၊ ၀၉ ၂၆၁၀၁၇၁၀၅<br>Viber Phone – ၀၉ ၄၀၀၃၁၁၁၁၀

(ဂ) သရက်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၁၀၁၇၂၃၈၊ ၀၉ ၂၆၁၀၁၇၀၄၀၊ ၀၉ ၂၆၁၀၁၇၂၈၈<br>Viber Phone – ၀၉ ၇၉၄၄၄၇၂၈၀

(ဃ) ပခုက္ကူခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၂၆၁၀၁၇၅၄၈၊ ၀၉ ၂၆၁၀၁၇၃၁၇၊ ၀၉ ၂၆၁၀၁၇၂၅၇<br>Viber Phone – ၀၉ ၂၅၇၀၈၀၀၉၈

(င) ဂန့်ဂေါခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၄၂၅၄၈၅၈၁၈၊ ၀၉ ၄၂၅၄၈၅၈၁၃၊ ၀၉ ၄၂၅၄၈၅၈၃၄<br>Viber Phone – ၀၉ ၉၇၃၃၇၃၆၈၈

**မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) မန္တလေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၉၇၃၇၁၅၄၃၈၊ ၀၉ ၈၈၉၈၄၆၄၆၄၊ ၀၉ ၈၈၉၈၅၈၇၈၈<br>Viber Phone – ၀၉ ၉၆၉၉၅၆၄၇၂

(ခ) ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း– ၀၉ ၇၇၇၈၄၇၂၇၈၊ ၀၉ ၇၉၄၁၉၅၆၈၃၊ ၀၉ ၉၆၉၆၂၉၈၂၈<br>Viber Phone – ၀၉ ၄၂၀၇၆၀၂၄၆

စာမျက်နှာ ၂၃ သို့

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းကြည့်ရှု



ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ ကွင်းဆင်းကြည့်ရှုစဉ်။

ဘားအံ မတ် ၂၄

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် မတ် ၂၁ ရက်က ဘားအံခရိုင် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအားကွင်းဆင်းကြည့်ရှုသည်။

ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ရွှေဂွန်းကျေးရွာ တိုက်နယ်ဆေးရုံ ပြန်လည်ဖွင့်လှစ်သည့် အခြေအနေများကို သွားရောက် ကြည့်ရှုရာ ဒေသခံ တိုင်းရင်းသား ပြည်သူများက ရွှေဂွန်းတိုက်နယ် ဆေးရုံတွင် ပြန်လည် တာဝန်ထမ်းဆောင်ကြသည့် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများကို လှိုက်လှဲစွာ ကြိုဆိုကြပြီး ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက ပြန်လည်တာဝန် ထမ်းဆောင်ကြသည့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက်၍ အားပေးစကားများ ပြောကြားပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကာ ဆေးရုံအတွင်း လိုက်လံကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် မြိုင်ကြီးငူနန်းဦးဘေးမဲ့တောရကျောင်းတိုက် ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဥာဏိကအား မြိုင်ကြီးငူဥယျာဉ်ခြံကျောင်း၌ သွားရောက်ဖူးမြော်ကြည်ညို၍ လှူဖွယ်ဝတ္ထု ပစ္စည်းများနှင့် သံလွင်မြစ်ကမ်းထိန်းနံရံ တည်ဆောက်နိုင်ရေး ဘိလပ်မြေအိတ် ၅၀၀ အတွက် ငွေကျပ်သိန်း ၃၀ ကို ဆက်ကပ်လှူဒါန်းကာ နေရပ်စွန့်ခွာသူများအား နေရာပြန်လည်ချထားပေးနိုင်ရေး တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်သည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် နန်းဦးဘေးမဲ့တောရကျောင်း အောင်မင်္ဂလာ ပရိယတ္တိစာသင်တိုက်၌ လှိုင်းဘွဲ့မြို့နယ် အခြေချစစ်ဗျူဟာမှ တပ်မတော်သား ဆရာဝန်များ၊ သူနာပြုများနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ မြိုင်ကြီးငူဒေသမှ ဆရာတော်၊ သံဃာတော်များ၊ ဌာနဆိုင်ရာများ၊ အုပ်ချုပ်ရေးမှူးများနှင့် တိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ မြိုင်ကြီးငူ ဦးစီးပဓာနနာယက ဆရာတော်ကြီးက ဦးစီးဆောင်ရွက်သော သံလွင်မြစ်ကမ်းထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားကာ မြိုင်ကြီးငူ ပြည်သူ့ဆေးရုံပြန်လည်ဖွင့်လှစ်နေသည့် အခြေအနေများကို သွားရောက်ကြည့် ရှုကြောင်း သိရသည်။

**စောမျိုးမင်းသိန်း**
**(ပြန်/ဆက်)**

---

*စာမျက်နှာ ၂၂ မှ*

(ဂ) မြင်းခြံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၆၉၊ ၀၉ ၄၀၀၁၀၃၃၇၄၊ ၀၉၄၀၀၁၀၄၉၃၃
Viber Phone - ၀၉ ၆၈၁၁၅၃၄၅၃

(ဃ) မိတ္ထီလာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၇၁၈၂၂၃၈၊ ၀၉ ၄၀၀၁၀၄၆၁၁၊ ၀၉ ၄၀၀၁၀၀၁၂၄
Viber Phone - ၀၉ ၄၄၀၁၄၂၆၆၇

(င) ရမည်းသင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၂၆၉၉၊ ၀၉ ၄၀၀၁၀၂၈၉၉၊ ၀၉ ၄၀၀၁၀၂၈၁၁
Viber Phone - ၀၉ ၄၀၃၇၄၂၂၆၅

(စ) ကျောက်ဆည်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၈၈၁၁၁၄၁၁၂၊ ၀၉ ၇၉၄၂၀၈၉၆၀၊ ၀၉ ၇၉၂၄၄၄၈၅၂
Viber Phone - ၀၉ ၇၈၅၀၈၂၆၁၅

(ဆ) ညောင်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၀၀၁၀၃၃၂၈၊ ၀၉ ၄၀၀၁၀၃၃၄၈၊ ၀၉ ၄၀၀၁၀၃၃၈၆
Viber Phone - ၀၉ ၄၂၀၂၅၁၄၈၄

**မွန်ပြည်နယ်ရဲတပ်ဖွဲ့**

(က) မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၅၆၂၅၃၈၉၂၊ ၀၉ ၆၈၄၇၃၈၃၉၅၊ ၀၉ ၆၈၂၇၈၇၈၈၂
Viber Phone - ၀၉ ၂၅၅၈၅၄၄၁၀

(ခ) သထုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၃၃၂၇၄၄၊ ၀၉ ၄၂၃၃၃၂၇၄၅၊ ၀၉ ၄၂၃၃၃၂၇၄၆
Viber Phone - ၀၉ ၂၅၅၇၁၁၁၇၄

**ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့**

(က) စစ်တွေခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၆၂၉၄၅၂၅၊ ၀၉ ၆၈၉၃၁၈၄၂၇၊ ၀၉ ၆၈၈၉၀၀၇၈၇
Viber Phone - ၀၉ ၄၂၁၀၀၄၂၁၈

(ခ) မြောက်ဦးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၉၉၅၀၈၈၈၄၊ ၀၉ ၆၇၁၀၀၅၆၇၁၊ ၀၉ ၆၈၃၉၇၂၀၉၃
Viber Phone - ၀၉ ၇၈၉၉၇၈၃၇၃

(ဂ) မောင်တောခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၆၂၄၄၁၃၃၆၊ ၀၉ ၆၉၀၈၇၅၄၈၀၊ ၀၉ ၆၉၄၃၅၉၄၀၂
Viber Phone - ၀၉ ၄၀၂၅၄၇၂၄၄

(ဃ) ကျောက်ဖြူခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၃၂၃၉၉၆၆၊ ၀၉ ၄၂၃၂၃၉၉၆၇၊ ၀၉ ၄၂၃၂၃၉၉၆၈
Viber Phone - ၀၉ ၄၀၁၅၈၂၂၃၆

(င) သံတွဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၇၈၄၄၃၇၁၃၊ ၀၉ ၆၇၂၉၃၇၃၄၈၊ ၀၉ ၉၆၉၁၇၉၆၆၁
Viber Phone - ၀၉ ၂၅၄၃၁၅၂၉၉

**ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၂၉၆၆၊ ၀၉ ၄၂၆၁၈၃၂၂၇၊ ၀၉ ၄၂၆၁၈၃၂၄၅
Viber Phone - ၀၉ ၄၂၁၁၂၈၉၅၁

(ခ) အနောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၂၈၊ ၀၉ ၄၂၆၁၈၃၃၃၉၊ ၀၉ ၄၂၆၁၈၃၂၉၃
Viber Phone - ၀၉ ၄၃၁၃၇၇၂၉

(ဂ) တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၁၉၃၊ ၀၉ ၄၂၆၁၈၃၂၃၇၊ ၀၉ ၄၂၆၁၈၃၂၃၈
Viber Phone - ၀၉ ၅၁၉၄၂၂၃

(ဃ) မြောက်ပိုင်းခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၆၁၈၃၂၇၇၊ ၀၉ ၄၂၆၁၈၃၂၈၂၊ ၀၉ ၄၂၆၁၈၃၂၆၄
Viber Phone - ၀၉ ၇၈၆၂၈၁၄၅၆

**ရှမ်းပြည်နယ်ရဲတပ်ဖွဲ့**

(က) လားရှိုးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၅၀၊ ၀၉ ၃၄၆၁၁၂၈၅၁၀၊ ၀၉ ၃၄၆၁၁၃၂၇၁၀
Viber Phone - ၀၉ ၂၅၃၀၂၉၄၇၇

(ခ) ကျောက်မဲခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၅၉၃၊ ၀၉ ၃၄၆၁၁၂၈၅၆၉၊ ၀၉ ၃၄၆၁၁၃၂၆၄၅
Viber Phone - ၀၉ ၂၅၈၁၁၇၆၆၂

(ဂ) တောင်ကြီးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၇၇၊ ၀၉ ၃၄၆၁၁၂၈၉၉၉၊ ၀၉ ၃၄၆၁၁၂၈၆၈၄
Viber Phone - ၀၉ ၂၅၀၉၃၆၅၆၇

(ဃ) လင်းခေးခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၆၆၈၊ ၀၉ ၃၄၆၁၁၃၂၆၀၃၊ ၀၉ ၃၄၆၁၁၃၂၅၉၅
Viber Phone - ၀၉ ၇၈၉၇၂၃၇၄၉

(င) လွိုင်လင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၇၄၄၊ ၀၉ ၃၄၆၁၁၃၂၈၁၉၊ ၀၉ ၃၄၆၁၁၂၈၉၂၄
Viber Phone - ၀၉ ၄၀၀၄၄၈၀၂၆

(စ) ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၅၈၇၊ ၀၉ ၃၄၆၁၁၃၂၅၇၉၊ ၀၉ ၃၄၆၁၁၂၈၆၄၃
Viber Phone - ၀၉ ၉၇၆၄၅၃၆၉၉

(ဆ) တာချီလိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၈၀၁၊ ၀၉ ၃၄၆၁၁၃၂၇၈၅၊ ၀၉ ၃၄၆၁၁၂၈၉၆၅
Viber Phone - ၀၉ ၅၂၅၂၇၆၅

(ဇ) မိုင်းဆတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၂၈၉၄၀၊ ၀၉ ၃၄၆၁၁၃၂၇၂၈၊ ၀၉ ၃၄၆၁၁၃၂၅၀၄
Viber Phone - ၀၉ ၄၂၀၀၀၆၀၆၇

(ဈ) မူဆယ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၃၀၇၂၊ ၀၉ ၃၄၆၁၁၃၂၉၆၇၊ ၀၉ ၃၄၆၁၁၂၈၇၄၂
Viber Phone - ၀၉ ၉၅၇၉၂၄၁၅၉

(ည) ဟိုပန်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၅၉၊ ၀၉ ၃၄၆၁၁၃၃၀၂၃၊ ၀၉ ၃၄၆၁၁၃၂၉၇၅
Viber Phone - ၀၉ ၇၇၃၁၁၇၈၅၉

(ဋ) မိုးမိတ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၃၄၆၁၁၃၂၉၄၂၊ ၀၉ ၃၄၆၁၁၃၃၁၅၅၊ ၀၉ ၃၄၆၁၁၂၈၈၄၁
Viber Phone - ၀၉ ၆၈၉၉၁၀၉၇၀

**ဧရာဝတီတိုင်းဒေသကြီးရဲတပ်ဖွဲ့**

(က) ပုသိမ်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၀၀၉၈၃၀၆၊ ၀၉ ၆၈၅၁၉၄၈၆၆၊ ၀၉ ၄၅၁၂၃၆၀၇၀
Viber Phone - ၀၉ ၂၆၆၂၃၀၀၇၇

(ခ) ဟင်္သာတခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၄၂၁၇၁၃၃၄၄၊ ၀၉ ၄၄၇၃၇၄၁၅၀၊ ၀၉ ၉၅၉၅၉၁၀၉၇
Viber Phone - ၀၉ ၂၅၉၀၄၂၃၀

(ဂ) မြောင်းမြခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၆၈၂၀၅၅၉၇၅၊ ၀၉ ၂၆၄၈၃၆၈၀၉၊ ၀၉ ၄၅၉၂၉၃၃၄၅
Viber Phone - ၀၉ ၄၅၄၄၆၆၆၆၇

(ဃ) လပွတ္တာခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၉၅၀၉၇၇၃၇၆၊ ၀၉ ၄၅၆၆၉၉၉၆၈၊ ၀၉ ၄၀၃၇၂၂၆၀၁
Viber Phone - ၀၉ ၉၅၀၉၇၇၃၇၆

(င) မအူပင်ခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၉၁၁၉၀၅၁၉၊ ၀၉ ၆၈၈၆၂၄၁၃၅၊ ၀၉ ၄၅၀၁၈၃၅၂၆
Viber Phone - ၀၉ ၂၀၁၉၉၅၃

(စ) ဖျာပုံခရိုင်ရဲတပ်ဖွဲ့ ဖုန်း- ၀၉ ၇၇၉၉၂၉၆၂၉၊ ၀၉ ၄၀၀၀၂၁၃၈၆၊ ၀၉ ၆၆၆၉၇၄၂၁၂
Viber Phone - ၀၉ ၂၆၉၄၈၂၈၂၀

# ရွှေပြည်သာမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သူများကို ပြစ်ဒဏ်အသီးသီးချမှတ်

**နေပြည်တော် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် ဆူပူအကြမ်းဖက်မှုဖြစ်စဉ်များတွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည့် မင်းထက်(ခ) လင်းထက်ပိုင်(ဘ) ဦးသန်းထွန်းနှင့် လှဝင်း (ဘ) ဦးစိန်မောင်တို့သည် မတ် ၁၆ ရက်တွင် SOLAMODA အထည်ချုပ်စက်ရုံအဆောက်အဦကို မီးရှို့ဖျက်ဆီးခဲ့မှု ကျူးလွန်ခဲ့သည့်အတွက် ရာဇသတ်ကြီးဥပဒေပုဒ်မ ၄၃၆ အရ အလုပ်နှင့် ထောင်ဒဏ် (၂၀) နှစ်ဖြင့် လည်းကောင်း၊ အောင်ထွန်း(ခ)ဆာမိ၊ အောင်သက်ပိုင်(ခ) ပီချေးနှင့် ဝင်းကိုကိုတို့သည် မတ် ၁၄ ရက်တွင် မြန်မာဟုန်ပေါင်၊ မက်နစ်ကယ်အင်န်၊ အီလက်ထရစ်ကယ်၊ အင်ဂျင်နီးယားရင်းကုမ္ပဏီလီမိတက်စက်ရုံမှ အမည်မသိလူငါးဦးမှ ခိုးယူလာပြီး လာရောက်ရောင်းချသည့် ပစ္စည်းများကို ခိုးရာပါပစ္စည်းဖြစ်ကြောင်း ယုံကြည်ရန် အကြောင်းရှိလျက်နှင့် ဝယ်ယူခဲ့ပြီး အဆိုပါပစ္စည်းများကို မရိုးမဖြောင့်သော သဘောဖြင့် လက်ခံထားရှိမှုကို ကျူးလွန်ခဲ့သည့်အတွက် ရာဇသတ်ကြီး ဥပဒေပုဒ်မ ၄၁၄ အရ အလုပ်နှင့်ထောင်ဒဏ် (၃) နှစ်ဖြင့် လည်းကောင်း၊ စစ်အုပ်ချုပ်ရေး (Martial Law) စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မတ် ၂၂ ရက်တွင် အသီးသီးအမိန့်ချမှတ်လိုက်ကြောင်း သိရှိရသည်။

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်နှင့် မြောက်ဥက္ကလာပမြို့နယ်တို့တွင် အထည်ချုပ်စက်ရုံများ၊ အခြေခံပညာအထက်တန်းကျောင်းများ မီးရှို့ဖျက်ဆီးခြင်း၊ မီးငြိမ်းသတ်မှု မဆောင်ရွက်ရန် တားဆီးနှောင့်ယှက်မှုများ ဆောင်ရွက်သည့်အပြင် အကြမ်းဖက်မှုများကိုပါ ဆောင်ရွက်လာသဖြင့် စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) အား မတ် ၁၄ ရက်နှင့် ၁၅ ရက်တို့တွင် ထုတ်ပြန်ကြေညာခဲ့သည်။ စစ်အုပ်ချုပ်ရေးအမိန့် ထုတ်ပြန်ကြေညာထားသည့် မြို့နယ်များအတွင်း စစ်ခုံရုံးဖြင့် စစ်ဆေးမည့်ပြစ်မှုဆိုင်ရာ ၂၃ မျိုးကိုလည်း ပူးတွဲထုတ်ပြန်ထားကြောင်းနှင့် အဆိုပါပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက စစ်ခုံရုံးဖွဲ့၍ စစ်ဆေးမှုများ ဆောင်ရွက်ကာ ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခုနယ်မြေအတွင်းသို့ သွားရောက်မည့် လူငယ် ၁၄ ဦး ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၄**


အကြမ်းဖက်ဆန္ဒပြရာတွင် ပါဝင်သေလာ လူငယ်များအနေဖြင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုနှင့် ချိတ်ဆက်၍ ဖောက်ခွဲရေးသင်တန်း တက်ရောက်ရန် သွားရောက်မည်ဖြစ်ကြောင်း တာဝန်သိပြည်သူတစ်ဦး၏ သတင်းပေးပို့ချက်အရ သတင်းရရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ နယ်မြေများအလိုက် လုံခြုံရေးလုပ်ငန်းများ အထူးကြပ်မတ်စစ်ဆေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ် ၂၂ ရက် နံနက် ၁၁ နာရီခန့်တွင် လှည်းကူးမြို့နယ် Zero မိုင်တိုင်၌ လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိစဉ် ရန်ကုန်ဘက်မှ ယာဉ်မောင်း လှဝင်း (၃၂နှစ်)၊ (ဘ)ဦးခင်ညွန့် တောင်ကြီးကျေးရွာ တောင်စွန်းမြို့နယ် မောင်းနှင်လာသည့် ယာဉ်အမှတ်၊ KYN/GG-5378 Probox ယာဉ်နှင့် ယာဉ်မောင်း သောင်းဒန်စိုး (၄၇နှစ်)၊ (ဘ) ဦးကျော်လှိုင်၊ ချောင်းပြန်ကျေးရွာ၊ ဘီးလင်းမြို့နယ် မောင်းနှင်သည့် ယာဉ်အမှတ်၊ KYN/GG-4388 Probox ယာဉ် ၂ စီးအား မသင်္ကာ၍ တားဆီးစစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ ချစ်စမ်းအောင် (၂၄ နှစ်)၊ (ဘ) ဦးသန်းထွန်းအောင်၊ ဘုရားကုန်း ရပ်ကွက် သန်လျင်မြို့နယ်၊ ညွန့်ဉာဏ်ပိုင် (၂၃ နှစ်)၊ (ဘ) ဦးဝင်းညွန့်၊ ထားဝယ်လမ်း (၂၅) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ သီဟစိုး (၂၁ နှစ်)၊ (ဘ) ဦးစိုးမြင့်၊ လှည်းဆိပ်ကျေးရွာ၊ ဒလမြို့နယ်၊ ရှိုင်းမြတ်အောင် (၂၃ နှစ်)၊ (ဘ)ဦးဝင်းနိုင်၊ အမှတ် (၁၉၈)၊ (ဃ)ရပ်ကွက်၊ သဃ်ၤန်းကျွန်းမြို့နယ် သူရိန်လင်း(၂၄ နှစ်)၊ (ဘ) ဦးရင်ထွန်း မဟာမြိုင်ကန်ဦးကျောင်းလမ်း ကျိုက်ဒေးဝ ရပ်ကွက် သန်လျင်မြို့နယ်၊ မင်းသူ (၃၂ နှစ်)၊ (ဘ)ဦးကျော်မြင့်၊ တာဝကညင်ပင်ကျေးရွာ သန်လျင်မြို့နယ်၊ ရဲမြတ်ရွှေ (၂၉ နှစ်)၊ (ဘ) ဦးရွှေလှ၊ အခန်း (၂၀၆)၊ တိုက်(၃)၊ မဟာဗန္ဓုလ(င)အိမ်ရာ၊ (၁၇) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ ကျော်စွာဦး(၃၁နှစ်)၊ (ဘ) ဦးအေးသော်၊ နွယ်နီလမ်း၊ (၅၄) ရပ်ကွက် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နေသူတို့အား တွေ့ရှိရပြီး ၎င်းတို့သည် ဘီးလင်းမြို့မှ တစ်ဆင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းနယ်မြေအတွင်းသို့ သွားရောက်မည်ဖြစ်ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ နိုင်ငံရေးနှင့် လက်နက်ကိုင် အဖွဲ့အစည်းများ၏ အသုံးချခံသားကောင်မဖြစ်စေရေး အလို့ငှာ ကာယကံရှင် မိသားစုများ၏ ကိုယ်စား ထိန်းသိမ်းခဲ့သည်။

**အချိန်မီထိန်းသိမ်းနိုင်**

ဆက်စပ် သတင်းများအရ ဝေယံမင်းဦး(၃၀နှစ်) (ဘ)ဦးဝင်းချို၊ ဦးပုညလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ကျော်ထွန်းလင်း(၄၇ နှစ်) (ဘ)ဦးကျော်အေး၊ (၃)ထိပ် ဗိုလ်ချုပ်လမ်း ၁/၁၂ ရပ်ကွက်၊ လှိုင်သာယာမြို့နယ်နှင့် ဇော်လွင်(၄၄ နှစ်)၊ (ဘ) ဦးသောင်းကြည်၊ မဟော်သဓာလမ်း၊ (၁) ရပ်ကွက် လှိုင်သာယာမြို့နယ် နေသူတို့ကိုလည်း မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ဂိတ်ဟောင်း မှတ်တိုင်အနီး၌ ယာဉ်အမှတ်၊ YGN/7Q-2854 CRETA အမျိုးအစား မော်တော်ယာဉ်နှင့်အတူ မတ် ၂၂ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် အချိန်မီထိန်းသိမ်းနိုင်ခဲ့သည်။

ထိန်းသိမ်း ခံရသူများ၏ ထွက်ဆိုချက်အရ ၎င်းတို့သည် NLD ပါတီဝင်များဖြစ်ပြီး ရန်ကုန်မြို့တွင်း ဆန္ဒပြပွဲများတွင် ပါဝင်




လှုပ်ရှားခဲ့ကြောင်း၊ ထို့နောက် အဖွဲ့အတွင်းရှိ သက်ပိုင်ရှိန်းနှင့် အောင်ပြည့်စုံဆိုသူတို့၏ စည်းရုံးလှုံ့ဆော်မှုဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတစ်ခု၏ နယ်မြေအတွင်းသို့ ဖောက်ခွဲရေး သင်တန်းတက်ရောက်ရန် သဘောတူညီမှုရရှိခဲ့ပြီး Zero မိုင်တိုင်တွင် ရောက်ရှိစုရုံးနေစဉ် လုံခြုံရေးအဖွဲ့များ၏ ထိန်းသိမ်းခံခဲ့ရခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် ၎င်းတို့အား လာရောက်ကြိုဆိုသည့် မော်တော်ယာဉ် ၁ စီးသည် ဘီးလင်းမြို့ဘက်သို့ ပြန်လည်မောင်းနှင်ထွက်ပြေးသွားကြောင်း သိရှိရသဖြင့် လုံခြုံရေး အဖွဲ့ဝင်များမှ ပိတ်ဆို့ရှာဖွေခဲ့ရာ ညောင်ခါးရှည်လမ်းဆုံတွင် ယာဉ်မောင်း နေလင်းအောင် (၃၅ နှစ်)၊ (ဘ)ဦးခင်ဇော်၊ ကော့ကဒွတ်ကျေးရွာ ဘီးလင်းမြို့နယ်နေသူအား ယာဉ်အမှတ် GG-3513 Probox ယာဉ်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

နေလင်းအောင်၏ ထွက်ဆိုချက်အရ မြဝတီမြို့နယ် လေးကေ့ကော်မြို့သစ်နေ လှမင်း (၄၀နှစ်)၏ ချိတ်ဆက်ပေးမှုအရ ရန်ကုန်မြို့မှ မြဝတီမြို့သို့ အကြောင်းအမျိုးမျိုးဖြင့် လာရောက်တိမ်းရှောင်သူများအား အခကြေးငွေရယူ၍ ခေါ်ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ထိန်းသိမ်းရမိသူများ၏ ပြောကြားချက်များအရ ဆူပူအကြမ်းဖက်မှုတွင် ပါဝင်ပြီး ဖောက်ခွဲရေးသင်တန်း တက်ရောက်၍ အကြမ်းဖက်လုပ်ရပ်များ ဆောင်ရွက်ရန် ငွေကြေးအထောက်အပံ့များ ရယူရန် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော် စည်းရုံးနေကြသူများ ဖြစ်သော လှမင်း(၄၀ နှစ်)၊ လေးကေ့ကော်မြို့သစ် မြဝတီမြို့နယ်၊ စည်သူအောင်၊ ဘုရားကြီးဈေး(၃)လမ်း ဘုရားကုန်းရပ်ကွက် သန်လျင်မြို့၊ နန္ဒအောင်၊ ဘုရားကြီးဈေး ၁ လမ်း၊ ဘုရားကုန်းရပ်ကွက် သန်လျင်မြို့၊ သီဟ၊ ဦးပေါ ညောင်ပင်လမ်း ဘုရားကုန်း ရပ်ကွက် သန်လျင်မြို့၊ စိုးကြီး၊ မာလကာလမ်း၊ ဘုရားကုန်း ရပ်ကွက်၊ သန်လျင်မြို့၊ အောင်ပြည့်စုံ၊ NLD ပါတီလူငယ်လုပ်ငန်း တာဝန်ခံ၊ တာဝကျေးရွာ ကညင်ပင် ၃ လမ်း၊ သန်လျင်မြို့၊ ထူးထူး၊ လက်ယက်စမ်းကျေးရွာ သန်လျင်မြို့၊ ပါဝါ၊ ဘုရားကြီး ၂ လမ်း ဘုရားကုန်းရပ်ကွက် သန်လျင်မြို့၊ ဝင်းကို၊ NLD ပါတီလူငယ် လုပ်ငန်းအဖွဲ့၊ နတ်စင်ကုန်း ၃ လမ်း (၁၅)ပေရပ်ကွက် သန်လျင်မြို့၊ သန်းတိုးအောင်(၂၇ နှစ်)၊ NLD သတင်းနှင့် ပြန်ကြားရေးရာမှူး၊ စော်ဘွားမှတ်တိုင်အနီးလမ်းသွယ်၊ တစ်ထပ်တိုက် လက်ယက်စမ်းကျေးရွာ၊ သန်လျင်မြို့၊ ဖြိုးလေး (၂၅ နှစ်)၊ NLD ပါတီလူထုလူတန်းစားရေးရာမှူး၊ ဘုရားကုန်းကျေးရွာ၊ မဂ္ဂင်လမ်း၊ သန်လျင်မြို့၊ ဦးတင်ဝင်း (၅၅ နှစ်)၊ NLD ပါတီ မြို့နယ်စည်းရုံးရေးမှူး၊ တောင်ဒဂုံမြို့နယ်နှင့် သက်ပိုင်ရှိန်း၊ NLD ပါတီလူငယ်လုပ်ငန်း တာဝန်ခံ ဝါယာလက် မင်္ဂလာဒုံမြို့နယ်နေသူတို့အား ဆက်လက်ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိသည်။

**ဥပဒေအရအရေးယူရေး**

သို့ဖြစ်ပါ၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်ပျက်ပြားအောင် လုပ်ဆောင်ခဲ့သူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တစ်ဖက်ပိတ်ဝါဒီနှင့် (၂၁) ရာစု ဒေဝဒတ်လက်သစ်များ မဖြစ်စေလိုပါ

## ကိုသံချောင်း – မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁၀)

ဒေါင်

**“လွန်ခဲ့တဲ့ငါးနှစ်မှာ ဖေ့စ်ဘွတ်ခ်သုံးရင်း ပျက်စီးဆုံးရှုံးသွားရတဲ့အရာတွေ အများကြီးရှိတယ်။ တစ်ဦးနဲ့တစ်ဦး ယုံကြည်လေးစားမှု၊ မျှတတဲ့ အတွေးအခေါ်တွေနဲ့ ယဉ်ကျေးမှုတွေ အဲဒီအထဲပါသွားတာတော့ စိတ်မကောင်းဘူး။ လစ်ဘရယ်ဆိုပြီး အော်နေကြတဲ့ အနီရောင်လူအုပ်စုကြီးဟာ မင်္ဂလာတရားတော်ဆိုတာကို မေ့ပစ်လိုက်ကြတယ်။ ဖေ့စ်ဘွတ်ခ်ကို ပိုက်ဆံပေးပြီး အစိုးရဟောင်းက နိုင်ငံရေးထဲကို ဆွဲသွင်းပြီး လူထုကို အဆိပ်ကျွေးလိုက်တာလို့ပဲ ကျွန်တော်ကတော့ စွပ်စွဲချင်တယ် မစာဥရယ်”**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ တတိယအကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ်လ ၂၃ ရက်နေ့က ကျင်းပပါတယ်။ နိုင်ငံရေးကို စိတ်ဝင်စားတဲ့ ကိုသံချောင်းတို့၊ မစာဥတို့လည်း တီဗွီရှေ့ကနေ ထိုင်နားစွင့်နေကြတာပေ့ါ။ ဒီကနေ့နေ့လယ်ခင်းမှာတော့ ရေနွေးကြမ်းခွက်ကိုယ်စီနဲ့ တိုင်းရေးပြည်ရေး ဆွေးနွေးကြတဲ့အခါ...

“ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းအကြောင်း ကိုသံချောင်းရော ဘယ်လိုထင်သလဲရှင့်။ ရန်ကုန်တိုင်းဝန်ကြီးချုပ်ဟောင်းရဲ့ ဗီဒီယိုကိုလည်း မဟုတ်ဘူး ပြောနေကြတယ်နော်။ ကျွန်မလည်း မယုံချင်သေးဘူး”

“ဆင်ပြောင်ကြီး တည့်တည့်သွားနေတာ မြင်လျက်နဲ့ လယ်ကွင်းထဲမကြည့်ဘဲ မိုးပေါ်ကြည့်နေပြန်ပြီ မစာဥရယ်။ ခင်ဗျားတို့ ကျွန်တော်တို့ အမြဲအားမလို အားမရဖြစ်ခဲ့ရတဲ့ ကွီးဖြိုးလို့ ချစ်စနိုးခေါ်ခဲ့ကြတဲ့ ရန်ကုန်တိုင်းဝန်ကြီးချုပ်ဟောင်း ဦးဖြိုးမင်းသိန်းရုပ်သံဖိုင်ကို ခင်ဗျားလည်း မြင်ပြီးပြီ မဟုတ်လား။ မျက်စိမှိတ်ပြီး မမြင်ရဘူး၊ မဟုတ်ဘူး အော်နေတာတော့ မကောင်းပါဘူးဗျာ။ သူကိုယ်တိုင်ဝန်ခံနေတာတောင် မယုံဘူးဆိုရင်တော့ ခင်ဗျားတို့ဟာ တစ်ဖက်ပိတ်ဖြစ်သွားပြီဗျ”

“အမလေးရှင် ဒါလေးပြောတာကို ကိုသံချောင်းကလည်း စိတ်တိုနေလိုက်တာ။ ကျွန်မ ပြောတာမဟုတ်ပါဘူးရှင်။ ဖေ့စ်ဘွတ်ခ်က ဂုရုကြီးတွေပြောတာကို ပြန်ပြောရတာပါရှင့်”

“အဲဒါပေ့ါဗျာ။ ရှင်းပြရင်လည်း နားမဝင်၊ နားအဝအထိ လာပြောပြလည်း နားထဲမထည့် မျက်စိရော၊ နားရောကို တစ်ဖက်ပိတ်ထားကြတယ်။ မဟုတ်တမ်းတရားတွေကျရင်တော့ နားရည်ကိုဝနေလိုက်တာ။ အဲဒါကြောင့် ပြောတာပေ့ါ မစာဥရဲ့ အမှန်တရားက ဖိနပ်စီးတုန်းမှာ မုသာဝါဒက ကမ္ဘာတစ်ပတ် ပတ်နေပြီ ဆိုတာပေ့ါ။ လက်ရှိအစိုးရဘာတွေ ဆောင်ရွက်နေသလဲ။ အဖြစ်မှန်ကဘာတွေလဲ ဆိုတာကို တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်နဲ့ ရေးသားတဲ့ မီဒီယာတွေမှာ ကြည့်ပါ။ အွန်လိုင်းပေါ်က အရည်မရ အဖတ်မရ နာမည်ကြီးဖို့နဲ့ လူကြိုက်များဖို့ပဲ ကြိုးစားနေတဲ့ မီဒီယာအယောင်ဆောင်တွေကို အားကိုးနေလို့ကတော့ အမှန်တရားနဲ့ ခင်ဗျား ဝေးပြီသာမှတ်ပေတော့ဗျာ”

“အဲဒီလိုတော့ မပြောပါနဲ့ရှင်။ ကျွန်မတို့လို လူတွေက ဖေ့စ်ဘွတ်ခ်ထဲမှာတွေ့တဲ့ အကြောင်းအရာဆိုရင် လွတ်ယုံတတ်တာရှင့်။ အဲဒီမှာ ပြောဆိုနေကြရင် အဟုတ်ပဲမှတ်တာပေ့ါ”

“ဒါပေ့ါဗျာ။ **လွန်ခဲ့တဲ့ငါးနှစ်မှာ ဖေ့စ်ဘွတ်ခ်သုံးရင်း ပျက်စီးဆုံးရှုံးသွားရတဲ့အရာတွေ အများကြီးရှိတယ်။ တစ်ဦးနဲ့ တစ်ဦး ယုံကြည်လေးစားမှု၊ မျှတတဲ့ အတွေးအခေါ်တွေနဲ့ ယဉ်ကျေးမှုတွေ အဲဒီအထဲပါသွားတာတော့ စိတ်မကောင်းဘူး။ လစ်ဘရယ်ဆိုပြီး အော်နေကြတဲ့ အနီရောင်လူအုပ်စုကြီးဟာ မင်္ဂလာတရားတော်ဆိုတာကို မေ့ပစ်လိုက်ကြတယ်။ ဖေ့စ်ဘွတ်ခ်ကို ပိုက်ဆံပေးပြီး အစိုးရဟောင်းက နိုင်ငံရေးထဲကိုဆွဲသွင်းပြီး လူထုကို အဆိပ်ကျွေးလိုက်တာလို့ပဲ ကျွန်တော်ကတော့ စွပ်စွဲချင်တယ် မစာဥရယ်”**

“လူမှုကွန်ရက်ဟာ လူတွေအတွက် အသုံးချရမယ့်အရာဖြစ်မလာဘဲ ကျွန်မတို့ကို အသုံးချသွား၊ နင်းချေသွားတဲ့အရာ ဖြစ်လာခဲ့တာပေ့ါနော် ကိုသံချောင်း။ ကျွန်မဖြင့် လိုင်းပေါ်တက်ရမှာကို ကြောက်နေမိတာ။ ခြိမ်းခြောက်တာတွေ မြင်ရတယ်။ တိုက်ကြ ခိုက်ကြ၊ သတ်ကြ ဖြတ်ကြဖို့ မြှောက်ပင့်ပေးနေတာ မြင်ရတယ်။ အဆိုးဆုံးက ကိုယ်တိုင်ခံစားပြီး လိုက်လုပ်ကြတာပေ့ါရှင်။ ရှင်ပြောမှ သတိထားပြီး ဆင်ခြင်ရတော့မယ်။ ဘာမြင်မြင် ချင့်ယုံရတော့မှာပဲ”

“ဟုတ်တာပေ့ါဗျာ။ ဒီကာလမှာ အချို့မြို့ကြီးတွေမှာ အေးအေးချမ်းချမ်း ဆန္ဒပြတာမဟုတ်တော့ဘူးဗျ။ အကြမ်းဖက်တာ၊ လူအုပ်စုလက်နက်ကိုင် အကြမ်းဖက်တာမျိုးတွေကို မြင်ရတယ်။ မြို့နယ် ၃၀ လောက်က ပြည်သူပိုင်ရုံးတွေ၊

**“ဒါပေ့ါ မစာဥရယ်။ ကလေးတွေကို လမ်းပေါ် အသေခံထွက်ခိုင်းပြီး ကိုယ်တိုင်တော့ ထောက်ပံ့ကြေးလေးထုတ်လိုက်၊ အဲယားကွန်းအေးအေးလေးနဲ့ အချိုရည်လေးစုပ်ပြီး ဝေဖန်လေကန်လိုက်နဲ့ သူတွေက ( ၂၁) ရာစုရဲ့ ခေတ်သစ်ဒေဝဒတ်တွေပဲပေ့ါ။ သူတို့က ပညာတတ်တွေသာဆိုတယ်။ သူတို့လုပ်ရပ်တွေက အတ္တကြီးကြီးနဲ့ တိုင်းပြည်နစ်မွန်းအောင် ဝန်ထမ်းတွေအလုပ်မလာရဲအောင်၊ လူတွေလမ်းပေါ် ထွက်ပြီး၊ အပြစ်ပေးအရေးယူခံကြရအောင် လုပ်နေတာမို့ လူ့အတ္တသမားတွေလိုပေ့ါဗျာ”**

ရဲစခန်းတွေ၊ ရဲကင်း စတဲ့ဌာနဆိုင်ရာ အဆောက်အအုံ ၅၀ ကျော်လောက် ဖျက်ဆီးခံရတယ်ဗျာ။ စာသင်ကျောင်းနဲ့ တံတားလို အများနဲ့ဆိုင်တာတွေ မီးရှို့တယ်ဗျာ။ ဆက်သွယ်ရေး တာဝါတိုင်၊ မီးသတ်စခန်းတွေ၊ ငွေထုတ်စက်တွေ ဖျက်ဆီးခံရတယ်ဗျာ။ မီးရထားသံလမ်းတွေ ဖျက်ဆီးတယ်ဗျာ။ အလုပ်ရုံ၊ စက်ရုံတွေ မီးရှို့တယ်ဗျာ။ အဲဒါ နွေဦးတော်လှန်ရေးလားဗျာ”

“ဆန္ဒပြနေတဲ့ လူတွေနဲ့အရာဝတ္ထုတွေလည်း ပျက်စီးပါတယ်ရှင်။ ဟိုရက်ကတောင် ကျဆုံးသွားတဲ့ အာဇာနည်လေးတွေအတွက် ကျွန်မဆုတောင်းအမျှဝေပွဲ သွားလိုက်သေးတယ်”

“အမလေး အပျိုကြီးရယ်။ ခင်ဗျားဟာက သူခိုးဓားရိုးကမ်းလုပ်သလို ဖြစ်မနေဘူးလားဗျ။ အဲဒီလိုပြောရရင် ဒီကာလမှာ နောက်ကွယ်က မြှောက်ပေးသမျှ ရှေ့ထွက်ပြီး ဖျက်ဆီးကြလို့ ရဲတပ်ဖွဲ့ဝင် ငါးဦး ကျဆုံးတယ်ဗျာ။ တပ်မတော်သား လေးဦး ကျဆုံးတယ်ဗျာ။ ဒလန်၊ သတင်းပေးဆိုပြီး ကိုယ့်မြို့ကိုယ့်ရွာထဲက အေးအေးနေလိုတဲ့ အမျိုးသား ၃၃ ဦး၊ အမျိုးသမီး နှစ်ဦးကို ရက်ရက်စက်စက် သတ်ပစ်လိုက်ကြတယ်ဗျာ။ ဒဏ်ရာရတဲ့ ရဲတပ်ဖွဲ့ဝင် ၁၆၃ ဦး၊ တပ်မတော်သား မိသားစုဝင်တစ်ဦးနဲ့ သတင်းပေးဆိုပြီး ရက်ရက်စက်စက် ပြုမူခံရသူ ၁၆၀ ကျော်ရှိသေးတယ်ဗျ။ မျက်နှာမှာ ငါးထောင်စားဆိုပြီး တက်တူး ထိုးပစ်တာ၊ အငြိမ်းစားဝန်ထမ်းကြီးကို ခေါင်းတုံးတုံးပစ်တာမျိုးတွေနဲ့ သက်ကြီးရွယ်အိုတွေကိုမထောက် ရပ်ကွက်ထဲက အတင်းဆွဲထုတ်တာတွေက လူပီသတဲ့ လုပ်ရပ်လားဗျာ။ သေဆုံးသွားတဲ့ ရဲနဲ့ တပ်မတော်သားတွေက တာဝန်ကို ထမ်းဆောင်ရင်း အသက်ပေးကြရတာလေဗျာ။ အာဇာနည်လို့ဆိုလိုက်ရင် သူတို့ကမှ အာဇာနည်အစစ်ပေ့ါဗျ။ ဒီမိုကရေစီရရှိရေးဆိုပြီး ရှိထားတဲ့ ဒီမိုကရေစီလမ်းကြောင်းက ဘာမှန်းတောင်မသိတဲ့ လူငယ်တွေ၊ သူများထွက်ထွက်ဆိုတိုင်း လမ်းပေါ်ထွက်ပြီး ရည်ရွယ်ချက်မဲ့ အသေခံတဲ့လူငယ်တွေကို အာဇာနည်ဆိုပြီး မြှောက်မပေးပါနဲ့ မစာဥရယ်။ အဲဒီလိုသာဆိုရင် ခင်ဗျားဟာဒေဝဒတ်နဲ့ အတူတူဖြစ်သွားမှာပေ့ါ”

“အဲဒီလိုတော့ မဟုတ်ပါဘူး ကိုသံချောင်းရဲ့။ ကျွန်မတို့က မြန်မာဆိုတဲ့ အလံတော်တစ်ခုအောက်က မိသားစုတွေပဲမဟုတ်လား။ ဘယ်သူပဲထိထိ ခံစားရတာတော့ အတူတူပါပဲ။ ဘယ်သူကိုမှလည်း မထိခိုက်စေချင်ပါဘူး။ အမြန်ဆုံးအေးချမ်းပါစေလို့ပဲ ဆုတောင်းတော့မယ်”

**“ဒါပေ့ါ မစာဥရယ်။ ကလေးတွေကို လမ်းပေါ် အသေခံထွက်ခိုင်းပြီး ကိုယ်တိုင်တော့ ထောက်ပံ့ကြေးလေး ထုတ်လိုက်၊ အဲယားကွန်းအေးအေးလေးနဲ့ အချိုရည်လေးစုပ်ပြီး ဝေဖန်လေကန်လိုက်နဲ့ သူတွေက (၂၁) ရာစုရဲ့ ခေတ်သစ်ဒေဝဒတ်တွေပဲပေ့ါ။ သူတို့က ပညာတတ်တွေသာဆိုတယ်။ သူတို့လုပ်ရပ်တွေက အတ္တကြီးကြီးနဲ့ တိုင်းပြည်နစ်မွန်းအောင် ဝန်ထမ်းတွေ အလုပ်မလာရဲအောင်၊ လူတွေလမ်းပေါ် ထွက်ပြီး အပြစ်ပေးအရေးယူခံကြရအောင် လုပ်နေတာမို့ လူ့အတ္တသမားတွေလိုပေ့ါဗျာ”**

“အခုပဲ ဝရမ်းပြေးလော်ဘီတွေ စကားနားယောင်ပြီး အဖမ်းခံကြရသူတွေထဲက ကျောင်းသားအချို့ ပြန်လွတ်လာတယ်လို့ သိရတယ်။ ဟိုတစ်လောက သေသွားပြီမှတ်ပြီး ဆုတောင်းပေးနေရတဲ့အထဲက ကလေးတစ်ယောက်လည်း ကောင်းကောင်းမွန်မွန် ကျန်းကျန်းမာမာ ပြန်လွတ်လာသတဲ့ ကိုသံချောင်းရေ။ တော်သေးတာပေ့ါရှင်။ ကလေးတွေ အသိအမြင်မှန်တွေရလာပြီး အေးအေးချမ်းချမ်းနေကြပါစေရှင်”

“ဒါပေ့ါဗျာ။ ဖက်ဒရယ်အာမီဆိုလည်း ယုံလိုက်၊ ရန်ကုန်ဝန်ကြီးချုပ်ဟောင်း ဗီဒီယိုအတုကြီးပြောလည်း ယုံလိုက်နဲ့တော့ မလုပ်သင့်တော့ဘူးဗျ။ ရန်ကုန်ဝန်ကြီးချုပ်သတင်းဆိုရင် နိုင်ငံတကာသတင်းဌာနကြီးတွေကတောင် ကိုးကားဖော်ပြနေကြပြီဗျ။ ခင်ဗျားတို့က အတုဆိုပြီး အော်လို့မပြီးသေးဘူး။ ဖက်ဒရယ်အာမီဆိုလည်း ကျွန်တော်ဖြင့် ရယ်ချင်လိုက်တာ။ ခင်ဗျားပဲ စဉ်းစားကြည့်လေ။ ငြိမ်းချမ်းရေးရဖို့ အစိုးရအဆက်ဆက် အာပေါက်အောင် ပြောရတယ်။ ဆွေးနွေးပွဲတွေကို နာမည်တန်းစီရွတ်ရင်တောင် ရန်ကုန်နဲ့ နေပြည်တော် ကားလမ်းလောက်ရှည်မယ်။ လိုအပ်ချက်တွေက အများကြီးကို ဒေါက်တာဆာဆာတို့၊ CRPH တို့က ရက်ပိုင်းနဲ့ တိုင်းရင်းသားလက်နက်ကိုင်တွေနဲ့ အကုန်အဆင်ပြေတယ်ဆိုတော့ ပြောမဆုံးပေါင်တောသုံးတောင်ပေ့ါဗျာ”

“တော်ပြီ တော်ပြီ ရှင်နဲ့ စကားပြောနေရတာ ပတ်ဝန်းကျင်ကိုတောင် မေ့နေမိတာ။ ဒီနေ့ဆိုင်းလန့်ဒေးလေရှင်။ အသံတိတ်ပြီး ဆန္ဒပြနေကြတာ။ ရှင့်အသံကျယ်ကြီးကြောင့် ကျွန်မတို့ကို ဒလန်တွေ၊ သတင်းပေးတွေ အောက်မေ့နေဦးမယ်ရှင့်”

ပြောပြောဆိုဆိုနှင့် မစာဥတစ်ယောက် အိမ်ပြန်ပြေးလေပြီ။ အိမ်ရှေ့လမ်းမထက်ဝယ် ကားတစ်စီးတလေ ဖြတ်သန်းသွားသည်မှလွဲ၍ အသွားအလာမရှိ။ တိတ်ဆိတ်ခြင်းသည် ကောင်းဆိုးနှစ်တန်ရှိ၏။ မုန်တိုင်းလာခါနီးသည့်အခါ ပတ်ဝန်းကျင်အသံတို့ တိတ်ဆိတ်သွားတတ်သည်မှာ မကောင်းသော နိမိတ်တိတ်ဆိတ်ခြင်းဖြစ်၍ အေးချမ်းသည့် တရားခမ္ဘ၊ ငြိမ်းချမ်းသည့်ဌာနတို့တွင် ငြိမ်သက်တိတ်ဆိတ်ခြင်းသည် ကောင်းသော နိမိတ်တိတ်ဆိတ်ခြင်းမည်၏။ ကောင်းသော အတိတ်နိမိတ်များနဲ့ အေးချမ်းပါစေလို့ ကိုသံချောင်းဆုတောင်းလိုက်ရပါတော့တယ်။

## ဆူပူဆန္ဒပြမှုတွင်ပါဝင်သူများအား ထိန်းသိမ်းထားခဲ့ရာမှ ယနေ့ပြန်လည်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာမြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့



**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆူပူဆန္ဒပြမှုတွင် ပါဝင်သူများအား အင်းစိန်ဗဟိုအကျဉ်းထောင်တွင် ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၅၀၅(က) အရ ထိန်းသိမ်းထားခဲ့ရာ ယနေ့ နံနက် ၁၀ နာရီတွင် ပြန်လည်လွှတ်ပေးခဲ့ပြီး သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပြန်လည်လွှတ်မြောက်လာသူများအား အင်းစိန်ဗဟိုအကျဉ်းထောင်ဝင်းရှိ အားကစားခန်းမတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ဝင်းတင့်က ဆုံးမစကားပြောကြားပြီး YBS ယာဉ်များဖြင့် သက်ဆိုင်ရာ မြို့နယ်အသီးသီးသို့ ပြန်လည်ပို့ဆောင်ပေးခဲ့ခြင်းဖြစ်သည်။

ယနေ့ ပြန်လည်လွှတ်ပေးခဲ့သူများတွင် အမျိုးသား ၃၆၀၊ အမျိုးသမီး ၂၆၈ ဦး စုစုပေါင်း ၆၂၈ ဦး ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း ပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရန် အတားအဆီးများနှင့် အမှိုက်များ ဆက်လက်ရှင်းလင်းပေး

**ရန်ကုန် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီးရှိ မြို့နယ်များအတွင်း ပြည်သူများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ လုံခြုံရေးအဖွဲ့များ၊ သန့်ရှင်းရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ ပိုင်းဝန်း၍ အတားအဆီးများနှင့် အမှိုက်များကို ဆက်လက်ရှင်းလင်းပေးခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များဖြစ်သော ကြည့်မြင်တိုင်မြို့နယ်ရှိ လမ်းပိတ်အတားအဆီးများ၊ လှိုင်မြို့နယ် (၁၆)ရပ်ကွက် အုတ်ကျင်းဘူတာရုံလမ်းနှင့် ဆက်စပ်လမ်းသွယ်များ၊ အင်းစိန်လမ်း ကမာရွတ်ဘူတာရုံလမ်းနှင့် ရွာမကျောင်းလမ်း၊ သာကေတမြို့နယ် ၇ ဈေးလမ်း (အတွင်းရှခင်းသာလမ်း) နှင့် မြင်တော်သာလမ်း၊ ရေဝတီလမ်း (သာကေတအဝိုင်းနှင့်ရွှေအုတ်ဂူလမ်းကြား)၊ သုမနလမ်း(မင်းနန္ဒာလမ်းနှင့် မြင်တော်သာ လမ်းကြား)၊ သဒ္ဓါရုံလမ်း (မြင်တော်သာလမ်းနှင့် ထူပါရုံလမ်းကြား)၊ သိဂီလမ်း (မြင်တော်သာလမ်း)နှင့် ရွှေခင်းသာမြို့ပတ်လမ်းကြား၊ မြင်တော်သာလမ်း၊ ကမာရွတ်မြို့နယ် လှည်းတန်းလမ်း အထက(၅)ကျောင်းရှေ့နှင့် ဗဟန်းမြို့နယ် တာမွေခုံးကျော်တံတားအောက်နှင့် ရွှေဂုံတိုင်တံတားတိုင်နံရံများရှိ စာသား၊ အရုပ်များနှင့် ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းမကြီး တို့ကို လည်းကောင်း။

### အတားအဆီးများရှင်းလင်း

လသာမြို့နယ် ဗိုလ်ချုပ်လမ်း၊ အနော်ရထာလမ်း၊ ဗန္ဓုလလမ်းမကြီးများ၊ မြောက်ဥက္ကလာပမြို့နယ် သုဓမ္မလမ်းမကြီး ၆ ကွေ့မှ အောင်မင်္ဂလာအဝေးပြေးကားဝင်းအထိ၊ တောင်ဥက္ကလာပမြို့နယ်ရှိ အဓိက လမ်းမကြီးဖြစ်သော ဝေဇယန္တာလမ်း၊ သစ္စာလမ်း၊ ပါရမီလမ်း၊ သံသုမာလမ်း၊ ရတနာလမ်း၊ မေတ္တာလမ်း၊ သုမင်္ဂလာလမ်းနှင့် အတွင်းလမ်းများ၊ လမ်းမတော်မြို့နယ်အနော်ရထာလမ်းဂွန်ရှင်းမော်တင်ရှေ့၊ စမ်းချောင်းမြို့နယ် ပဒုမ္မာလမ်း၊ ကျောင်းလမ်း၊ ကျွန်းတောလမ်းများ၊ ဒေါပုံမြို့နယ်ရှိ အဓိကလမ်း သုံးခုနှင့် ဆက်စပ်လမ်းသွယ်များ၊ မရမ်းကုန်းမြို့နယ် သမိုင်းဘူတာရုံလမ်း (သမိုင်းခုံးကျော် တံတားပေါ်)၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ လေးထောင့်ကန်လမ်း၊ သံသုမာလမ်း၊ ရတနာလမ်းနှင့် ရပ်ကွက်အဝင် လမ်းသွယ်ထိပ်များ၊ ကျောက်တံတားမြို့နယ် မြို့တော်ခန်းမ (စည်ပင်လမ်း)နှင့် ဆူးလေဘုရားလမ်းနှင့် အနော်ရထာလမ်းထောင့် လူကူးခုံးတံတားတို့၌ လည်းကောင်း ရေးဆွဲထားသော စာသား၊ ရုပ်ပုံများနှင့် မသမာသူများက ပိတ်ဆို့ထားသော အတားအဆီးများကို ရှင်းလင်းဖယ်ရှားပြီးဖြစ်သည်။

### ကားများသွားလာနိုင်ရန်

ယနေ့နံနက်ပိုင်းတွင် ကျန်ရှိနေသော ဝါးကပ်များ၊ တာယာဟောင်းများ၊ Culvert ဖုံးများ ပိတ်ဖုံးခြင်း၊ Culvert များ မရှိတော့၍ သဲအိတ်များဖြင့် ကားများ သွားလာနိုင်အောင် ဆောင်ရွက်ပေးခြင်း၊ လမ်းမပေါ်၌ ကျန်ရစ်နေသော သဲများ၊ ခဲများ ရှင်းလင်းဆောင်ရွက်ခြင်း၊ လမ်းမများ သန့်ရှင်းစေရန် ရေဆေးကြောခြင်း၊ လမ်းမများ၊ တံတားတိုင်များ၊ အုတ်နံရံများပေါ်တွင် မသမာသူများက ရေးဆွဲထားသည့် စာသားများ၊ ရုပ်ပုံများကို ခွာယူခြင်း၊ ဖျက်ဆီးခြင်း လုပ်ငန်းများကို မြို့နယ်အလိုက် ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။

### ဝိုင်းဝန်းရှင်းလင်း

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာမှ သန့်ရှင်းရေးဝန်ထမ်းများနှင့်အတူ ပြည်သူများ ပိုင်းဝန်းရှင်းလင်းခဲ့ကြခြင်းဖြစ်ပြီး အတားအဆီးများ၊ အမှိုက်များကို စက်ယန္တရားများ၊ မြေသယ်ယာဉ်များဖြင့် သယ်ဆောင်၍ သက်ဆိုင်ရာ မြို့နယ်များအလိုက် သတ်မှတ်ထားသောနေရာများသို့ ပို့ဆောင်ရှင်းလင်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးကို အကြမ်းဖက်သူများက မီးပုလင်းဖြင့်ပစ်ပေါက်

**နေပြည်တော် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနရုံးကို အကြမ်းဖက်သူများက မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ယနေ့ နံနက် ၄ နာရီ ၅ မိနစ်ခန့်တွင် အင်းစိန်မြို့နယ် ကြို့ကုန်းအနောက်ရပ်ကွက် အင်းစိန်လမ်းမကြီးပေါ်ရှိ မြောက်ပိုင်းခရိုင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှု ဦးစီးဌာနရုံးကို အင်းစိန်လမ်းမကြီးအတိုင်း မောင်းနှင်လာသော ယာဉ်အမှတ် (စိစစ်ဆဲ) Land-cruiser ယာဉ်ပေါ်ပါ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)က မီးပုလင်းဖြင့် အကြောင်းမဲ့ ရန်ပြုပစ်ပေါက်ကာ မရမ်းကုန်းမြို့နယ်ဘက်သို့ ပြန်လည် မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း။

မီးပုလင်းဖြင့် ရန်ပြုပစ်ပေါက်မှုကြောင့် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ရုံးအတွင်းရှိ လက်ဆေးဘေစင်တစ်ခု၊ ကြော်ငြာဆိုင်းဘုတ် သုံးခု၊ ကြော်ငြာဗီနိုင်းစနှစ်ခုနှင့် အမှိုက်ပုံး တစ်ပုံးတို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ပြီး နံနက် ၄ နာရီ ၁၀ မိနစ်တွင် မီးငြိမ်းသွားခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က သတင်းရလျှင်ရချင်း အခင်းဖြစ်ပွားရာနေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ ပစ်ပေါက်ရာတွင် အသုံးပြုခဲ့သည့် Myanmar Beer ပုလင်းခွံရှစ်လုံးနှင့် မီးစာတပ်ဆင်ထားသည့် ဓာတ်ဆီပုလင်း သုံးလုံးတို့ကို တွေ့ရှိသိမ်းဆည်း ရမိခဲ့ပြီဖြစ်၍ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာနရုံးအား မီးပုလင်းဖြင့် အကြောင်းမဲ့ရန်ပြု ပစ်ပေါက်သူများကို ဥပဒေနှင့်အညီ အရေးယူနိုင်ရေး စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မကွေးမြို့၌ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ လက်နက်ခဲယမ်းများနှင့် မူးယစ်ဆေးဝါးများ လက်ဝယ်ထားရှိသူများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ယနေ့ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်နက်ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းထားရှိကြောင်း သတင်းအရ မကွေးမြို့ မဲထီးလမ်းနှင့် သစ္စာလမ်းထောင့်ရှိ ယခင် လက်နက်မှုဖြင့် ထောင်ကျဖူးသူ မင်းထင်ကျော် (၂၇)နှစ်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မင်းထင်ကျော်ကို တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ၎င်းနေအိမ်အိပ်ခန်းအတွင်းမှ ၅ ဒသမ ၅၆ ကျည်ဖြင့် ပစ်ခတ်၍ရသော လက်လုပ်သေနတ် ၂ လက်၊ မှန်ပြောင်းပါ လေသေနတ်၂ လက်၊ မှန်ပြောင်းပါ ပွိုင့် ၂၂ သေနတ် ၁ လက်၊ ပစ္စတိုပုံစံ လေသေနတ် ၁ လက်၊ စုစုပေါင်း သေနတ် ၆ လက်၊ ၅ ဒသမ ၅၆ ကျည် ၁၀၄ တောင့်၊ ၎င်းကျည်ခွံတစ်ခု၊ ၇ ဒသမ ၆၂ ကျည် ၉ တောင့်၊ ကျည်ခွံတစ်ခု၊ လေသေနတ်ကျည် ၂ ဘူး၊ ပွိုင့် ၂၂ ကျည် ၄ တောင့်၊ ၎င်းကျည်ခွံ ၃၄ ခု၊ ဓားမြောင်နှစ်ချောင်း၊ ဓားရှည် ၄ လက်၊ သံစကြာ ၁ ခု၊ လက်နက်ဆက်စပ်ပစ္စည်းများပါဘူးတစ်ဘူး၊ ဆေးခြောက်(အလေးချိန်စိစစ်ဆဲ) ထည့်ထားသော ကော်ဘူး ၅ ဘူးနှင့် ဖန်ပုလင်း ၂ လုံး၊ ဆေးခြောက်ရှုကိရိယာ ၁ ခုတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

ဆက်လက်၍ ဆက်စပ်သတင်းအရ မွန်းလွဲ ၂ နာရီ မိနစ် ၂၀ တွင် မကွေးမြို့ ဈေးလမ်းဆုံရပ်ကွက် ပန်းခြံအနောက်လမ်းနေ ဟေမာန်အောင် (၃၀)နှစ်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ဟေမာန်အောင်အားတွေ့ရှိဖမ်းဆီးရမိခဲ့ပြီး ၎င်းနေအိမ် အိပ်ခန်းအတွင်းမှ ဒသမ JD 007 နံပါတ်ပါ ပွိုင့် ၂၂ သေနတ် ၁ လက်၊ အမျိုးအစား (စိစစ်ဆဲ) သေနတ်အတို ၁ လက်၊ စုစုပေါင်း သေနတ် ၂ လက်၊ ပွိုင့် ၂၂ ကျည် ၄၉ တောင့်၊ ပွိုင့် ၂၂ ကျည်ကတ် ၂ ခု၊ စနိုက်ပါဆက်စပ်ပစ္စည်း ၁ စုံ၊ သံစကြာ ၁ ခု၊ ဓားရှည် ၂ ချောင်းနှင့် ခေါက်ဓား ၁ ချောင်းတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

အထက်ပါ ဖြစ်စဉ်များမှ လက်နက်ခဲယမ်းများ လက်ဝယ်ထားရှိသူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## Quarantine Center မှ သတ်မှတ်ရက်ပြည့်မြောက်သည့် သီရိလင်္ကာနိုင်ငံတွင် ပညာတော်သင်သွားရောက်ခဲ့ကြသော ရဟန်းတော် ၉၁ ပါး နေရပ်အသီးသီးသို့ ပြန်လည်ကြွရောက်

**နေပြည်တော် မတ် ၂၄**

သီရိလင်္ကာနိုင်ငံတွင် ပညာတော်သင်သွားရောက်ခဲ့ကြသည့် ရဟန်းတော် ၉၁ ပါးအား ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များနှင့်အညီ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ကြို့ကုန်းရပ်ကွက် လောကချမ်းသာ အဘယလာဘမုနိရုပ်ပွားတော်မြတ်ကြီး (ကျောက်တော်ကြီးဘုရား) အနီး မင်းဓမ္မကုန်းမြေရှိ သီရိမင်္ဂလာမဟာသာသနာ့ ဗိမာန်တော်ရှိ COVID-19 ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိသည့် Quarantine Center ၌ သီးသန့်ထားရှိရာမှ ယနေ့တွင် သတ်မှတ်ရက်ပြည့်မြောက်သဖြင့် သက်ဆိုင်ရာ နေရပ်အသီးသီးသို့ ပြန်လည်ကြွရောက်တော်မူကြသည်။

ထိုသို့ကြွရောက်မှုရာတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ သာသနာရေးဦးစီးဌာန၊ တိုင်းဒေသကြီး သာသနာရေး ဦးစီးမှူး ဦးထွန်းမြင့်ဦးနှင့် တာဝန်ရှိသူများက ဖူးမြော်ကြည်ညိုခဲ့ကြပြီး တပ်မတော်နှင့် တာဝန်ရှိသူများက စီစဉ်ပေးသည့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် မတ် ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၉၂၅၀၄ ဦး၊ အတွင်းလူနာ ၄၁၈၅ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေး စစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများကို ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သောလူနာများကို ဆေးရုံတင်ကာ ကျန်းမာရေး စောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန် အတွက်ကိုပါ စီမံဆောင်ရွက်ပေးသည်။

ထိုသို့ လာရောက်ကုသမှု ခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၄၂၅၄ ဦး၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၂၂၆၇ ဦး၊ စုစုပေါင်း ၆၅၂၁ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကိုတပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၃၁၅ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၅၀၂ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၅၈၁၇ ဦးကို အောင်မြင်စွာမွေးဖွားပေးနိုင်ခဲ့သည်။

ဒေသခံပြည်သူများအား ဆေးကုသပေးနေမှုအခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက သွားရောက် ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေး ဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို COVID-19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မတ် ၂၄**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသား ပြည်သူများကို COVID- 19 ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ မတ် ၂၃ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နှင့် လောက်ကိုင်မြို့အတွင်းရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာ၌ လည်းကောင်း၊ ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့၊ ကလောမြို့၊ အေးသာယာမြို့၊ ရပ်စောက်မြို့၊ ညောင်ရွှေမြို့၊ မိုးဗြဲမြို့၊ ဟိုပုံးမြို့၊ ပင်လောင်းမြို့နှင့် ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ ဥက္ကံမြို့နှင့် အဖျောက်မြို့များအတွင်းရှိသံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့၊ ပန်းတနော်မြို့၊ ဖျာပုံမြို့၊ လပွတ္တာမြို့နှင့် ဓနုဖြူမြို့များအတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့အတွင်းရှိ သံဃာတော်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်အတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား သတ်မှတ်နေရာအသီးသီး၌ လည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက CDM တွင် ပါဝင်ခြင်းမရှိဘဲ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေး ဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေး စစ်ဆေးပေးပြီး COVID-19 ရောဂါကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး သံဃာတော်များအား ဖူးမြော်ကြည်ညိုခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



## တိမ်အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် မတ် ၂၄**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။ **မိုး/ဇလ**

◆ *ကျောဖုံးမှ*

ပြိုင်ပွဲစုံ ၁၅ ပွဲသာ ပါဝင်ကစားခွင့်ရရှိထားသေးသည်။ သို့သော်လည်း နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ ဘိုင်လီသည် မန်ယူအသင်း၏ စာချုပ်သစ်ကမ်းလှမ်းမှုကို ပယ်ချဖွယ်ရှိနေကြောင်း သိရသည်။ ထို့ကြောင့် မန်ယူအသင်းအနေဖြင့် ဗီလာရီးရဲအသင်းမှ တောရက်စ်ကို ခေါ်ယူနိုင်ရန်အတွက် ဘိုင်လီကို အပြောင်းအရွှေ့တစ်စိတ်တစ်ပိုင်းအဖြစ် အသုံးချဖွယ်ရှိနေသည်။

မန်ယူအသင်း၏ ခံစစ်သည် ယခုနှစ်ရာသီ ပရီမီယာလိဂ် ၂၉ ပွဲကစားပြီးချိန်တွင် ပေးဂိုးက ၃၂ ဂိုးအထိ ခွင့်ပြုပေးထားရသည်။ ထို့ကြောင့် နည်းပြဆိုးလ်ရှားအနေဖြင့် လာမည့်နှစ်တွင် အသင်း၏ ခံစစ်ပိုင်းက အဓိကထား ပြုပြင်လိုနေခြင်းဖြစ်သည်။

အခြားသတင်းတစ်ရပ်တွင် မန်ယူအသင်းသည် အသင်းမှ အသက် (၃၀နှစ်) အရွယ်ရှိ ဂိုးသမား ဒေးဗစ်ဒီဂီယာ၏ နေရာကို စပါးဂိုးသမား ဟူဂိုလောရစ် (၃၄နှစ်) ဖြင့် အစားထိုးရန် ပြင်ဆင်နေကြောင်း ဖော်ပြထားသည်။ **အောင်ဇော်**

# မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့် လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများအား လက်ဝယ်ထားရှိသူများနှင့်အတူ သိမ်းဆည်းရမိ

**နေပြည်တော် မတ် ၂၄**

မွန်ပြည်နယ် ဘီးလင်းမြို့နယ်၌ ဆူပူအကြမ်းဖက်လုပ်ရပ်များတွင် အသုံးပြုမည့် လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများအား လက်ဝယ်ထားရှိသူများနှင့်အတူ သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဘီးလင်းမြို့ ဘိုးလှကြီးရပ်ကွက် နွယ်နီလမ်းနေ နိုင်ဝင်း(ခ)ကုလား (၂၈)နှစ် (ဘ) ဦးပြည်သိမ်းသည် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းရရှိသဖြင့် ဖမ်းဆီးစစ်ဆေးဖော်ထုတ်ချက်အရ ဘီးလင်းမြို့ ကန်သာယာရပ်ကွက် သီတာအောက်လမ်းနေ အောင်ကိုကိုမြင့်(တိမ်းရှောင်) (၂၆)နှစ် (ဘ)ဦးသိန်းဟန်၏ နေအိမ်ကို ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းနေအိမ်အတွင်းမှ အရှည် ၄ ပေ ၅ လက်မခန့်ရှိ ဘောစေ့ဖြင့် ပစ်ခတ်ရသော လက်လုပ်သေနတ် တစ်လက်၊ အရှည် ၂ ပေ ၆ လက်မခန့်ရှိ သစ်သားဒင် တစ်ချောင်း၊ အလျား ၃ ဒသမ ၅ လက်မခန့်ရှိ သံစပရိန် တစ်ခု၊ အရှည် ၈ လက်မခန့်ရှိ သေနတ်ပြောင်းပြုလုပ်ရာတွင် အသုံးပြုသော ကော်ပိုက် တစ်ချောင်းတို့အား သိမ်းဆည်းရမိခဲ့ကြောင်း။

ဆက်လက်၍ အဆိုပါလမ်းနေ ထွန်းဇော်ဦး (၂၈) နှစ် (ဘ) ဦးတင်ဦး၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ထွန်းဇော်ဦးနှင့်အတူ အရှည် ၄ ပေ ၇ လက်မခန့်ရှိ ဘောစေ့ဖြင့် ပစ်ခတ်ရသော လက်လုပ်သေနတ် တစ်လက်၊ အလုံးရေ ၆၄ လုံးပါ သံဘောစိဘူး နှစ်ဘူးတို့ကို သိမ်းဆည်းရမိခဲ့ကြောင်း။

လက်လုပ်သေနတ်များ လက်ဝယ်ထားရှိသူ နိုင်ဝင်း(ခ)ကုလားနှင့် ထွန်းဇော်ဦးတို့ နှစ်ဦးကို ဖမ်းဆီးထားရှိပြီး ဥပဒေအရ အမှုဖွင့်အရေးယူနိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ထွက်ပြေးတိမ်းရှောင်နေသော အောင်ကိုကိုမြင့်အား ဖမ်းဆီးရမိနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ရွှေပြည်သာမြို့နယ်နှင့် အင်းစိန်မြို့နယ်တို့ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများအား မီးရှို့ဖျက်ဆီး

**နေပြည်တော် မတ် ၂၄**

ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် အမှတ် (၁၃)ရပ်ကွက် မန္တလေးလမ်းနှင့် ကလေးဝလမ်းထောင့်ရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ မတ် ၂၃ ရက် ည ၁၀ နာရီ မိနစ် ၅၀ ခန့်တွင် မီးလောင်ကျွမ်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် ရုံးအတွင်းရှိ ပေ ၂၀ ပတ်လည် ရုံးခန်း တစ်ခန်း၊ စာရွက်စာတမ်းများနှင့် ပရိဘောဂပစ္စည်းများ မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ **(အောက်ပုံ)**



အဆိုပါ မီးလောင်မှုနှင့်ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ရာ ယနေ့နံနက် ၈ နာရီခန့်တွင် ရပ်ကွက်အတွင်းမှ သန်းဝင်း(ဘ) ဦးစိုးညွန့်၊ ရဲမြင့်အောင်(ဘ) ဦးသိန်းမြင့်နှင့် စောထွန်းနိုင်(ဘ) ဦးကျော်သန်းတို့ကို ဖမ်းဆီးရမိခဲ့ပြီး အဆိုပါ ဖမ်းဆီးရမိသူများမှာ အထက်ပါ မီးရှို့မှုဖြစ်စဉ်အား ကျူးလွန်ခဲ့ကြောင်း ဝန်ခံထွက်ဆိုခဲ့သဖြင့် ရွှေပြည်သာမြို့မရဲစခန်းသို့ ပို့ဆောင်၍ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အလားတူ အင်းစိန်မြို့နယ် စဉ့်ကူရပ်ကွက် အောက်မင်္ဂလာဒုံလမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၌ ယနေ့နံနက် ၃ နာရီ ၅ မိနစ်ခန့်တွင် မီးလောင်ကျွမ်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ် လေးစီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ နံနက် ၃ နာရီ ၃၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန်များ ထိခိုက်မှုမရှိကြောင်းနှင့် အုတ်ညှပ်၊ သွပ်မိုးအဆောက်အအုံတစ်လုံး မီးလောင်ပျက်စီး ဆုံးရှုံးခဲ့ကြောင်း သိရှိရသည်။ အဆိုပါ မီးလောင်မှုနှင့် ပတ်သက်ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပုလောမြို့အတွင်း၌ တူမီးသေနတ်များနှင့် လက်လုပ်သေနတ်များ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အပ်နှံ

**နေပြည်တော် မတ် ၂၄**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်အတွင်းရှိ ဇရိပ်ဆိပ်ကျေးရွာ၊ မင်းထိန်ကျေးရွာ၊ ပြည်ခြားကျေးရွာနှင့် ထမင်းမစားကျေးရွာတို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ယနေ့နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ပလောက်တပ်နယ်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်ရှာဖွေစစ်ဆေးပြီး အဆိုပါကျေးရွာများရှိ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် အလက် ၂၀၊ ပြောင်းပို တစ်ချောင်းနှင့် လက်လုပ်သေနတ် အလက် ၂၀ တို့အား ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက် အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကျောက်ပန်းတောင်းမြို့နယ်၌ ရဲအရာရှိတစ်ဦး၏ ဇနီးအား အကြမ်းဖက်သူ လူအုပ်စုက အကြောင်းမဲ့ ရန်ပြုဝိုင်းဝန်းရိုက်နှက်

**နေပြည်တော် မတ် ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၌ ရဲအရာရှိတစ်ဦး၏ ဇနီးအား အကြမ်းဖက်သူလူအုပ်စုက အကြောင်းမဲ့ရန်ပြုဝိုင်းဝန်းရိုက်နှက်ခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်အရ မတ် ၂၃ ရက် ည ၁၀ နာရီ မိနစ် ၅၀ တွင် ကျောက်ပန်းတောင်းမြို့နယ် ဝင်မင်ဂံကျေးရွာနေ ရဲအရာရှိတစ်ဦး၏ ဇနီးဖြစ်သူသည် နေအိမ်၌ရှိနေစဉ် တစ်ရွာတည်းနေ လှစိုး(စိစစ်ဆဲ)ပါ အကြမ်းဖက်သူ လူစုလူဝေးအင်အား ၃၀ ခန့်က ၎င်း၏ နေအိမ်ရှေ့သို့ ရောက်ရှိ လာပြီး "စစ်သား၊ ရဲသား အလိုမရှိ၊ စစ်အာဏာရှင် အလိုမရှိ၊ ခွေးတွေ" အစရှိသည်ဖြင့် အော်ဟစ်ဆဲဆိုပြီး နေအိမ်အတွင်းသို့ လေးခွများဖြင့် ပစ်ခတ်ဝင်ရောက်၍ ရဲအရာရှိ၏ ဇနီးဖြစ်သူကို တုတ်ဖြင့် အကြမ်းဖက်ရန်ပြု ဝိုင်းဝန်းရိုက်နှက်ခဲ့၍ ဝဲလက်နှင့် မျက်နှာတို့တွင် ဖူးရောင်နာကျင်ဒဏ်ရာများ ရရှိခဲ့ကြောင်း။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရဲအရာရှိ၏ဇနီးအား အကြောင်းမဲ့ အကြမ်းဖက် ရန်ပြုတိုက်ခိုက်ခဲ့သည့် ဝင်မင်ဂံကျေးရွာနေ လှစိုးပါ ၃၀ အား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး အမှုဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရဲအရာရှိ၏ ဇနီးနှင့် မိသားစုဝင်များအား လုံခြုံသောနေရာတွင် စောင့်ရှောက်ထားရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ဘားအံမြို့နယ်အတွင်း ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့် သွေးထိုးလှုံ့ဆော်သည့် စာရွက်စာတမ်းများ လက်ဝယ်ကိုင်ဆောင်ထားရှိသူတစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် မတ် ၂၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် အတွင်း လုံခြုံရေးဆောင်ရွက်လျက်ရှိသော တပ်ဖွဲ့ဝင်များသည် မတ် ၂၃ ရက် နံနက် ၁၁ နာရီခန့်တွင် ဘားအံမြို့၊ အမှတ်(၆) ရပ်ကွက် ထောက်ပို့လမ်းဆုံ အရောက်၌ ဇွဲကပင်တောင်ဘက်မှ ဘားအံမြို့တွင်းဘက်သို့ မောင်းနှင်လာသည့် TOYOTA WISH အမျိုးအစား မော်တော်ယာဉ် အမှတ်၊ 5F/---- ယာဉ်ကို ရပ်တန့်စစ်ဆေးရာ စောလင်းထက် (ဘ) ဦးစောအယ်ထူး၊ သုဝဏ္ဏလမ်း၊ အမှတ် (၄) ရပ်ကွက်၊ ဘားအံမြို့ နေသူကို မော်တော်ယာဉ်အတွင်း၌ အငွေ့ထိန်းနှာခေါင်းစွပ် ၁၀ ခု၊ အငွေ့ထိန်းမျက်မှန် ၁၀ ခု၊ ဖိုက်ဘာဦးထုပ် ၁၀ လုံး၊ အနက်ရောင် မျက်နှာဖုံးအစွပ် ငါးခု၊ အဖြူရောင် ချည်သားလက်အိတ် ၄၆ စုံ၊ အမည်းရောင်ကျားဝတ်ကုတ်အင်္ကျီ တစ်ထည်နှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက တာဝန်ရှိသူများနှင့်အတူ စောလင်းထက် နေအိမ်အား ဝင်ရောက်ရှာဖွေရာ ဆူပူအကြမ်းဖက်မှုများ ပြုလုပ်ရန် ပြည်သူလူထုအား စည်းရုံးသွေးထိုး လှုံ့ဆော်သည့် စာရွက်စာတမ်းများ၊ အများပြည်သူများကို အပြစ်ကျူးလွန်လာစေရန် ကြံရွယ်၍ ဆန္ဒပြရာတွင် အသုံးပြုမည့် ပစ္စည်းများ ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူ စောလင်းထက်ကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့် ပြည်သူလူထုအား ဆူပူအကြမ်းဖက်မှုပြုလုပ်လာစေရန် စည်းရုံးသွေးထိုး လှုံ့ဆော်သည့် စာရွက်စာတမ်းများ လက်ဝယ်ကိုင်ဆောင် ထားရှိမှုကြောင့် တရားဥပဒေအရ ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့် အမည်(၂၀)၊ ဦးပိုင်အမှတ်(၁၀၇)၊ မြေဧရိယာ(၀ဒသမ၀၈၃)ဧကရှိ မြေကွက်သည် မူလက ဒေါ်မန်ကူး(ခ)မန်ကူးမာယာ အမည်ဖြင့် (၁၁-၈-၂၀၁၉) ရက်ထိ (၁၅)နှစ်ဂရန်အား မူလဂရန်သက်တမ်းအတိုင်းရရှိခဲ့ပြီး သက်တမ်းကုန်ဆုံးပြီးဖြစ်၍ မောင်အရင်းဖြစ်သူ၏ အမည်ဖြည့်စွက်၍ ဟိုတယ်လုပ်ငန်းဆောင်ရွက်ရန်အတွက် ဒေါ်မန်ကူး(ခ)မန်ကူးမာယာပါ (၂) ၁/မကန(နိုင်)၀၈၇၃၄၈ အမည်ဖြင့် စက်မှု/စီးပွား ဂရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရန်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အောက်ပါစည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာ ထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည် တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက် ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူ ဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲ ခြင်း၊ ဝန်အားမမျှခြင်းစသည့် အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုးလဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချ ခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ်မခံစားရသောနေရာများတွင် သေချာစွာ သိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သော ပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျ စွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများ အနီးတွင် ခြင်ဆေးခွေ ထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက် မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာ စစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှ ထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူ သမျှ သေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာ မှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့် ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲ အစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာ ထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူး ထားရှိပါ။ အထပ်မြင့်အဆောက်အအုံဖြစ်ပါက အထပ် တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေး ကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ် အောင်လည်း သင်ကြား၍ အခါအားလျော်စွာလေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါး ခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ ပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သော ညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ပါ။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## စစ်ကိုင်းပညာရေးတက္ကသိုလ်
## ပါရဂူ(Ph.D)သင်တန်းသားများခေါ်ယူခြင်း

၁။ စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D)သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-
(က) ပညာရေးသဘောတရား
(ခ) ပညာရေးစိတ်ပညာ
(ဂ) သင်ပြနည်း

၂။ ပါရဂူဘွဲ့ (Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်-
(က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) ၂၀၂၁ခုနှစ် ဇွန်လ (၁)ရက်တွင် အသက်(၃၀)ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက် လျှော့ပေါ့စဉ်းစားမည်)
(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် တစ်နှစ်တက်နိုင်သူဖြစ်ရမည်။
(ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်**
(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ ၃ နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) တက္ကသိုလ်/ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံး ရှိရမည်။
(၄) တက္ကသိုလ်/ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့ သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။
(၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

**အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်**
(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသောဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃) နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
(၃) အနိမ့်ဆုံး နည်းပြ/ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိရမည်။
(၄) ပါရဂူအကြိုသင်တန်းတက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

**နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်**
အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့ ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာသုံးမျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့် အတူပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ စစ်ကိုင်းပညာရေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၆-၄-၂၀၂၂ ရက် (အင်္ဂါနေ့) အထိ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် စစ်ကိုင်းပညာရေးတက္ကသိုလ်တွင် ပါရဂူဘွဲ့ (Ph.D)သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-

| | | | |
|---|---|---|---|
| (က) | ၂၁-၄-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) | နံနက် ၉:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀နာရီ | သက်ဆိုင်ရာဘာသာရပ် |
| (ခ) | ၂၂-၄-၂၀၂၂ (ကြာသပတေးနေ့) | နံနက် ၉:၀၀ နာရီမှ မွန်းတည့် ၁၂:၀၀နာရီ | အင်္ဂလိပ်စာဘာသာရပ် |

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို ၂၈-၄-၂၀၂၂ ရက် (ဗုဒ္ဓဟူးနေ့)တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ (ဌာနမှူး)များထံတွင် လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဌာနမှူး(သင်တန်း) ဖုန်း-၀၉-၄၃၂၀၆၅၄၆၊ လက်ထောက်မော်ကွန်းထိန်း ဖုန်း-၀၉-၄၀၂၆၆၂၂၅၃ ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

**(စောဝင်းမြင့်ထွန်း)**
**ဌာနမှူး (သင်တန်းရေးရာဌာန)**
**စစ်ကိုင်းပညာရေးတက္ကသိုလ်**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြေမြင့်ရပ်ကွက်၊ ကွင်းအမှတ်(၁၆က/၃-ခ)၊ ဦးပိုင်အမှတ်(၁၃/က)၊ မြေဧရိယာ(၀ဒသမ၁၁၂)ဧကရှိ မြေကွက်အား ဦးကျော်အေး အမည်ဖြင့် မြေခွန်ပြေစာအမည်ပေါက် ပိုင်ဆိုင်ခဲ့ပြီး (၂၃-၃-၂၀၁၀) ရက်တွင် ဦးကျော်အေးထံမှ ဦးသိန်းဖေနှင့် ဒေါ်ယဉ်ယဉ်မြင့်တို့ (၂)ဦးက နှစ်ဦးသဘောတူ အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဦးသိန်းဖေ ၁/မကန(နိုင်)၀၁၇၉၉၁ နှင့် ဒေါ်ယဉ်ယဉ်မြင့် ၁/မကန(နိုင်)၀၁၇၉၉၂ တို့(၂)ဦး အမည်ဖြင့် မြေငှားဂရန်အသစ် ရရှိရေးအတွက် (၁၅-၉-၂၀၁၇) ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ် (၆၁၂/၂၀၁၇) ကို (၁၉-၉-၂၀၁၇) ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၃၄၂/၂၀၁၇) အဖြစ် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြေညာစာပါသည့်နေ့မှစ၍ ၁၅ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရန်အောင် (၂) ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃/ဂုဏ်တန်မြောက်၊ ဦးပိုင်အမှတ် (၇၅)၊ ဧရိယာ ၀ဒသမ၀၅၃ဧကရှိ ဘိုးဘပိုင်မြေကွက်အား အမည်ပေါက် ဒေါ်ခင်သန်း ၁၂/ဥကမ(နိုင်)၀၉၇၂၃၆ (ပါ) ၉-ဦးမှ ဘိုးဘအမည်ပြောင်း၊ စွန့်လွှတ်ခြင်းစာချုပ် (၀၀၇/၂၀၂၁)၊ ကတိသစ္စာပြုလွှာ၊ အမွေဆက်ခံစာချုပ် (၀၁၅/၂၀၂၁)၊ နိုင်ငံသားစိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး ဒေါ်ခင်ခင်သက် ၉/ပမန(နိုင်)၀၁၃၆၃၉ (ပါ) ၃-ဦး အမည်ဖြင့် ဘိုးဘပိုင်မြေအမည်ပေါက်ပြောင်းလဲပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘိုးဘအမည်ပြောင်း လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေး သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7M/5621 ယာဉ်လက်ဝယ်ရှိသူ ဦးနေဝင်း ၁၀/မလမ(နိုင်)၁၅၄၇၈၁ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းရုံး(ပဲခူး)**

## အလိမ္မာ စာမှာရှိ

## အမွေစားအမွေခံ(သွာနုတ္တရ) သားအဖြစ်မှ ရာသက်ပန်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နယ်၊ အင်ဒိုင်းကျေးရွာ၊ ရပ်ကွက်(၁)နေ ဦးတင်မြ ၇/တငန(နိုင်)၁၁၀၃၆၈ ကိုင်ဆောင်သူ -(ဒေါ်ခင်လှ)တို့၏သား ဦးမောင်မောင်အုန်းသည် ဖခင်ဖြစ်သူအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ကိုယ်ထိလက်ရောက် ပြုလုပ်ခဲ့ပါသဖြင့် (၂၅-၃-၂၀၂၂)ရက်မှစ၍ သွာနုတ္တရသားအဖြစ်သတ်မှတ်၍ အမွေစားအမွေခံသားအဖြစ်မှ စွန့်လွှတ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။ ဦးမောင်မောင်အုန်းနှင့် ပတ်သက်သည့် ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူ ဖြေရှင်းပေးမည်မဟုတ်ပါ။

**ဦးတင်မြ-(ဒေါ်ခင်လှ)**

## ကန့်ကွက်နိုင်ပါကြောင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွာမရပ်၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧက၊ မြေကွက်အမှတ် (ပ-၄၂၆၀)၊ ဦးနေလင်းထွန်း (ဘ)ဦးညိမ်းမောင် ၉/ပမန(နိုင်)၁၅၆၇၇၀ အမည်ပေါက် ပါမစ်မြေကွက်ကို ဒေါ်အေးသီတာ (ဘ) ဦးကျော် စိန် ၅/ကလထ(နိုင်) ၀၀၀၃၆၈မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်စာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံ ကတိပြုချက်မူရင်းများ တင်ပြပြီး မြေငှားစာချုပ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ
## သတင်းကြေညာချက်
## ၁၃၈၃ ခုနှစ် တပေါင်းလဆန်း ၁၃ ရက်
## ၂၀၂၂ ခုနှစ် မတ် ၂၅ ရက်

၁။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီသည် ၂၀၂၂ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲကို နေပြည်တော်၊ မဏိရတနာကျောက်စိမ်းခန်းမတွင် ၂၀၂၂ ခုနှစ်၊ ဧပြီ ၁ ရက်မှ ၁၀ ရက်အထိ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၂။ ကျောက်မျက်ရတနာရောင်းချပွဲသို့ မြန်မာ့ကျောက်မျက်ရတနာ ဥပဒေ၊ နည်းဥပဒေနှင့်အညီ ခွင့်ပြုမိန့်ရရှိသူနှင့် လိုင်စင်ရရှိသူများ၊ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေနှင့်အညီ မှတ်ပုံတင်ထားသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဝင် နိုင်ငံသားများကို သတ်မှတ်ချက်များနှင့်အညီ ရောင်းချပွဲသို့ တက်ရောက်ခွင့် ပြုမည်ဖြစ်ပါသည်။

၃။ ရောင်းချပွဲသို့ တက်ရောက်လိုသော နိုင်ငံသားရတနာကုန်သည်များကို ၂၀၂၂ ခုနှစ်၊ မတ် ၂၄ ရက်မှစ၍ ရောင်းချပွဲတက်ရောက်ဝယ်ယူခွင့်အတွက် မြန်မာ့ကျောက်မျက် ရတနာပြတိုက် (ရုံးချုပ်နေပြည်တော်) တွင် ရတနာကုန်သည် မှတ်ပုံတင်ခြင်းကို ဆောင် ရွက်ပေးမည်ဖြစ်ပါသည်။

၄။ ၂၀၂၂ ခုနှစ် ပုလဲအတွဲများနှင့် ကျောက်မျက်ရတနာများ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ တက်ရောက်ဝယ်ယူခွင့်ကိစ္စများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီ၊ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်းရုံးချုပ် (နေပြည်တော်)တွင် ဆက်သွယ်စုံစမ်းနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**မြန်မာ့ကျောက်မျက်ရတနာပြပွဲဗဟိုကော်မတီ**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ယုဇနရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၁၆က/၆)၊ ဦးပိုင်အမှတ်(၄၃)၊ မြေဧရိယာ (၀ဒသမ၁၅၀)ဧကရှိ မြေကွက်သည် မူလကဦးသိန်းစိုး(ခ)ဦးတိန်စိုး အမည်ဖြင့် (၃၀-၆-၂၀၂၀) ရက်အထိ နှစ်(၃၀) ဂရန်ရရှိခဲ့ပြီး ၎င်းထံမှ (၂၃-၆-၂၀၂၀)ရက်စွဲပါ စာချုပ်မှတ်ပုံတင်အမှတ် ၁၇၀/၂၀၂၀ ဖြင့် ဦးရန်ကြားချောင်ပါ(၂)ဦးတို့မှ ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ယခုအခါ ဦးရန်ကြားချောင်ပါ(၂)ဦး ၁/မကန(ဧည့်)၀၀၁၀၈၆ အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း) ထုတ်ပေးနိုင်ပါရန် လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ပုသိမ်မြို့၊ ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး
## တံခွန်တိုင်တည်ဆောက်ရေးကြီးကြပ်မှုလုပ်ငန်းကော်မတီ
## တံခွန်တိုင်တည်ဆောက်ရေးလုပ်ငန်းအတွက်
## အိတ်ပိတ်တင်ဒါကြော်ငြာစာ

၁။ ပုသိမ်မြို့၊ သမိုင်းဝင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၏ အင်္ဂါထောင့်ရင်ပြင်တော်တွင် တံခွန်တိုင်တည်ဆောက်ရေးလုပ်ငန်းအတွက် အိတ်ပိတ်တင်ဒါစနစ်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ အိတ်ပိတ်တင်ဒါအဆိုပြုလွှာနှင့် စည်းကမ်းချက် (၁)စုံလျှင် ငွေကျပ် ၁၀၀၀၀၀/- (ကျပ်တစ်သောင်းတိတိ)နှုန်းဖြင့် အောက်ပါနေ့ရက်များတွင် ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ရုံးတွင် ဝယ်ယူတင်သွင်းရန် ဖြစ်ပါသည်-

| | | | |
|---|---|---|---|
| (က) | **လျှောက်လွှာစတင်ရောင်းချမည့်** | - | ၃၀-၃-၂၀၂၂ ရက် (အင်္ဂါနေ့) |
| | **နေ့ရက်/အချိန်** | | ၁၀:၀၀ နာရီ |
| (ခ) | **လျှောက်လွှာပိတ်မည့်** | - | ၅-၄-၂၀၂၂ ရက် (တနင်္လာနေ့) |
| | **နေ့ရက်/အချိန်** | | ၁၆:၀၀ နာရီ |

၃။ အိတ်ပိတ်တင်ဒါအဆိုပြုလွှာများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ကာလစည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ၇-၄-၂၀၂၂ ရက် ၁၀:၀၀ နာရီတွင် တံခွန်တိုင်တည်ဆောက်ရေးကြီးကြပ်မှုဦးစီးကော်မတီမှ အိတ်ပိတ်တင်ဒါ အဆိုပြုလွှာတင်သွင်းသူများ၏ရှေ့မှောက်၌ ဖွင့်ဖောက်ရွေးချယ်သွားမည် ဖြစ်ပါသည်။

(အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဂေါပကအဖွဲ့ရုံးနှင့် အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်)

ဆက်သွယ်ရန်ဖုန်း - ၀၄၂-၂၄၂၇၇ ၀၉-၄၂၈၅၅၂၀၀၉
၀၄၂-၂၅၂၉၈ ၀၉-၆၉၉၅၅၅၄၄၇
၀၉-၇၈၉၃၉၀၃၁၈

**ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး**
**ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့**

## သစ်တောသစ်ပင် ဒို့ချစ်ခင် နှစ်စဉ်စိုက်ပျိုးအလှတိုး

# နေ့စဉ် သတင်းမှန်၊ အပြစ်မှန်၊ တကယ်အချက်အလက်မှန်များကို

# မှန်မှန် မြန်မြန် သိလိုပါသလား?

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914
Myanma Alinn Daily

ကြေးမုံ
The Mirror Daily
၁၃၁၉ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

THE GLOBAL NEW LIGHT OF MYANMAR

# ဖတ်ရှုနိုင်ပါပြီ။




## ဆက်သွယ် မှာယူနိုင်ပါသည်-

မြန်မာ့အလင်း 01 - 9544 317, 09 - 4480 422 14

ကြေးမုံ 01 - 8292 830, 09 - 4500 255 70

The Global New Light of Myanmar
01 - 8604 532, 09 - 9839 249 91

# အထူးဝမ်းနည်းကြေကွဲခြင်း
## တစ်သက်တာစာပေဆုရှင်
## အမျိုးသားစာပေဆုရ
## စာရေးဆရာကြီး ငွေးမောင်(၁၉၂၇-၂၀၂၁)

၂၂-၃-၂၀၂၁ ရက် (တနင်္လာနေ့)က ဆရာကြီး ကွယ်လွန်အနိစ္စရောက်ခြင်းသတင်းကို ကြားသိရသည့် အတွက် ဝမ်းနည်းတသ စိတ်မကောင်းဖြစ်မိပါသည်။

အရေးတော်ပုံ(ရှမဝ ဝတ္ထုရှည်)၊ တိုက်ပွဲခေါ်သံ(အမျိုးသားစာပေဆုရဝတ္ထုရှည်) စသော ဂန္ထဝင်စာပေအမျိုးအစားပေါင်းများစွာ စာပေဂုဏ်ရောင်ထွန်းပြောင်ခဲ့သော ချောက် ရေနံမြေဇာတိ(အမည်ရင်းဦးမောင်လှ)သည် နိုင်ငံလူမျိုး၊ အလုပ်သမားထုကောင်းကျိုး တို့ကို အမြတ်တနိုးထမ်းဆောင်သွားခဲ့သည့်ပုဂ္ဂိုလ်ဖြစ်သဖြင့် ဆရာကြီး၏မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း ဖော်ပြအပ်ပါသည်။

**ဦးချစ်နိုင်**
**ပြည်ထောင်စုဝန်ကြီး**
**ပြန်ကြားရေးဝန်ကြီးဌာန**

# ဒုတိယဗိုလ်မှူးကြီးခင်ထွန်း(ငြိမ်း)
## ကြည်း-၇၈၉၈
## စ.စ.စ (ညွှန်ချုပ်-ငြိမ်း)
## OTS-(၂၁)
## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၂၂)၊ အခန်း(၉)နေ (ဦးမောင်ကံ-ဒေါ်သောင်းဆင့်)တို့၏သား၊ ဒေါ်ခင်ထွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်မြင့်ဦး-ဒေါ်ခင်မာငွေး၊ ဦးဇော်ဝင်း-ဒေါ်စန္ဒာဝင်း၊ဦးသန်းထွဋ်၊ ဦးသီဟ-ဒေါ်ယဉ်ယဉ်ထွေး၊ ဒေါ်စန်းစန်းထွန်းတို့၏ဖခင်၊ မြေး ၆ ယောက်တို့၏ အဘိုး သည် ၂၄-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၄:၃၀နာရီတွင် ကွယ်လွန်သွားပါ သဖြင့် ယင်းနေ့နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်း ကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၃၀-၃-၂၀၂၁ရက် (အင်္ဂါနေ့) တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန်ဖိတ်ကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

# ဘဝနတ်ထံပျံလွန်တော်မူခြင်း
## သာသနာ့ရောင်ခြည်ကျောင်းတိုက်
## ပဓာနနာယကဆရာတော်၊ မြေငူပဝါရဏာဂိုဏ်းချုပ်
## ရပ်ကွက်သံဃနာယကဥက္ကဋ္ဌ
## ဘဒ္ဒန္တဝိမလ
## သက်တော် (၇၆)နှစ်၊ သိက္ခာတော် (၅၆)ဝါ

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကသဲရပ်ကွက်၊ မဏိပူရလမ်း၊ သာသနာ့ရောင်ခြည် ကျောင်းတိုက်၏ဦးစီးပဓာန နာယက၊ မြေငူပဝါရဏာဂိုဏ်းချုပ်၊ ကသဲရပ်ကွက်၊ မကျည်းမြိုင်ရပ်ကွက်၊ သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဝိမလမဟာထေရ်မြတ် သည် ၂၁-၃-၂၀၂၁ရက် (တနင်္ဂနွေနေ့) (၁၃၈၂ ခုနှစ် တပေါင်းလဆန်း ၉ရက်) ညနေ ၃:၄၂နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ဆရာတော်၏ရုပ်ကလာပ် တော်ကို ၂၅/၂၆-၃-၂၀၂၁ရက် (၁၃၈၂ ခုနှစ် တပေါင်းလဆန်း ၁၃၊ ၁၄ရက်)တို့တွင် ယာယီစံကျောင်း ပန်းကြာကလပ်ပေါ်သို့ ပင့်ဆောင်ပူဇော်သွားမည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ တပည့်သံဃာများနှင့် ဆွေမျိုးတပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (ဈာပနပွဲတော်ကျင်းပမည့်ရက်ကို ထပ်မံ ကြေညာပါမည်) **တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ**

## ဖခင်အမည်မှန်

စစ်တွေမြို့နယ်၊ ခတင်ပိုက်ကျေးရွာ အုပ်စု၊ ရေချမ်းပြင်ကျေးရွာနေ မောင်ခိုင်မျိုးလင်း၏ ဖခင်အမည်မှန်မှာ ဦးမောင်အေးချေ ၁၁/စတန(နိုင်) ၀၈၅၆၀၆ ဖြစ်ပါကြောင်း။

**ဦးမောင်အေးချေ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၃-၂၀၂၁ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၁) တောင်းပန် ကြေညာချက်ကြော်ငြာတွင် ၂၈-၂-၂၀၂၀ ရက်အစား ၂၈-၁၂-၂၀၂၀ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်6Q /7035, Suzuki ERTIGA ARK(S/W) ယာဉ်လက်ဝယ်ရှိ သူ ဦးဇော်မင်းဦး ၁၂/ဒဂတ(နိုင်) ၀၀၃၃၄၆ က(ကမ-၃)ပျောက်ဆုံး၍မိ တ္တူထုတ်ပေးရန်လျှောက်ထားလာပါသ ည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာပါ သည့်ရက်မှ ရက်၃၀အတွင်း အောက် ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၆၄၈/သပြေတောင်အရှေ့၊ ဦးပိုင်အမှတ်(၃၈၃) မြေကွက်အား ဒေါ်တင်တင်ရီ ၉/ပမန(နိုင်)၁၅၆၉၀၈မှ အရောင်းအဝယ် စာချုပ် ပိုင်ဆိုင်ကြောင်းကျမ်းကျိန်ဆိုချက်၊ ပတ်ဝန်းကျင်သက်သေထွက်ဆိုချက်၊ နိုင်ငံသား စိစစ်ရေးကတ်၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်ခွင့် တင်ပြရန်အတွက် မြေပုံ/ မြေရာဇဝင် ရေးကူးခွင့်လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက် အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလ အတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ် ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေ ရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက် လက်ဆောင်ရွက်ပေးသွားမည်ဖြစ် ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6G/8307 ၏ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4L/6651 ၏ ဖောင်းကြွ နံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**မော်လမြိုင်မြို့**

# ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်မြသိန်း
## အသက် (၈၉)နှစ်

ရွှေညောင်မြို့၊ အောင်သပြေရပ်ကွက်၊ နယ်မြေ (၂)၊ အမှတ် (၂/၃၈) နေ (ဦးကျော်)၏ဇနီး၊ ဦးကျော်ခင်-ဒေါ်စန်းရီ၊ ဦးခိုင်သန်း-ဒေါ်ခင်ဝင်းရည်၊ ဦးကျော်ဝင်း-ဒေါ်သန်းသန်းအေး၊ ဦးဟန်သိန်း-ဒေါ်ခင်မာစိန်၊ ဦးကျော် တင့်- (ဒေါ်မြမူ)၊ ဒေါ်အေးအေးမူ၊ ဦးရဲတိုးသွင်-ဒေါ်ခင်ခင်မူ၊ ဦးသန်းထွန်း-ဒေါ်သီတာခိုင်၊ ဦးအောင်မိုးကျော်-(ဒေါ်တင်တင်ထွေး)၊ ဦးဆန်းဝင်း-ဒေါ်တင် တင်အေးတို့၏မိခင်၊ မြေး ၃၁ ယောက်၊ မြစ် ၁၃ ယောက်တို့၏အဘွားသည် ၂၄-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၅နာရီတွင် ကွယ်လွန်သွားပါ သဖြင့် မိသားစုနှင့် ထပ်တူအထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးကျော်လှိုင်ဝင်း-ဒေါ်ရင်ငြိမ်းလူ(မိသားစု)**

## ဒေါ်နွေးနွေးဇော် ၇/လပတ(နိုင်) ၁၆၃၆၂၉ (ဘ) ဦးမြင့်မောင်နှင့် အများသိစေရန်ကြေညာချက်

ဦးသန့်နိုင် (Golden Dream) ဘိလပ်မြေရောင်းဝယ်ရေး၊ အမှတ်(P-18)၊ သီရိရတနာ(လက်လီလက်ကားဈေးဝင်း)၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်း ဒေသကြီးနေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ သိစေအပ်ပါသည်။ ဒေါ်နွေးနွေးဇော် သည် ကျွန်ုပ်အမှုသည်၏ အရောင်းဆိုင်၌ (၂၁-၇-၂၀၁၉)ရက်မှစ၍ အရောင်းဝန်ထမ်း အဖြစ် ပစ္စည်းဖြန့်ချိရေးလုပ်ငန်းကို တာဝန်ပေးချက်အရ လုပ်ကိုင်နေသူဖြစ်ပါသည်။ ဒေါ်နွေးနွေးဇော်သည်အရောင်းဆိုင်မှ ပစ္စည်းများထုတ်ယူခြင်းတာဝန်ကိုသာ ပေးအပ် ထားပြီး ဒေါ်နွေးနွေးဇော်သည် အရောင်းဆိုင်၏ ခွင့်ပြုချက်တစ်စုံတစ်ရာမရှိဘဲ ငွေကြေးများထုတ်ယူခဲ့ပြီး ၎င်း၏ကိုယ်ကျိုးအတွက် အလွဲသုံးစားပြုလုပ်ရန် ထုတ်ယူ သုံးစွဲခဲ့ပါသည်။ ထိုသို့ လုပ်ကိုင်ရင်း ၂၀၂၀ပြည့်နှစ် ဒီဇင်ဘာနှင့် ၂၀၂၁ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လများ၏ရောင်းဝယ်မှု စာရင်းဇယားနှင့် ငွေကြေးများကို ဆိုင်သို့ ရှင်းလင်းပေးခြင်းမရှိဘဲ (၁၉-၃-၂၀၂၁)ရက် ကုန်ဆုံးချိန်တွင် ထွက်ခွာသွားခဲ့ပါသည်။ လိုက်လံရှာဖွေ သော်လည်း မတွေ့ရှိတော့ပါ။ ဒေါ်နွေးနွေးဇော် ဆိုင်သို့ ပြန်ရှင်းပေးရန် စုစုပေါင်းငွေကျပ်မှာ ၅၄၈၅၄၂၀၀/-(သိန်းငါးရာလေးဆယ့်ရှစ်သိန်းငါးသောင်း လေးထောင့်နှစ်ရာ) ကျပ်တိတိဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်၏ လုပ်ငန်းနှင့်ဆက်စပ် လျက်ရှိသော အရောင်းဆိုင်များအနေဖြင့် ဒေါ်နွေးနွေးဇော်နှင့် ရောင်းဝယ်ခြင်း၊ ငွေကြေးပေးချေခြင်းများ မပြုလုပ်ကြပါရန်နှင့် ထိုသို့ဖြစ်ပေါ်လာပါက ပေးအပ်သူ တို့၏ တာဝန်သာဖြစ်ပါလိမ့်မည်။ ဒေါ်နွေးနွေးဇော်သည် ကျွန်ုပ်အမှုသည်၏ လုပ်ငန်း မှ ထွက်ခွာသွားသည့် (၁၉-၃-၂၀၂၁)ရက်မှစ၍ တာဝန်ပေးအပ်ခြင်းမရှိတော့ပါ။ ဒေါ်နွေးနွေးဇော်သည် အလုပ်လျှောက်ထားစဉ်က ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်း မြို့နယ်၊ (၂)ရပ်ကွက်၊ အနောက်အောင်မေတ္တာလမ်း၊ အမှတ်(၁၁၉/က)တွင် အမြဲတမ်း နေထိုင်သည်ဟုလည်းကောင်း၊ ၎င်း၏ နိုင်ငံသားစိစစ်ရေးကတ်တွင် လက်ပံတန်း မြို့နယ် (အလယ်စု)၊ ဝွေးတောက်ကွင်းတွင် နေထိုင်သူဖြစ်ပါကြောင်း ဖော်ပြထားရှိခဲ့ပါ သည်။ ဒေါ်နွေးနွေးဇော်အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်အမှုသည်နှင့် လာရောက်တွေ့ဆုံငွေကြေးရှင်းလင်းနိုင်ရန် အသိပေးအပ်ပါ သည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက ဥပဒေနှင့်အညီ အရေးယူမည်ဖြစ်ကြောင်း ဒေါ်နွေးနွေးဇော်နှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-ဦးဇော်မင်းနိုင်(စဉ်-၁၀၉၁၈/၁၆)**
**ဒေါ်သက်ဆုရည်(စဉ်-၁၂၈၃/၁၇)**
**LL.B,DL-101 Wipo(Switzerland)LL.B**
**တရားလွှတ်တော်ရှေ့နေများ**
**ရုံး-ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝန်း၊ အင်းစိန်မြို့နယ်၊ ဖုန်း-၀၉-၄၂၁၀၂၄၈၈၆**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၉၆၃)မြေကွက်ပေါ်ရှိ (၈)ထပ်ခွဲ အဆောက်အအုံ၏ အခန်းအမှတ်(6/A) (၆)လွှာ၊ အလျား(၁၉)ပေxအနံ(၅၃)ပေရှိ (Mini Condo) RC အမျိုးအစား တိုက်ခန်း (၁)ခန်း၊ ပရိဘောဂပစ္စည်းများ၊ ရေ၊ မီတာစသည့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ဦးသက်ဇော်ဦး (၇/သဝတ(နိုင်)၀၉၇၇၉၉)က တရားဝင် လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲ ပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုကာ အဆိုပြုကမ်းလှမ်းလာ၍ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်အိဖြိုးဆွေမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသအား စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာစာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသည့် စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့် သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသက်နိုင်ဖြိုး (LL.B)**
**(တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၁၉၈၂/၂၀၁၇)**
**အမှတ်-(၃၆၁/ခ)၊ ရွက်လှလမ်း၊ (၁၈)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊**
**ဖုန်း-၀၉-၄၃၁၉၆၄၄၇**

## သင့်သွေးဖြင့် အသက်ကယ်ပါ

# ဝမ်းနည်းကြေကွဲခြင်း
## ဒုတိယဗိုလ်မှူးကြီးခင်ထွန်း(ငြိမ်း)
## ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)
## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန
## အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ဦးဝိစာရအိမ်ရာ၊ တိုက်(၂၂)၊ အခန်း(၉)နေ ဒေါ်ခင်ထွေး၏ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးခင်ထွန်း(ငြိမ်း) သည် ၂၄-၃-၂၀၂၁ရက် နံနက် ၄:၃၀နာရီတွင် (၈၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူဝမ်းနည်းရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန**

# ဒေါ်မြသိန်း
## အသက်(၈၉)နှစ်

ရွှေညောင်မြို့၊ အောင်သပြေရပ်ကွက်၊ နယ်မြေ(၂)၊ အမှတ်(၂/၃၈)နေ (ဦးကျော်)၏ဇနီး၊ ဦးကျော်ခင်-ဒေါ်စန်းရီ၊ ဦးခိုင်သန်း-ဒေါ်ခင်ဝင်းရည်၊ ဦးကျော် ဝင်း-ဒေါ်သန်းသန်းအေး၊ ဦးဟန်သိန်း-ဒေါ်ခင်မာစိန်၊ ဦးကျော် တင့်-(ဒေါ်မြမူ)၊ ဒေါ်အေးအေးမူ၊ ဦးရဲတိုးသွင်-ဒေါ်ခင်ခင်မူ၊ ဦးသန်းထွန်း-ဒေါ်သီတာခိုင်၊ ဦးအောင်မိုးကျော်-(ဒေါ်တင်တင်ထွေး)၊ ဦးဆန်းဝင်း-ဒေါ်တင်တင်အေးတို့၏ မိခင်၊ မြေး ၃၁ယောက်၊ မြစ် ၁၃ယောက်တို့၏ အဘွားသည် ၂၄-၃-၂၀၂၁ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၆-၃-၂၀၂၁ရက် (သောကြာနေ့) မွန်းလွဲ ၁ နာရီတွင် စဥ့်ဟယ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၂၁ရက် (တနင်္ဂနွေနေ့) နံနက် ၆နာရီ တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

# နေပြည်တော်ကောင်စီနယ်မြေတွင် တည်ဆောက်လျက်ရှိသည့် သုခတော်ဝင်အိမ်ရာတိုက်ခန်း ဝယ်ယူလိုသူများ လျှောက်ထားနိုင်ခြင်း

၁။နေပြည်တော်ကောင်စီနယ်မြေ၊ ဇမ္ဗူသီရိမြို့နယ်၊ သုခသိဒ္ဓိရပ်ကွက်၊ ပျဉ်းမနား-တောင်ညို လမ်းဘေး (မြို့မဈေးအနီး)၊ မြေဧရိယာ(၂၃၀)ဧကပေါ်တွင် ယခင်အငြိမ်း စားဝန်ထမ်းအိမ်ရာအမည်အစား ယခု"သုခတော်ဝင်" အိမ်ရာအမည်ဖြင့် (၄)ခန်းတွဲ (၄)ထပ်၊ အခန်း (၁)ခန်းလျှင် အိပ်ခန်း (၂)ခန်းပါ ယခင် (၆၅၀)စတုရန်းပေ ယခု (၆၉၀) စတုရန်းပေရှိ တိုက်ခန်းများတည်ဆောက်လျက်ရှိပြီး ရောင်းချရန်ကျန်ရှိသော မြေညီထပ်၊ ပထမထပ်၊ ဒုတိယထပ်နှင့် တတိယထပ်တို့အား အောက်ပါဈေးနှုန်း များအတိုင်း အငြိမ်းစားဝန်ထမ်းများ၊ လက်ရှိတာဝန် ထမ်းဆောင်ဆဲဝန်ထမ်းများနှင့် အများပြည်သူတို့အား မည်သူမဆို လွတ်လပ်စွာ ရောင်းချပေးသွားမည် ဖြစ်ပါသည်-

| | | |
|---|---|---|
| (က) | မြေညီထပ်ဈေးနှုန်းကျပ် | (၂၅၀)သိန်း |
| (ခ) | ပထမထပ်ဈေးနှုန်းကျပ် | (၂၄၀)သိန်း |
| (ဂ) | ဒုတိယထပ်ဈေးနှုန်းကျပ် | (၂၂၀)သိန်း |
| (ဃ) | တတိယထပ်ဈေးနှုန်းကျပ် | (၁၉၀)သိန်း |

၂။သုခတော်ဝင်အိမ်ရာတိုက်ခန်း ဝယ်ယူလျှောက်ထားလိုသူများသည် ပူးတွဲ(က)နှင့် (ခ)ပါ လျှောက်လွှာပုံစံများတွင်ဖြည့်စွက်၍ သုခတော်ဝင်အိမ်ရာ စိစစ်နေရာချထားရေး ဆပ်ကော်မတီ၊ မြို့တော်ခန်းမ၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်ထားနိုင်ပြီး လျှောက်လွှာတင်စဉ်ကပင် တိုက်ခန်းတန်ဖိုး၏ (၃၀%)အား ပေးသွင်းရမည်ဖြစ်ပါ သည်။ လျှောက်လွှာတင်သည့်အရေအတွက်ပေါ်မူတည်၍ တိုက်ခန်းများကို မဲနှိုက် နေရာချထားပေးမည်ဖြစ်ပြီး ကျန်ငွေ (၇၀%)အား အောက်ဖော်ပြပါ ငွေပေးချေမှု စနစ်ဖြင့် ဆောင်ရွက်နိုင်ပါသည်-

(က) လက်ငင်းအကျေစနစ်ဖြင့်ပေးသွင်းလိုသူများအား မဲနှိုက်ပြီး (၁)လ အတွင်း ပေးသွင်းစေခြင်း၊
(ခ) အရစ်ကျစနစ်ဖြင့် ပေးသွင်းလိုသူများအား (၆)လ (၆)ရစ်ဖြင့် ပေးသွင်း စေခြင်း၊
(ဂ) ဘဏ်ချေးငွေစနစ်ဖြင့် ပေးသွင်းလိုသူများအား နေပြည်တော်ဖွံ့ဖြိုးရေး ဘဏ်နှင့် ဆက်သွယ်၍ (၃နှစ်/ ၅နှစ်/ ၇နှစ်/ ၁၀နှစ်)ဖြင့် ပေးသွင်း စေခြင်း။

၃။ သုခတော်ဝင်အိမ်ရာတွင် ကျန်ရှိသောတိုက်ခန်းများအား ဦးရာလူစနစ်ဖြင့် ရောင်းချမည်ဖြစ်၍ ပြည်ထောင်စုမြန်မာနိုင်ငံသား မည်သူမဆို လွတ်လပ်စွာ ဝယ်ယူ နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

၄။ လျှောက်ထားလိုသူများသည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ Website လိပ်စာ www.nptdc.gov.mm နှင့် Facebook Page ဖြစ်သည့် NPTDC Webportal တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များအား အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်း လျှောက်ထားနိုင်ပါသည်-

(၁) သုခတော်ဝင်အိမ်ရာ စိစစ်နေရာချထားရေးဆပ်ကော်မတီ
( ၀၆၇ - ၈၁၀၈၂၄၂၊ ၀၆၇ - ၃၄၁၄၆၁၇ )
(၂) ဘဏ်ချေးငွေဖြင့် ဝယ်ယူလိုပါက နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက်
( ၀၆၇ - ၃၄၃၂၇၃၈၊ ၀၆၇ - ၃၄၃၂၇၃၉ )

**(သုခတော်ဝင်အိမ်ရာ စိစစ်နေရာချထားရေးဆပ်ကော်မတီ)**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊
## သာသနာရေးဦးစီးဌာန
## ရုံးအမှတ် (၃၁)၊ နေပြည်တော်
## လျှောက်လွှာပြင်ဆင်ခေါ်ယူခြင်း

၁။သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန၊ သာသနာရေးဦးစီးဌာနတွင် လစ်လပ် လျက်ရှိသော ဒုတိယဦးစီးမှူးနှင့်အဆင့်တူ (လစာနှုန်းကျပ်၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး ၁၅ နေရာအတွက် အောက်ဖော်ပြပါသတ်မှတ်အရည်အချင်းများနှင့်ပြည့်စုံသူ များ ထပ်မံလျှောက်ထားနိုင်ပါသည်-

(က) စာရင်းကိုင်-၂ ရာထူးအတွက် (အမျိုးသား/အမျိုးသမီး) ၆ နေရာ
(၁) ဝါဏိဇ္ဇဗေဒဘွဲ့ (B.Com)
(၂) စီးပွားရေးပညာဘွဲ့ (စာရင်းအင်း) B.Econ (Statistics)
(၃) စီးပွားရေးပညာဘွဲ့ (ဘောဂဗေဒ) B.Econ (Economics)
(၄) စာရင်းကိုင်ပညာဘွဲ့ (B.Act)
(၅) စီးပွားရေးလုပ်ငန်းစီမံခန့်ခွဲမှုဘွဲ့ (B.B.A)
(၆) အင်္ဂလိပ်စာအသင့်အတင့်တတ်ကျွမ်းပြီး ကွန်ပျူတာအသင့်အတင့် အသုံးပြုနိုင်သူဖြစ်ရမည်၊
(၇) ၃၁-၃-၂၀၂၁ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၂၅) နှစ်နှင့် ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက အသက် (၃၀) နှစ်ထက် မကြီးသူဖြစ်ရ မည်။

(ဂ) ပုံနှိပ်ကျွမ်းကျင်-၂ (စာပြင်) (အမျိုးသား) ၉ နေရာ
(၁) ဓမ္မာစရိယဘွဲ့ ၄ မျိုးအနက် ဘွဲ့တစ်မျိုးမျိုးရရှိသူများ၊ ၉ ဦး
(၂) ပါဠိတော်၊ အဋ္ဌကထာကျွမ်းကျင်သူများဖြစ်ရမည်၊
(၃) ၃၁-၃-၂၀၂၁ ရက်နေ့တွင် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက အသက် (၃၂) နှစ်နှင့် ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက အသက် (၃၅) နှစ်ထက် မကြီးသူဖြစ်ရ မည်။

၂။ လျှောက်ထားသူများသည်-
(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်၊
(ခ) ကျန်းမာရေးကောင်းမွန်ပြီး ဒေသမရွေးတာဝန်ထမ်းဆောင်နိုင်ရမည်၊
(ဂ) ဘာသာရေး၊ သာသနာရေးဆိုင်ရာလုပ်ငန်းများ စိတ်ပါဝင်စားသူဖြစ်ရ မည်၊
(ဃ) ဝင်ခွင့်လျှောက်လွှာပုံစံများကို ဌာန၏ Website ဖြစ်သော www.dra.gov.mm တွင် download ရယူနိုင်ပြီး စာရွက်စာတမ်းအထောက်အထားများပူးတွဲ လျက် စာတိုက်မှဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ၉-၄-၂၀၂၁ ရက်နေ့(သောကြာ နေ့) ရုံးချိန်အရောက် နောက်ဆုံးထား၍ ရုံးအမှတ် (၃၁)၊ နေပြည်တော်သို့ လိပ်မူ၍ ပေးပို့လျှောက်ထားရမည်။
(င) လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါစာရွက်စာတမ်းများ ပူးတွဲပါရှိရမည်-
(၁) စာမေးပွဲဝင်ကြေးငွေပေးသွင်းသည့် ချလန်မူရင်း၊
(၂) တစ်လအတွင်း ရိုက်ကူးထားသော ၁။ ပတ်လည် ဓာတ်ပုံ ၃ ပုံ၊ (နောက်ကျောတွင် အမည်နှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်ရေးရန်)
(၃) အခြေခံပညာအထက်တန်းအောင်လက်မှတ်မိတ္တူနှင့် ဘွဲ့လက်မှတ် မိတ္တူ (သို့မဟုတ်) ယာယီဘွဲ့ထောက်ခံစာမိတ္တူ၊ (မိတ္တူမှန်ကန်ကြောင်း လက်မှတ်ရေးထိုးရန်)
(မူရင်းအား လူတွေ့လာရောက်ဖြေဆိုသည့်အခါ ပြသနိုင်ရမည်)
(၄) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(၅) နိုင်ငံ့ဝန်ထမ်းမဟုတ်ပါက အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
(၆) ကျန်းမာကြောင်း ဆေးထောက်ခံချက်မူရင်း၊
(၇) ခန့်အပ်ခြင်းခံရပါက အနည်းဆုံး ၃ နှစ်တာဝန်ထမ်းဆောင်ရန် ဝန်ခံ ကတိပြုလက်မှတ်၊
(၈) အိမ်ထောင်စုလူဦးရေစာရင်းပုံစံ (၆၆/၆) မိတ္တူ၊
(၉) ပြင်ပပုဂ္ဂိုလ်များသည် ၂၈-၂-၂၀၂၁ ရက်နေ့နောက်ပိုင်း အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ထောက်ခံစာမူရင်း၊
(၁၀) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုစာမူရင်း။

၃။စာမေးပွဲဝင်ကြေး ကျပ် (၁၀၀၀/-) ကို မြန်မာ့စီးပွားရေးဘဏ်၊ နေပြည်တော်၊ ငွေစာရင်းအမှတ်၊ MD- 010549၊ သာသနာရေးဦးစီးဌာနသို့ ပေးသွင်းရမည်။

၄။သတ်မှတ်ရက်ထက်ကျော်လွန်ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို (လုံးဝ) လုံးဝ ထည့်သွင်းလက်ခံစဉ်းစားပေးမည် မဟုတ်ပါ။

၅။ ရေးဖြေစာမေးပွဲကို မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတဘာသာရပ်များဖြင့် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲ ကျင်းပပြုလုပ်မည့် ရက်စွဲ၊ အချိန်၊ နေရာနှင့် စာမေးပွဲဖြေဆိုရန် အတွက် ဖြေဆိုခွင့်ရရှိသူအမည်စာရင်းနှင့် ခုံအမှတ်တို့ကို သာသနာရေးဦးစီးဌာန၊ ရုံးအမှတ်(၃၁)၊ နေပြည်တော်(ကြော်ငြာသင်ပုန်း)နှင့် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန(သာသနာရေး) Website (www.mora.gov.mm)နှင့် (www.dra.gov.mm)တို့တွင် ကြေညာပေးသွားမည်ဖြစ်ပါသည်။

၆။အသေးစိတ်သိလိုပါက ရုံးအမှတ် (၃၁)၊ နေပြည်တော်၊ ဖုန်း-၀၆၇-၃၄၀၆၂၁ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**သာသနာရေးဦးစီးဌာန**

# COVID-19 ရောဂါ ခါတ်ခွဲအတည်ပြုလူနာသစ် ၂၃ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၄-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၃-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၄-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲ နမူနာ စုစုပေါင်း (၂,၀၃၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၂၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၂၈,၇၇၉) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၃၁၅) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၇၄) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် " ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကို တစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# ရန်ကုန်မြို့ပတ်ရထား အင်းစိန်- ရန်ကုန်- မင်္ဂလာဒုံ- အင်းစိန် ခရီးစဉ်ပြေးဆွဲ

**နေပြည်တော် မတ် ၂၄**

မြန်မာ့မီးရထားတွင် ပြေးဆွဲလျက်ရှိသော ရန်ကုန်မြို့ရှိ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ ပြေးဆွဲခြင်းလုပ်ငန်းကို အကြောင်းအမျိုးမျိုးကြောင့် ရပ်တန့်ထားခဲ့ရာမှ ယနေ့နံနက်ပိုင်းတွင် အင်းစိန်ဘူတာမှ လူစီးတွဲ (၅)တွဲပါ RBE ရထားတွဲဆိုင်းကို လက်ဝဲရစ်လမ်းကြောင်းအတိုင်း နံနက် ၈ နာရီ ၃၅ မိနစ်မှ စတင်ထွက်ခွာရာ ဘူတာစဉ်ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်ဘူတာကြီးသို့ နံနက် ၉ နာရီ မိနစ် ၅၀ တွင် ဆိုက်ရောက်ခဲ့သည်။

အဆိုပါ မြို့ပတ်ရထားတွဲဆိုင်းသည် ရန်ကုန်ဘူတာကြီးမှ နံနက် ၉ နာရီ ၅၅ မိနစ်တွင် ဆက်လက်ထွက်ခွာခဲ့ပြီး ဘူတာစဉ် ဖြတ်သန်းပြီးနောက် မင်္ဂလာဒုံဘူတာသို့ နံနက် ၁၁ နာရီ ၅ မိနစ်တွင် ရောက်ရှိ၍ ဆက်လက်ထွက်ခွာရာ အင်းစိန်ဘူတာသို့ နံနက် ၁၁ နာရီ မိနစ် ၅၀ တွင် ပြန်လည်ဆိုက်ရောက်ခဲ့သည်။

ဤသို့ ရထားပြန်လည်ပြေးဆွဲမှုဆောင်ရွက်စဉ်အတွင်း ကြို့ကုန်းဘူတာနှင့် သမိုင်းမြို့သစ် ဘူတာအကြား၊ သမိုင်းမြို့သစ်ဘူတာနှင့် သမိုင်းဘူတာအကြား၊ ကမာရွတ်ဘူတာနှင့် လှည်းတန်းဘူတာအကြား၊ ကမာရွတ်ဘူတာလမ်းကူး၊ ရွာမကျောင်းလမ်းဘူတာလမ်းကူး၊ ပုရွက်ဆိတ်ကုန်းဘူတာနှင့် ဥက္ကလာပဘူတာအကြား၊ အင်းစိန် DRC စက်ခေါင်းရုံဝင်းအတွင်းတို့တွင် ရထားပြေးဆွဲမှုကို အန္တရာယ်ဖြစ်စေနိုင်သည့် အဖျက်အမှောင့်များအဖြစ် ရထားပြေးလမ်းပေါ်သို့ ကွန်ကရစ်ဇလီဖားတုံးများ၊ ရထားသံလမ်းဟောင်းများ ကန့်လန့်ဖြတ်တင်ခြင်း၊ ကျောက်တုံး၊ ကျောက်ခဲများ တင်ထားခြင်း၊ သစ်လုံးများ ကန့်လန့်ဖြတ်တင်ထားခြင်းနှင့် ဘရိတ်သံဆူးကြိုးများ ပိတ်ဆို့ထားခြင်းစသည်တို့ကို ကြုံတွေ့ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဝိုင်းဝန်းဖယ်ရှားရှင်းလင်းဆောင်ရွက်ပေးခဲ့သဖြင့် **(အပေါ်ပုံ)** ရထားသည် ခရီးဆုံးဘူတာသို့ အောင်မြင်စွာ ပြေးဆွဲနိုင်ခဲ့သည်။

မသမာသူအကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားမှ သက်ဆိုင်ရာနယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြို့ပတ်ရထားခရီးစဉ်များကို မြန်မာ့မီးရထားက နေ့စဉ်ပုံမှန် ပြန်လည်ပြေးဆွဲနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## (၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၅**

(၇၆)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြ အခမ်းအနားကိုမတ် ၂၇ ရက်တွင် နေပြည်တော် စစ်ရေးပြကွင်း၌ ကျင်းပမည်ဖြစ်ရာ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၅ နာရီခွဲအချိန်မှ စတင်ပြီး မြန်မာ့ရုပ်မြင်သံကြား (MRTV) ၊ MITV ၊ မြဝတီရုပ်မြင်သံကြားနှင့် မြန်မာ့အသံ ရေဒီယိုအစီအစဉ်တို့မှ တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# နွေရာသီတွင် မန်ယူအသင်း ဇဟိုခံစစ်ကစားသမားနှစ်ဦး ခေါ်ယူဖွယ်ရှိ

မန်ယူအသင်းသည် စပိန်ကလပ် ဆီဗီလာအသင်းမှ အသက် (၂၂နှစ်) အရွယ် ကွန်ဒီနှင့် ဗီလာရီးရဲအသင်းမှ အသက် (၂၄နှစ်) အရွယ် ပါအူတောရက်စ်တို့ကို ခေါ်ယူရန် စောင့်ကြည့်လျက်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ မန်ယူအသင်းနည်းပြ ဆိုးလ်ရှားသည် အသင်းခေါင်းဆောင် မက်ဂွိုင်းယားနှင့် တွဲဖက်ကစားနိုင်ရန်အတွက် ယခုနှစ်နွေရာသီ အပြောင်းအရွှေ့ကာလတွင် ဇဟိုခံစစ်ကစားသမားနှစ်ဦးကို ဦးစားပေး ခေါ်ယူသွားရန် လုပ်ဆောင်ဖွယ်ရှိနေသောကြောင့် အဆိုပါ အပြောင်းအရွှေ့မှာ ဖြစ်မြောက်လာဖွယ် ရှိနေသည်။




မန်ယူအသင်းသည် အဆိုပါ ကစားသမားနှစ်ဦးအပြင် လက်စတာအသင်းမှ ဆိုယွန်ကူနှင့် ဘရိုက်တန်အသင်းမှ ဘင်ဝှိုက်တို့ကိုလည်း ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ဆီဗီလာဇဟိုခံစစ်ကစားသမား ကွန်ဒီသည် ယခုနှစ်ရာသီတွင် ပြိုင်ပွဲစုံ ၃၉ ပွဲ ပါဝင် ကစားထားပြီး သုံးဂိုးသွင်းယူပေးနိုင်သည်။ ဗီလာရီးရဲအသင်းမှ တောရက်စ်သည် ယခုနှစ်ရာသီတွင် ပြိုင်ပွဲအရပ်ရပ် ၁၉ ပွဲ သာပါဝင်ကစားထားပြီး နှစ်ဂိုးသွင်းယူပေးထားနိုင်သည်။ ကွန်ဒီနှင့် တောရက်စ်တို့ကို စပိန်နာမည်ကြီး ရီးရဲမက်ဒရစ်အသင်း အပါအဝင် ဥရောပအသင်းအများအပြားကလည်း ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။

မန်ယူအသင်းမှ ဘိုင်လီသည် ဗီလာရီးရဲအသင်းမှ ၂၀၁၆ ခုနှစ်တွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်ပြီး ယခုနှစ်ရာသီတွင် အသင်းအတွက်

စာမျက်နှာ ၂၇ ကော်လံ ၁ ◆